- စီးကရက်မီးညှိသည်ဟု မက်လျှင် အလုပ်အကြံသစ်များ စတင်ရမည်။ တစ်ဝက်ခန့် သောက်ထားလျက်ရှိသည်ဟု မက်လျှင် အလုပ်စီးပွား ရွှေ့ဆိုင်းထားရမည်။ ကုန်အောင်သောက်လိုက်သည်ဟု မက်လျှင် မျှော်လင့်ချက်များ ထမြောက်အောင်မြင်မည်။
- စုဆောင်းရရှိထားသော ငွေများ၊ ပစ္စည်းများ လှူဒါန်းနေသည်ဟု မက်ပါက မကြာမီ ခရီးရှည် သွားရမည်။ ကံကောင်းသောခရီး ဖြစ်သည်။
- စာမျက်နှာ တစ်စိတ်တစ်ပိုင်းကို မြင်မက်လျှင် ဂုဏ်သိက္ခာ တိုးတက်ပြီး အောင်မြင်မည်။
- စက်ဘီးစီးသည်ကို မြင်မက်ပါက ဝေးကွာသောအရပ်မှ မိတ်ဆွေ သူငယ်ချင်းများ မိမိထံ အလည်အပတ် ရောက်ရှိမည်။

○ စိတ်ကြည်နူး ကျေနပ်မှု ရရှိနေသည်ဟု မက်ပါက ဆင်းရဲခြင်း ကင်းဝေးပြီး အရာရာ အဆင်ပြေမည်။

○ စာကြည့်စားပွဲ ပိတ်ထားသည်ဟု မက်လျှင် မကောင်းသော သတင်းစကား ကြားရမည်။ ဖွင့်ထားသော စာကြည့်စားပွဲတွင် ထိုင်နေသည်ဟု မက်လျှင် တည်ငြိမ်အေးချမ်းမည်။

○ စိတ်ပျက်ဖွယ်ရာ ကောင်းသော မျှော်လင့်ချက် ကင်းမဲ့သော အခြေအနေတစ်ရပ်ကို မြင်မက်ပါက ဆန့်ကျင်ဘက် အဓိပ္ပာယ် ကောက်ယူရမည်။ မိမိအိမ်တွင်းရေး ပျော်ရွှင်ချမ်းမြေ့မည်။

○ စုံထောက်ကို မြင်မက်ပါက တစ်စုံတစ်ဦးက သူ၏ အရေးကြီးသော အမှားအယွင်းတစ်ခုကို ဖုံးကွယ်ထားသည်။ ဝန်ခံချက်ကို ကြားရလိမ့်မည်။

○ စိန်–ကျောက်ကို မြင်မက်ပါက အချို့က ကံမကောင်းဟု ဆိုကြသော်လည်း အချို့ကမူ စီးပွားရေး၊ ရောင်းဝယ်ဆက်ဆံရေးများတွင် ကံကောင်းလိမ့်မည်ဟု ဆိုသည်။

○ စုံတွဲသီချင်း တီးလုံးကို သီဆိုသည်ဟု မက်ပါက အချစ်ရေး အိမ်ထောင်ရေး ကံကောင်းမည်။ အိမ်တွင်းရေး ပျော်ရွှင်မည်။

○ စိတ်ကူးယဉ်နေသည်ဟု မက်ပါက ဝေးကွာသောအရပ်မှ သတင်းကောင်း ကြားရမည်။

○ စစ်တုရင် ကစားသည်ကို မက်ပါက ကုသိုလ်ကံ အတက်အကျ ရှိသည်ကို ရည်ညွှန်းသည်။ ကြီးကျယ်သော စီးပွားရေးလုပ်ငန်းများ မလုပ်သင့်ပါ။

○ စကားမပြောသောသူနှင့် တွေ့ခြင်း၊ မိမိကိုယ်တိုင် စကားမပြောနိုင်ဖြစ်ခြင်းကို မက်ပါက မကောင်းသောသင်္ကေတ ဖြစ်သည်။ မိမိအကြံအစည်ကို သူတစ်ပါးအား ထုတ်ဖော်မပြောပါနှင့်။

၁ ဇော့စပ်လက်စွပ် ဝတ်ဆင်ထားသည်ဟု မြင်မက်လျှင် ဇော့စပ်ပွဲ၊ မင်္ဂလာပွဲ အမြန်ကျင်းပရလိမ့်မည်။

၁ စက်ကိရိယာ၊ စက်ယန္တရား စသည်တို့ မြင်မက်ပါက မကောင်းသော သင်္ကေတဖြစ်သည်။ မဝေးတော့သော အနာဂတ်တွင် အခက်အခဲ တွေ့လိမ့်မည်။

၁ စိတ်ထဲတွင် လေးလေးနက်နက် အမှတ်တရ ဖြစ်နေသည်ဟု မက်ပါက အလုပ်အပြောင်းအလဲ ရှိသည်။ လက်ရှိအတိုင်း အတည်တကျနေမှ ကောင်းမည်။ မပြောင်းသင့်ပါ။

၁ စာအိတ်ကို ပိတ်ထားသည်ဟု မက်လျှင် အခက်အခဲများရှိမည်။ သို့သော် စာအိတ်ကို ဖွင့်၍ ထုတ်လိုက်သည်ဟု မက်ပါက မိမိ၏ စိတ်ပူပန်ရမှုများ ပြေပျောက်မည်။

၁ စိမ်းလန်းသောအပင်များကို မြင်မက်ပါက အချစ်ရေး အလွန်ကံကောင်းမည်။

၁ စာမေးပွဲသည် အလွန်ခက်ခဲသည်ဟု မက်ပါက မိမိ စီးပွားရေး လုပ်ငန်းများ စိုးရိမ်ဖွယ်ရာ အခြေအနေ ကြုံမည်။ အကယ်၍ စာမေးပွဲ ဖြေနိုင်သည်ဟု မက်ပါက ကံကောင်းမည်။ အဆင်ပြေမည်။

၁ စိတ်လှုပ်ရှားသည်။ စိတ်အားတက်ကြွသည်ဟု မက်ပါက အငြိ အစည်အအောင်မည်။

၁ စိုက်ပျိုးမွေးမြူရေး ခြံအလုပ်ကို မြင်မက်ပါက ကံကောင်းမည်။ ကိုယ့်တိုင် ကြိုးပမ်းအားထုတ်မှုများဖြင့် အောင်မြင်မည်။ အကယ်၍ စိုက်ပျိုးရေးခြံသို့ သွားရောက်လည်ပတ်သည်ဟု မက်ပါက ကျန်းမာရေး ကောင်းမည်။

၁ စားပွဲသောက်ပွဲကြီးကို မြင်မက်ပါက မဝေးတော့သော အနာဂတ်တွင် အကျပ်အတည်းများ ကြုံတွေ့တော့မည်။

ဂ စွမ်းဆောင်ချက် တစ်ခုခုသည် အလွန်တရာ ထူးချွန်ပြောင်မြောက်သည်ဟု မက်ပါက ကျရှုံးခြင်း၊ သိက္ခာကျခြင်း၊ အရှက်ကွဲခြင်းများ တွေ့ကြုံတော့မည်။

ဝ စေ့စပ်ထားသူကို မက်ပါက သဘောထား ကွဲလွဲမှုများ မကြာမီ ပြေလည်သွားမည်။

ဝ စာတွဲ၊ ဖိုင်တွဲများကို အသုံးပြုရသည်ဟု မက်ပါက မကြာမီ အလုပ်သစ် ရရှိမည်။

ဝ စည်းစိမ်ဥစ္စာ ရရှိသည်ဟု မက်ပါက ဆန့်ကျင်ဘက် အဓိပ္ပာယ်ကို ယူရမည်။ ဝင်ငွေများပြားစွာ ရရှိပြီး လုပ်ငန်းအောင်မြင်သည်ဟု မက်လျှင် မကောင်းသောသင်္ကေတ ဖြစ်သည်။

ဝ စုံတွဲအက ကရသည်ဟု မက်လျှင် အနာဂတ်တွင် တည်ငြိမ်ပျော်ရွှင်မှုများ ရမည်။

ဝ စုဆောင်းနေသည်ဟု မက်လျှင် မည်သည့်အရာကို စုဆောင်းသည်ဖြစ်ပါစေ အောင်မြင်ကြီးပွားမည်။

ဝ စိတ်သောက ရောက်ရသည်ဟု မက်ပါက ပျော်ရွှင်မည်။ အိမ်ထောင်ကျမည်။

ဝ စမ်းတဝါးဝါး ဖြစ်နေသည်ဟု မက်လျှင် စိတ်ညစ်စရာထက် ပျော်ရွှင်စရာက ပိုများမည်။ ချီးကျူးဂုဏ်ပြုခံရမည်။

စန္ဒရားတီးနေသည်။ တီးသံကြားရသည်ဟု မက်လျှင် ပျော်ရွှင်မည်။ အလေးအမြတ်ထားရသော ပွဲမျိုးတွင် ဖိတ်ကြားခံရမည်။

ဖ စောင်ကိုမက်လျှင် အသစ်လက်ခံ ရရှိပါက အရာရာ အဆင်ပြေတိုးတက်မည်။

ဝ စည်းဝါးကိုက်သည်ဟု မြင်မက်လျှင် ကံကောင်းမည်။

ဝ စောင်းတီးသည်ဟု မြင်မက်လျှင် အခြားတူရိယာများ တီးခတ်သကဲ့သို့ပင် ကံကောင်းသော သင်္ကေတဖြစ်သည်။

- စည်ပိုင်းပတ်ထားသောခွေကို မြင်မက်လျှင် ကံကောင်းသည်။
- ဂိုက်မနံ့ခြင်း၊ စိတ္တဇဖြစ်ခြင်းကို မြင်မက်လျှင် အကြံအစည် အောင်မြင်မည်။
- စံပယ်ပန်းကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
- စွန့်ပစ်သွားသည်ဟု မက်လျှင် ချစ်သူက စွန့်ပစ်သည်ဖြစ်စေ၊ အိမ်ထောင်ဘက်က စွန့်ပစ်သည်ဖြစ်စေ၊ အိမ်ထောင်ရေးဘဝ သာယာပျော်ရွှင်မည်။
- စောင့်ကြပ်သူ၊ အစောင့်စသည်ကို မြင်မက်ပါက အချစ်ရေးတွင် ပြိုင်ဘက်က ဝင်ရောက်နေရာယူခြင်း ကြုံမည်။
- စည်ဘီယာထဲတွင် အရည်များ ပြည့်နေသည်ဟု မက်ပါက မကောင်းသောနိမိတ် ဖြစ်သည်။ စည့်ထဲတွင် ဘာမှမရှိလျှင် ကံကောင်းသည်။
- စွန်သည် မိုးပေါ်တွင် ပျံသန်းနေသည်ဟု မက်လျှင် အောင်မြင်မည်။ ပို၍ မြင့်မြင့်ပျံသန်းလေ ပို၍ အောင်မြင်လေဖြစ်မည်။
- စာရင်းစာအုပ်၊ လယ်ဂျာစာအုပ်ကို မြင်မက်လျှင် အဆင်မပြေ၊ မျက်နှာပန်းမလှ ဖြစ်မည်။
- စာတစ်စောင် လက်ခံရရှိသည်ဟု မက်လျှင် မမျှော်လင့်သော သတင်းစကား ကြားရမည်။ မိမိက စာပို့လိုက်သည်ဟု မက်လျှင် မမျှော်လင့်သော အခက်အခဲကြုံမည်။ ဆုံးရှုံးမှု မများသော်လည်း အကြံအစည်ပျက်မည်။
- စကားမပီဘဲ ပြောဆိုနေသံ ကြားရသည်ဟု မက်ပါက သူငယ်ချင်းဖြစ်သူ၏ မရိုးသားခြင်း၊ ရန်လိုရန်စခြင်းများ ကြုံမည်။
- စိတ္တဇဆေးရုံကို မြင်မက်လျှင် မတူခြားနားသော ပတ်ဝန်းကျင်မှ အံ့အားသင့်စရာ သတင်းစကား ကြားရမည်။

၀ စက္ကူတိရိယာများဖြင့် ကြိုးစားပြီး အလုပ်လုပ်နေသည်ဟု မက်လျှင် ကံကောင်းမည်။ သို့သော် စက်ကိရိယာများကို ကြောက်ရွံ့နေသည်ဟု မက်လျှင် မိမိ ရည်ရွယ်ချက်များ ပျောက်ဆုံးပြီး သေချာပေါက် ကျရှုံးမည်။

၀ စွန်ပလွန်သီး၊ စွန်ပလွန်ပင် စသည်ကို မြင်မက်လျှင် အေးချမ်းမည်။ အကြံအစည် အောင်မည်။

၀ စိတ်မနှံ့ခြင်း၊ ရူးသွပ်ခြင်း မိမိကိုယ်တိုင် ဖြစ်နေသည်ဟု မြင်မက်လျှင် ကံကောင်းမည်။ နာမကျန်းဖြစ်နေသူများ၊ စီးပွားရေး သမားများ၊ ချစ်သူများအတွက် အလွန်ကောင်းသော အိပ်မက် ဖြစ်သည်။

၀ စုတ်ပြတ်ကွဲပြဲသွားသည်ဟု မက်လျှင် ဆွေမျိုးများက ခွဲခြားနိုင် ဆက်ဆံပြီး သူငယ်ချင်းကောင်း အထောက်အကူပြုမည်။

၀ စိတ်အားငယ်ခြင်းဖြစ်သည်ဟု မက်လျှင် အရာရာ အဆင်ပြေမည်။

၀ စုတ်ပြဲ၊ ဖာထေးထားသော အဝတ်အစားကို မက်လျှင် နိမ့်ပါး နှံချာသော အခြေအနေမျိုး ကြုံတွေ့မည်။

၀ စိတ်ညှိုးခံရသည်ဟု မက်လျှင် ယုံကြည်မှုကို သစ္စာဖောက်ခြင်း ခံရမည်။

၀ စိတ်တန်ခိုးရှိသကဲ့သို့ မြင်မက်လျှင် မိမိ စိတ်အာရုံတွင် ကျ တစ်လွှားရှိ ထူးခြားသော ဖြစ်ရပ်များ နိမိတ်ပေါ်မည်။

၀ စက်ရုံထဲတွင် အလုပ်များပြား ပြည့်ကျပ်နေသည်ဟု မက်လျှင် အရေးကြီးသော အပြောင်းအလဲ ဖြစ်ပေါ်မည်။ အလုပ်မရှိသော စက်ရုံကို မက်လျှင် ဆုံးရှုံးမှု ကြုံတွေ့မည်။

□

## ဆ

၁ ဆံပင်ညှပ်သမား၊ ဆံပင်ညှပ်ဆိုင် စသည်ကို မက်ပါက မိမိ၏ အလုပ်ကိစ္စများ ခက်ခဲမည်။

၁ ဆရာဝန်ကို မြင်မက်ပါက ငွေကြေးဆိုင်ရာ ကိစ္စများ အဆင်ပြေ ကံကောင်းမည်။

၁ ဆံပင်ကို ဆေးဆိုးသည်ဟု မက်ပါက မိမိ၏ မိုက်မဲသော လုပ်ရပ်များအတွက် ထိခိုက်နာကျင် ခံစားရမည်။

၁ ဆင်ကို မြင်မက်ပါက မိတ်ဆွေ (သို့မဟုတ်) ပြင်ပမှ အကူအညီ ရမည်။

၁ ဆင့်ခြေပေး၊ အကြောင်းပြနေသည်ဟု မက်လျှင် မကောင်း၊ မိမိ၏ မိုက်မဲမှုကြောင့် ဆုံးရှုံးမှုများ ခံစားရမည်။

၁ ဆံပင်ကို မြင်မက်လျှင် အောင်မြင်မှုများ ပိုမို တိုးပွားရရှိမည်။ သို့သော် ဆံပင်ကျွတ်သည်ဟု မက်လျှင်မကောင်း၊ အရာရာ သတိထားရမည်။ စိုးရိမ်ပူပန်ရမည်။

၁ ဆံညှပ် (ကလစ်) ကို မက်လျှင် သစ်လွင်ပျော်ရွှင်ဖွယ် နေရာသို့ အလည်သွားရမည်။

- ဆန်မှုန့်ကို ဝယ်သည်ဖြစ်စေ၊ သုံးသည်ဖြစ်စေ မက်ပါက ကံကောင်းသည်။
- ဆလတ်ရွက်ကို မြင်မက်လျှင် အခက်အခဲ တွေ့သော်လည်း အောင်မြင်မည်။
- ဆင်းရဲခက်ခဲမှုများ ခံစားရသည်ဟု မြင်မက်ပါက မိမိတွေ့ကြုံနေရသော အခက်အခဲများ အချိန်တိုအတွင်း ပြေလည်သွားမည်။
- ဆဲရေးတိုင်းထွာခြင်း ခံရသည်ဟု မက်ပါက မကောင်းပါ။ မိမိက အခြားသူအား ဆဲရေးသည်ဟု မက်လျှင် အောင်မြင်မည်။
- ဆာလောင်မွတ်သိပ်သည်ဟု မက်ပါက မကောင်းပါ၊ ကျန်းမာရေး ထိခိုက်မည်။
- ဆေးလိပ်ပြာကို မြင်မက်ပါက ကံမကောင်းပါ၊ ဆုံးရှုံးမှုများမည်။
- ဆောင်းဦးရာသီကို မြင်မက်ပါက မကောင်း၊ မိမိပတ်ဝန်းကျင်တွင် ရန်သူပေါ်များမည်။
- ဆီးနှင်း ရေခဲပုကို မြင်မက်ပါက အံ့အားသင့်လောက်အောင် ကံအကျိုးပေးမှု ကြုံမည်။
- ဆူးသီးမည်းအပင်များကို မြင်မက်ပါက မကောင်း၊ မနှစ်မြို့ဖွယ်ရာ နိမိတ်ဖြစ်သည်။
- ဆူး၊ ချုံ စသည်ကို မက်လျှင် အခက်အခဲ အတားအဆီးများ ရင်ဆိုင်ရမည်။ အကယ်၍ ဆူးချုံများကို တွန်းဖယ်ပစ်လိုက်သည်ဟု မက်လျှင် အခက်အခဲများ အောင်မြင်စွာ ကျော်လွှားသွားနိုင်မည်။ ထိုချုံရိုင်းများကို ဆူးနှင့်ထိုးသည်ဟု မက်လျှင် တိတ်တဆိတ် ရန်ပြုခြင်း ခံရမည်။ ရှင်းလင်းဖယ်ရှားစဉ် သွေးထွက်သွားသည်ဟု မက်ပါက စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးမည်။
- ဆူးပန်းပင်၊ ဆူးပန်းရွက် စသည်ကို မြင်မက်လျှင် ကံကောင်းခြင်းများ ရရှိမည်။ အမိအဖ ဆုပ်ကိုင်ပါ။

၁ ဆိပ်ကမ်းကို မြင်မက်လျှင် ပျော်ရွှင်မှုရမည်။
၁ ဆေးရုံကို မြင်မက်လျှင် အလွန်ကံဆိုးသည်။ ကျန်းမာရေး ညံ့သည်။
၁ ဆင်းရဲမွဲတေသည်ဟု မက်လျှင် ကံကောင်းသည်။ အမျိုးသမီးဖြစ်ပါက အမွေအနှစ်ရရှိပြီး ချမ်းသာမည်။ အမျိုးသားဖြစ်ပါက ဝင်ငွေကောင်းသော အလုပ်အကိုင်ရရှိမည်။
၁ ဆင်စွယ်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
၁ ဆော်လမွန်ငါးကို မြင်မက်လျှင် မိသားစုအခက်အခဲကြုံမည်။
၁ ဆားကို မြင်မက်လျှင် အဆင်ပြေ ကံကောင်းမည့် သင်္ကေတဖြစ်သည်။
၁ ဆန္ဒင်း၊ နန္ဒင်းပင်ကို မြင်မက်လျှင် ကံကောင်းသောနိမိတ် ဖြစ်သည်။
၁ ဆိုးသွမ်းသိက္ခာမရှိသူကို မက်လျှင် အခက်အခဲတွေ့မည်။ ခိုက်ရန် ဖြစ်ပွားမည်။
၁ ဆုတံဆိပ် လက်ခံရရှိသည်ဟု မက်လျှင် မကြာမီ အိမ်ထောင်ကျမည်။
၁ ဆေးဝါးများ ယူဆောင်လာသည်ဟု မက်လျှင် မိမိ၏ ကြိုးပမ်းအားထုတ်မှုကြောင့် အခက်အခဲများကို အောင်မြင်မည်။
၁ ဆူပူကြိမ်းမောင်းခံရသည်ဟု မက်လျှင် စိတ်ကျေနပ်ဖွယ်ရာ သတင်းစကားများ ရရှိမည်။ မည်သူ့ကိုမှ ယုံကြည်မှုမရှိပါနှင့်။
၁ ဆေးပြင်းလိပ်သောက်ရသည်ဟု မက်လျှင် အောင်မြင်မည်။ ကံကောင်းမည်။
၁ ဆပ်ကပ်၊ ဆပ်ကပ်အဖွဲ့ကို မြင်မက်ပါက မိမိ၏ သတိမထားမိသော အမှားအယွင်းကြောင့် စိတ်ညစ်ရမည်။

ဝ ဆွေးနွေးတိုင်ပင်မှုများ ပြုလုပ်နေသည်ဟု မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။
ဝ ဆွဲကြိုး လည်ပင်းတွင် ဆွဲထားသည်ဟု မက်လျှင် အလွန်ကောင်းသည်။ ဆွဲကြိုးပြတ်သွားသည်ဟု မက်လျှင် အိမ်ထောင်ရေးတွင် ခိုက်ရန်ဖြစ်ပွားမှုနှင့် စိတ်ညစ်စရာများ ကြုံတွေ့မည်။
ဝ ဆူညံသောအသံများ ကြားရသည်ဟု မက်ပါက ဆွေမျိုးများ၊ သူငယ်ချင်းများနှင့် ရန်ဖြစ်ရမည်။
ဝ ဆီ၊ ဟင်းချက်ဆီ အသုံးပြုချက်ပြုတ်သည်ကို မြင်မက်လျှင် ကံမကောင်းသောနိမိတ် ဖြစ်သည်။
ဝ ဆေးခြယ်နေသည်ဟု မြင်မက်လျှင် မိသားစုတွင် စိတ်ရောကိုယ်ပါ ပင်ပန်းမည်။
ဝ ဆေးလုံး၊ ဆေးပြားကို မြင်မက်လျှင် ပျော်ရွှင်ဖျော်ဖြေရာ ခရီးသွားရမည်။
ဝ ဆုတောင်းရှိခိုးနေသည်ဟု မက်လျှင် ကံကောင်းသည်။
ဝ ဆု၊ ဆုဘုံဆိပ် ရရှိသည်ဟု မက်ပါက အနည်းငယ် ဆုံးရှုံးမှု ကြုံတွေ့မည်။
ဝ ဆရာဝန် အတုအယောင်က မိမိကို ကုသပေးနေသည်ဟု မက်လျှင် ကံမကောင်း အနှောင့်အယှက်များ သတိထားရမည်။
ဝ ဆုရရှိသည်၊ ဆုချသည်ဟု မြင်မက်လျှင် မိမိယုံကြည်မှု ပျက်ယွင်းပြီး အကြံအစည် ပျက်မည်။
ဝ ဆပ်ပြာကို မြင်မက်လျှင် ပဟေဠိကဲ့သို့ မမျှော်လင့်ထားသော အခက်အခဲကြုံမည်။
ဝ ဆန်ကို မြင်မက်လျှင် အားနည်းသော အကြံပေးချက်များကြောင့် မိမိ ရည်ရွယ်ချက်များ ထိခိုက်မည် အထူးသတိထားရမည်။

- ဆန်ကာ၊ ဆန်ကာတိုက်သည်ဟု မက်လျှင် အခွင့်အရေးများ ဆုံးရှုံးမည်။
- ဆုံးမစကား နားကြားရသည်ဟု မက်ပါက အားနည်းပြီး ကိုယ်လက်မအီမသာ ဖြစ်မည်။
- ဆံပင်ရိတ်သည်ကို မြင်မက်လျှင် အခက်အခဲကြုံမည်။ ယုံကြည်ရသူကို ငွေချေးပါက ဆုံးရှုံးမည်။
- ဆေးလိပ်မီးခိုး၊ ဆေးဂါးပ်သောက်သည်ဟု မက်ပါက လက်ရှိလုပ်ငန်းတချို့ အောင်မြင်မည်။ သို့သော် ဆေးလိပ်မီးခိုး ပို၍ များပြားလေ၊ ပိုစိတ်ညစ်ရလေ ဖြစ်သည်။
- ဆေးရွက်ကြီးကို မြင်မက်လျှင် ဘဏ္ဍာရေး အကျပ်အတည်းဖြစ်မည်။
- ဆံပင်တုကို မြင်မက်လျှင် မိမိကို ချစ်ရေးဆိုသူ နှစ်ဦးရှိမည့်ထဲက အသားမည်းသူက မိမိကို အချစ်ဆုံးဖြစ်မည်။
- ဆီးနှင်းများဖြင့် ဆောင်းရာသီ ရှုခင်းကို မြင်မက်လျှင် ပြည့်စုံကြွယ်ဝမည်။
- ဆိတ်ကို မြင်မက်လျှင် ဒုက္ခအနည်းငယ်တွေ့မည်။ သို့သော် ရဲဝံ့စွာ ရင်ဆိုင်ဖြေရှင်းနိုင်မည်။

ဈ

၄

၁။ ဇကာ၊ ခြင်လုံဇကာ စသည်ကိုမက်လျှင် စိတ်အနှောင့်အယှ
ကြုံတွေ့မည်။

၂။ ဇာဟာ၊ ဇာတာခွင်ကို မြင်မက်လျှင် စိတ်ဓာတ်ခွန်အား သန်မ
ကြံ့ခိုင်မည်။

၃။ ဇာပဝါပါးကို မြင်မက်လျှင် မိမိ ခံစားမှုများ ထုတ်ဖော်ခွင့်မ
ဖုံးကွယ်ထားရမည်။

၄။ ဇာတိပ္ပိုလ်သီးကို မြင်မက်လျှင် မိမိ စီးပွားရေးလုပ်ငန်းမျ
နိုင်ငံရပ်ခြားအထိ ချဲ့ထွင်နိုင်မည်။

၅။ ဇာပန်းထိုးသည်ကို မြင်မက်ပါက မိမိပတ်ဝန်းကျင်တွင် အ
အနေ ကောင်းများ ပေါ်ပေါက်မည်။

၆။ ဇာများဖြင့် တန်ဆာဆင်ထားသော အမျိုးကို မြင်မက်လျှင် အခ
အခဲကြုံမည်။

၇။ ဇင်ယော်ငှက်ကို မြင်မက်ပါက ကောင်းသော သတင်းစကားကြ
ရမည်။

၁ ဓာတ်ခုံ ကန့်လန့်ကာကို မြင်မက်ပါက မိမိယုံကြည်ရသူက သစ္စာမဲ့မည်။ ဓာတ်ခုံပေါ်တွင် ကန့်လန့်ကာကို ဆွဲသည်ဟု မက်ပါက ယခုအချိန်သည် အထူးသတိထားရမည့်အချိန် ဖြစ်သည်။

၁ ဓိမ်ခံပစ္စည်းများပြားစွာ ရှိသည်ဟု မက်လျှင် အခက်အခဲ ကြီးမားလိမ့်မည်။

၁ ဓိမ်ခံသူကို မြင်မက်ပါက နေမကောင်းဖြစ်မည်။

၁ ဓီးသီးကို မြင်မက်လျှင် ကောင်းသောအိပ်မက် ဖြစ်သော်လည်း ဓီးသီးစိမ်းကို မက်လျှင် အကြံအစည်ပျက်မည်။ ကြွေကျနေသော ဓီးသီးကို ကောက်သည်ဟု မက်ပါက အပြောင်းအလဲကြုံမည်။ ဓီးသီးခြောက်ကို မက်ပါက အခက်အခဲတွေ့မည်။

၁ ဓာတ်ရုံ၊ ပြဓာတ်ရုံကို မြင်မက်ပါက ငွေကြေးဆုံးရှုံးမည်။ သစ္စာဖောက်ခြင်း ခံရမည်။

၁ ဓာဇ်တိုက်နေသည်ကို မြင်မက်လျှင် အခက်အခဲကြုံမည်။

၁ ဓီးကွက်ကို မြင်မက်လျှင် အခက်အခဲ ကြုံရလိမ့်မည်။ သို့သော် ထိုအခက်အခဲသည် မကြာရှည်ပါ။

❐

## ၅၂

○ ဈေးဆိုင်ကို မြင်မက်ပါက မိမိ ကြိုးစားမှုဖြင့် ချမ်းသာကြွယ်ဝ
မည်။

○ ဈေးထဲတွင် အလုပ်လုပ်နေသည်ဖြစ်စေ၊ ပစ္စည်းဝယ်နေသည်
ဖြစ်စေမက်ပါက ကံကောင်းပြီး ပတ်ဝန်းကျင်နှင့် အဆင်ပြေမည်
ဈေးသည့် ပျင်းရိခြောက်သွေ့ဖွယ် ဖြစ်နေလျှင် အခွင့်အရေးမျ
ဆုံးရှုံးမည်။ ဈေးထဲတွင် ဘာမှမရှိဘဲ ဟာလာဟင်းလင်းဖြစ်
လျှင် ဒုက္ခအခက်အခဲ ကြုံမည်။

○ ဈေးပွဲတော်မှ လက်ဆောင်ပစ္စည်းရရှိသည်ဟု မက်ပါက
မကောင်းသောနိမိတ် ဖြစ်သည်။ စီးပွားရေးလုပ်ငန်းကိစ္စမျ
အပြိုင်အဆိုင် မပြုလုပ်သင့်ပါ။

○ ဈေးလည်ရောင်းသူကို မက်လျှင် လိမ်ညာလှည့်စားသော အ
အပေါင်းများနှင့် တွေ့မည်။

□

# ည

၁ ညနေခင်းကို မြင်မက်ပါက မိမိဘဝအတွက် အောင်မြင်မှုများ ရရှိတော့မည်။ ယခင်က စိုးရိမ်ပူပန်ခဲ့ရသည်များ ပျောက်ရှင်းစွာ အဆုံးသတ်လိမ့်မည်။

၁ ညစာကို အစားအသောက်စုံလင် ကောင်းမွန်စွာ စားသောက်ရသည်ဟု မက်ပါက အခက်အခဲ ပို၍ ကြီးမားစွာ ကြုံတွေ့မည်။

၁ ညဘက်၊ ညပိုင်း မှောင်မဲနေသည်ဟု မက်လျှင် မကောင်းသော နိမိတ်ဖြစ်သည်။ ထိုအမှောင်ထဲတွင် အလင်းရောင်ကို မြင်ရသည်ဟု မက်လျှင် ဆိုးဝါးမှုများမှ ကာကွယ်နိုင်မည်။

၁ ညအိပ် ဦးထုပ်ပျော့ကို မြင်မက်လျှင် မလိုမုန်းထားမှုများ မမျှော်လင့်ဘဲ ပေါ်ပေါက်မည်။

၁ ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ရသည်ဟု မက်ပါက မိမိယုံကြည်ချက်များ ထိခိုက်ခံရမည်။

၁ ညည်းညူသံများ ကြားရသည်ဟု မက်ပါက ကံဆိုးမည်။

- ညှန်ကြားမှုကို လက်ခံရသည်။ သို့မဟုတ် မိမိက တခြားသူကို ညွှန်ကြားသည် စသဖြင့် မက်ပါက သူငယ်ချင်းများ၏ ကူညီမှုဖြင့် မိမိဆန္ဒရှိသည်များ အောင်မြင်မည်။
- ညီမ၊ ညီ စသည်ကို မြင်မက်လျှင် ကျန်းမာအသက်ရှည်မည်။
- ငြူစူ စောင်းမြောင်းခံရသည်ဟု မက်လျှင် မိမိ အကြံအစည် အောင်မည်။

❐

# တ

၁ တက္ကစီ အငှားယာဉ်ကို မြင်မက်လျှင် အလောတကြီးနိုင်သော သတင်းစကားများ ရောက်ရှိမည်။ သတင်းမှားများကို ရှောင်ကြဉ်ပါ။

၁ တယောသံ ကြားရသည်ဟု မက်လျှင် အိမ်တွင်းရေး ပျော်ရွှင်မည်။ တယောကြိုးပြတ်သွားသည်ဟု မက်ပါက ခိုက်ရန်ဖြစ်ပွားမည်။

၁ တယောထိုးသည်ဟု မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။ အောင်မြင်မည်။

၁ တဘက် (ခြုံစောင်) ကို မြင်မက်လျှင် တစ်စုံတစ်ဦးထံမှ လေးနက်သော ချစ်ခင်မြတ်နိုးမှုရမည်။

၁ တရားဟော ဓမ္မကထိကကို မြင်မက်လျှင် အကြံအစည် အောင်မည်။

၁ တရားမျှတစွာ ပြုလုပ်ဆောင်ရွက်သည်ဟု မြင်မက်ပါက အောင်မြင်မှုများ ရရှိမည်။

- ○ တစ္ဆေ၊ သရဲကို မြင်မက်ပါက ကံမကောင်း၊ အခက်အခဲတွေ့မည်။ အကယ်၍ မိမိက မြင်တွေ့သော်လည်း မကြောက်လန့်ဘဲ ရှိသည်ဟု မက်လျှင် အခက်အခဲများ ကျော်လွှားနိုင်မည်။
- ○ တရားသူကြီးကို မြင်မက်လျှင် ဒုက္ခအခက်အခဲများနှင့် ရင်ဆိုင်ရသော်လည်း အမြန်လွတ်မြောက်သွားလိမ့်မည်။
- ○ တရားရုံး အဖွဲ့ဝင်၊ တရားသူကြီးအဖွဲ့ဝင် တစ်ယောက်အဖြစ် မိမိကိုယ်ကို မြင်မက်လျှင် ကံဆိုးမည်။ တရားရုံးတွင် မြင်တွေ့ရုံမျှသာ မြင်မက်လျှင် အခက်အခဲများ ကျော်လွှားနိုင်မည်။
- ○ တံဆိပ် အမှတ်အသားတစ်ခုခုကို မြင်မက်လျှင် အံ့အားသင့်စရာများ ကြုံတွေ့မည်။
- ○ တရုတ်ကြက်သွန်ကို မြင်မက်ပါက မိမိ အလုပ်တာဝန်များကို ဇွဲရှိစွာဖြင့် စွဲစွဲမြဲမြဲ ပြုလုပ်ပါမှ အောင်မြင်မှုရမည်။
- ○ တရားသူကြီးတစ်ဦးအဖြစ် မိမိကိုယ်ကို မြင်မက်လျှင် ရာဇဝတ်မှုတစ်ခုခုနှင့် ပတ်သက်ပြီး တရားစီရင်ခံရမည်။ ထိုသို့ တရားစီရင်ခံရပါက ကုသိုလ်ကံ မျက်နှာသာမပေး လွဲချော်ခြင်းဖြစ်မည်။
- ○ တံလျှပ်ကို မြင်မက်လျှင် ယုံကြည်စိတ်ချရသော သူငယ်ချင်းတစ်ဦး ဆုံးရှုံးမည်။
- ○ တံမြက်စည်းကို မြင်မက်လျှင် အခက်အခဲများကို ရှောင်ရှားရန် သတိရှိရမည်။
- ○ တစ်နေရာမှ တစ်နေရာသို့ ရွှေ့လျားသည်ဟု မက်လျှင် ကံမကောင်း၊ မရွှေ့လျားဘဲ စွဲစွဲမြဲမြဲ တည်ရှိသည်ဟု မက်လျှင် အရာရာ အဆင်ပြေမည်။
- ○ တရုတ်နံ့နံ့ကို မြင်မက်လျှင် မိမိ၏ ကြိုးစားမှုကြောင့် အောင်မြင်မှုများ ရရှိမည်။

၁ တရားဟောစင်မြင့်ကို မြင်မက်လျှင် မည်သည့်အရာမှ အဆင် မပြေနိုင်ပါ။ မလိုလားအပ်သော အခက်တွေ့စေနိုင်သော အိပ်မက် မျိုး ဖြစ်သည်။

၁ တံဆိပ်တုံးရိုက်သည်ဟု မက်လျှင် တရားဥပဒေနှင့် ပတ်သက် သော ကိစ္စများအတွက် စိတ်အနှောင့်အယှက် ဖြစ်ရမည်။

၁ တံဆိပ်ခေါင်းကို မက်လျှင် အဆင့်မြင့်ရာထူးရှိသူ တစ်ဦးနှင့် ပူးပေါင်းလုပ်ဆောင်၍ အကျိုးအမြတ်များ ရရှိမည်။

၁ တစ်ဦးတည်း၊ တစ်ယောက်တည်း ဖြစ်နေသည်ဟု မက်လျှင် အတင်းအဖျင်းများ၊ မနာလိုမှုများကြောင့် စိုးရိမ်ပူပန်ရမည်။

၁ တစ်ယောက်စီး လှေငယ်ဖြင့် အေးဆေးညင်သာစွာ လှော်ခတ် ပြီး မိမိသူငယ်ချင်း စီးနေသည်ဟု မက်လျှင် ထိုသူငယ်ချင်းက မိမိအား များစွာ အထောက်အကူပြုမည်။ ခက်ခဲစွာ လှော်ခတ် နေသည်ကို တွေ့ရသည်ဟု မက်လျှင် ထိုသူစီးပွားရေး ကျရှုံး မည်။ မိမိကိုယ်တိုင် လှော်ခတ်နေသည်ဟု မက်လျှင် အကျိုးစီးပွား ပြည့်စုံမည်။

၁ တမ်းတမ်းတတ ဖြစ်နေသည်ဟု မက်လျှင် မိတ်ဆွေသူငယ်ချင်း ဟောင်းများနှင့် ပြန်လည်သင့်မြတ်မည်။

၁ တရားသေလွှတ်ခြင်း၊ တရားရုံးမှ ပြုလုပ်သည်ကို မြင်မက်ပါက အောင်မြင်မှုများ ရရှိမည်။ မိမိ၏ ရန်ဘက်များ ကျရှုံးမည်။

၁ တရုတ်စီးသီးကို မြင်မက်ပါက လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝ အောင်မြင်မည်။

၁ တံတားကို ဖြတ်ကူးနေသည်ဟု မက်လျှင် စီးပွားရေး အလုပ် အကိုင်များတွင် အချိုးအကွေ့ အပြောင်းအလဲ ပေါ်မည်။ အကယ် ၍ ပျက်စီးနေသော တံတားကို မက်ပါက အရာရာ ဂရုစိုက်ပါ။ လုပ်ငန်းသစ် ချဲ့ထွင်ခြင်း မပြုပါနှင့်။

○ တရုတ်လူမျိုး၊ တရုတ်ပြည်ကို မြင်မက်ပါက အလွန်ဝေးကွာသောအရပ်မှ ငွေကြေးများ ရရှိမည်။
○ တရားရုံးသို့ သွားသည်ဟု မက်ပါက စီးပွားရေးတွင် ဆုံးရှုံးမည်။
○ တံတားအရှင်ကို မြင်မက်ပါက မမျှော်လင့်ဘဲ ခရီးစဉ်တစ်ခုကို တာဝန်ယူရမည်။
○ တံတောင်ဆစ်တွင် နာကျင်သည်ဟု မက်ပါက အခက်အခဲတွေ့မည်။ တစ်စုံတစ်ရာကို ကာကွယ်ရန် တံတောင်ဆစ်ကို အသုံးပြုရသည်ဟု မက်လျှင် စီးပွားရေးကိစ္စများ အထူးသတိထားရမည်။
○ တိရစ္ဆာန် သားပေါက်ကလေးကို မြင်မက်ပါက အိမ်ထောင်ရှင်များ၊ ချစ်သူများအတွက် ကံကောင်းမည့်နိမိတ် ဖြစ်သည်။
○ တာရိုးလမ်းကို မြင်မက်လျှင် လည်းကောင်း၊ ဖြတ်လျှောက်သွားရသည်ဟု မက်လျှင် လည်းကောင်း၊ အခက်အခဲများ ပိုမို တိုးပွားလာပြီး အလုပ်မှ ရပ်ဆိုင်းခံရတတ်သည်။
○ တည်းခိုခန်းကို မြင်မက်ပါက ကံမကောင်း၊ အဆင်မပြေမှုများ ... မည်။
○ တိရစ္ဆာန်များ ဖမ်းထားရာနေရာကို မြင်မက်လျှင် လစာဝင်ငွေ တိုးတက်မည်။
○ တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်လည်ပတ်ရသည်ဟု မက်လျှင် ကံကောင်းမည်။
○ တပ်စခန်း၊ တဲစခန်းကို မက်ပါက အချစ်ရေး ကံကောင်းမည်။ အိမ်တွင်းရေး အဆင်ပြေမည်။
○ တူးမြောင်းကို မြင်မက်လျှင် ရေသည် သန့်ရှင်းကြည်လင်နေပါက ကံကောင်းမည့် နိမိတ်ဖြစ်သည်။ မသန့်သောရေ၊ ရွှံ့နှစ်ရေများ ဖြစ်နေပါက မကြာမီ အခက်အခဲတွေ့မည်။

၁ တူးဖော်နေသည်ဟု မက်လျှင် မြေကောင်းကောင်းတွင် လွယ်ကူစွာ တူးဖော်နေပါက အကြံအစည် အောင်မြင်မည်။ လူမှုရေးနှင့် မပတ်သက်ဘဲ ငွေကြေးနှင့် ပတ်သက်မှုကို ဆိုလိုသည်။
၁ တူ၊ တူမဖြစ်သူကို မြင်မက်ပါက မိမိနှင့် ဆွေမျိုးသားချင်းများကြားတွင် အပြန်အလှန် အထောက်အကူပြုမှုများ ဖြစ်ပေါ်မည်။
၁ တာဝန်သိတတ်သည်ဟု မက်လျှင် မကောင်းသော သင်္ကေတဖြစ်သည်။ သို့သော် မိမိအပေါ် အခြားသူက တာဝန်သိတတ်သည်ဟု မက်လျှင် ကောင်းသည်။
၁ တူရွင်းကို မြင်မက်လျှင် ရှေ့ရေးအတွက် တွေးခေါ်ချိန်ဆနိုင်သော ဆက်သွယ်မှု အသစ်များ ရရှိမည်။
၁ တန်ဖိုးရှိသော ပစ္စည်းတစ်ခုခုကို ဖျက်ဆီးလိုက်သည်ဟု မက်ပါက အလွန်ကံဆိုးမည်။
၁ တန်ဆာဆင် မွမ်းမံမှုများ မိမိအခန်းကို လှပစွာ ပြုလုပ်နေသည်ကို မက်ပါက စီးပွားရေး လုပ်ငန်းများ ကျရှုံးမည်။
၁ တိုက်ခိုက်သည်ဟု မက်လျှင် အနှောင့်အယှက်ရှိသော သင်္ကေတဖြစ်သည်။ မိမိ အတိုက်ခိုက်ခံရသည်ဟု မက်လျှင် ကုသိုလ်ကံမကောင်း၊ တိုက်ခိုက်ရာတွင် မိမိက အနိုင်ရသည်ဟု မက်ပါက အခက်အခဲများ အောင်မြင်မည်။
၁ တိုက်ခိုက်ရေးသမား (ရောမခေတ်) ကို မြင်မက်ပါက အလွန်စိတ်သောက ရောက်ပြီး ဝမ်းနည်းရခြင်း ကြုံမည်။
၁ တိုင်းတာနေသည်ဟု မက်လျှင် မိမိ စုဆောင်းထားသည်များ ပိုမို၍ ဆုံးရှုံးမှု ဖြစ်မည်။
၁ တိုကင်လေးများ ကစားဝိုင်းတွင် ပိုက်ဆံအဖြစ် သုံးသည်ကို မြင်မက်ပါက အလုပ်အကိုင် အောင်မြင်မည်။

○ တိုက်ကြွက်ဖဲကို မြင်မက်ပါက မဆိုစလောက်သော အောင်မြင်မှုလေးများ ရနိုင်သော်လည်း စိတ်တိုင်းမကျစရာများ တွေ့ရမည်။

○ တုန်လှုပ်ချောက်ချားဖွယ်ရာကို မြင်မက်ပါက ပင်ပန်းသောအချိန်များကို ကျော်လွန်ပြီး အေးချမ်းသောရက်များကို ရောက်ရှိမည့်နိမိတ် ဖြစ်သည်။

○ တိုတိတိုတိ နည်းနည်းချင်း စားနေသည်ဟု မက်လျှင် မိမိ အရေးအသား၊ လက်မှတ်ထိုးမှုများ သတိရှိပါ။ ကံကောင်းချိန်သို့ရောက်ပြီ ဖြစ်သည်။

○ တီးမှုတ်နေသည်ကို ကြည့်ရသည်ဟု မက်လျှင် အလွန်ကံကောင်းမည်။

○ တီကောင်ကို မြင်မက်လျှင် ရောဂါဘယ ဖြစ်ပွားမည့်အန္တရာယ်ရှိသည်။

○ တောပန်းကို မြင်မက်ပါက အချစ်ရေးကံကောင်းမည်။ အိမ်ထောင်ရေးကိစ္စ ပေါ်ပေါက်မည်။

○ တေးသီချင်းများ မြူးကြွစွာ ကြားရသည်ဟု မက်ပါက ပျော်ရွှင်သော မင်္ဂလာပွဲ ဆင်နွှဲရမည်။

○ တောဝက်ကို မြင်မက်ပါက မည်သည့်ကိစ္စမှ အဆင်မပြေ၊ ကျရှုံးမည်။

○ တိုင်းပြည်မှ နှင်ထုတ်ခံရသည်ဟု မက်ပါက ကံကောင်းမည်။ အခြေအနေ အဖြစ်အပျက် ပို၍ ကောင်းလာမည်။ ပို၍ ကံကောင်းလေ ဖြစ်မည်။

○ တေးကဗျာရွတ်ဆိုသည်ဟု မြင်မက်ပါက မှားယွင်းသော တရားစီရင်မှု နာကြားရလိမ့်မည်။

○ တောက်ပသော နေရောင်ခြည်နှင့် ကောင်းကင်ကြည်လင်နေသည်

ကို မြင်မက်ပါက ကံကောင်းခြင်းများ ဖြစ်ပေါ်မည်။ တိမ်ထူထပ်ပြီး မသာယာပါက မိမိအတွက် ကံဆိုးမည်။

တောဆိတ်ကို မြင်မက်ပါက တစ်စုံတစ်ဦး၏ ချစ်ခင်မြတ်နိုးမှု ခံရမည်။

တောင်းရမ်းသူကို ငြင်းပယ်လိုက်သည်ဟု မက်ပါက ကံညံ့သည်။ တောင်းရမ်းသူကို လှူဒါန်းလိုက်သည်ဟု မက်ပါက ကြီးမားသော ပျော်ရွှင်မှုများ ရမည်။

တောင်ပေါ်ဒေသ အဝတ်အစားကို မြင်မက်လျှင် သို့မဟုတ် ဝတ်ဆင်ထားသည်ကို မက်လျှင် မိမိကို ကုသိုလ်ကံ အထောက်အပံ့ပေးသော အိပ်မက် ဖြစ်သည်။

တောင်ကုန်းပေါ်သို့ အောင်မြင်စွာ တက်သွားသည်ဟု မက်လျှင် ပိုမိုကောင်းမွန်သော အနာဂတ်ကို မိမိ ဖွဲလုံ့လ ဝီရိယဖြင့် သွားရမည်။

တန်းများ၊ ခြံစည်းရိုးတန်းများကို မြင်မက်လျှင် မတရားစွပ်စွဲခံရမည်။ ယခင်က မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံစည်းမည်။

တေးဆိုငှက်ကို မြင်မက်လျှင် နိုင်ငံခြား ခရီးသွားရမည်။ စီးပွားရေး အောင်မြင်မည်။

တော၊ သစ်တော စသည်ကို မက်လျှင် ဘဏ္ဍာရေး ငွေကြေးကိစ္စများ စိုးရိမ်ရမည်။ ခွဲခွာရမည့်အချိန် ကျရောက်ပြီ ဖြစ်သည်။

တေးသံသာ ကြားရသည်ဟု မက်လျှင် ကံကောင်းသည်။

တောင်းရမ်းစားသောက်ခြင်း မိမိကိုယ်တိုင် ပြုလုပ်နေသည်ဟု မက်လျှင် ချမ်းသာ ကြွယ်ဝမည်။ သူတောင်းစားတစ်ဦးက မိမိကို လာနှုတ်ဆက်သည်ဟု မက်လျှင် အခက်အခဲကြုံမည်။ မိမိက

သူတောင်းစားကို ကူညီလိုက်သည်ဟု မက်လျှင် သူငယ်ချင်း တစ်ယောက်က ကူညီ၍ မိမိ အဆင်ပြေသွားမည်။

o တောင်ထိပ် မြင့်မားစွာ ရှိနေသည်ကို ရအောင်တက်နိုင်သည်ဟု မက်လျှင် အရာရာ အဆင်ပြေ ကံကောင်းမည်။

o တဲ၊ တဲကုပ်တွင် နေထိုင်သည်ဟု မက်လျှင် ကံကောင်းမည်။ ပြင်းထန်စွာ ကြိုးပမ်းအားထုတ်မှု မပြုရဘဲ အခက်အခဲမှ လွတ်မြောက်မည်။

o တိမ်ထူထပ် မှောင်မှိုင်းနေသည်ကို မြင်မက်ပါက ဝမ်းနည်းဖွယ် ရာ တွေ့ကြုံရမည်။ ရှင်းလင်းသာယာနေသည်ကို မြင်မက်ပါက ကုသိုလ်ကံ ပို၍ ကောင်းမည်။

o တွင်း၊ မြေတွင်း၊ တွင်းအပေါက်ထဲသို့ ပြုတ်ကျသွားသည်ဟု မက်လျှင် မိမိစီးပွားရေး တဖြည်းဖြည်း လျော့နည်းကျရှုံးမည်။ တွင်းထဲတွင် တွားရွဲဝပ်၍ သွားသည်ဟု မက်ပါက မိမိ မဆက် ဆံချင်သော သူများနှင့် ဆက်ဆံရမည်။

o တောကျီးကန်းကို မြင်မက်လျှင် အခက်အခဲကြုံမည်။

❐

# ထ

၁ ထနောင်းပင်ကို မြင်မက်လျှင် ယောဘုယျအားဖြင့် စိတ်ပျက်အားငယ်စရာများ ကြုံတွေ့ရမည်ဟု ရည်ညွှန်းသော်လည်း ဆောင်းရာသီအချိန်တွင် မြင်မက်ပါက မျှော်လင့်ချက်များဖြင့် ပြည့်စုံစေမည်။

၁ ထမင်းစားနေသည်ဟု မက်လျှင် အကြံအစည် အောင်မည်။ ကံကောင်းမည်။

၁ ထပ်တရာစမန်းကို မြင်မက်လျှင် မကောင်း၊ စိတ်သောက ရောက်မည်။

၁ ထမ်းပိုး၊ ထမ်းပိုးတပ်သည်ကို မြင်မက်လျှင် မိမိထက် အသက်ကြီးသူများ၏ ဩဇာလွှမ်းမိုးမှု ခံရမည်။

၁ ထယ်၊ ထွန် စသည်တို့ အသုံးပြု၍ အလုပ်လုပ်နေသည်ဟု မက်လျှင် ကံကောင်းသည်။

၁ ထပ်ခိုးကို မြင်မက်လျှင် ပို၍ သာလွန်ကောင်းမွန်သော အခြေအနေသို့ လျင်မြန်စွာ ရောက်လာမည်။ ထပ်ခိုးအပေါ်ဆုံးထပ်ကို မြင်မက်လျှင် တိုက်တွန်းသွေးဆောင်မှုကို ရှောင်ရှား၍

စေ့စပ်ကြောင်းလမ်းခြင်း ပြုလုပ်ရန် ကြိုတင်သတိပေးသည့် နိမိတ်ဖြစ်သည်။

○ ထိခိုက်နာကျင်မှုကို တစ်စုံတစ်ဦးကြောင့် မိမိတွင် ဖြစ်ရသည်ဟု မက်လျှင် စီးပွားရေး၊ အချစ်ရေးတွင် မိမိအတွက် အန္တရာယ်ရှိသော ပြိုင်ဘက်များ ပေါ်ပေါက်မည်။ ထိခိုက်မိသည်ဟု မက်လျှင် ကုသိုလ်ကံ ညံ့သည်။

○ ထုံကျင်နေသည်ဟု မက်လျှင် ကျန်းမာရေး ဂရုစိုက်ရမည်။

○ ထိထိုးသည်၊ ထိလက်မှတ် ကိုင်ထားသည်ဟု မက်လျှင် ချစ်သူများအတွက် မကောင်းသော သင်္ကေတဖြစ်သည်။ အမျိုးသူများအတွက် စိတ်ညစ်ရသော စေ့စပ်ကြောင်းလမ်းမှု ဖြစ်သည်။

○ ထုံထိုင်း ရိုးအသောသူကို မြင်မက်လျှင် မမျှော်လင့်ဘဲ ကံကောင်းခြင်းများ ကြုံတွေ့မည်။

○ ထုရိုက်သံ ခေါက်သံကို မြင်မက်ပါက နှုတ်စောင့်စည်းမှု ပျော်ရွှင်မှုများ မကြာမီ ရရှိမည်။

○ ထုပ်တန်းကို မြင်မက်လျှင် ပို၍ ကြီးမားကောင်းမွန်သော အိမ်သို့ ပြောင်းရွှေ့နေထိုင်ရမည်။

○ ထန်းပင်၊ ထန်းသီး၊ ထန်းရည် စသည်ကို မက်လျှင် ကြီးပွားချမ်းသာမည်။

○ ထိမ်းမြားလက်ထပ်ပွဲကို မြင်မက်ပါက မိမိ မိသားစုအတွက် အခက်အခဲ ကြုံတွေ့မည်။

○ ထိုင်ခုံပေါ်မှ တစ်စုံတစ်ဦး ပြုတ်ကျသွားသည်ဟု မက်ပါက ထိုသူ အလုပ်ပြုတ်မည်။

○ ထိုင်နေသည်ဟု မက်လျှင် လူနေမှုအဆင့်အတန်း ပိုမို ကောင်းမွန်တိုးတက်မည်။

၁ ထိုးမြလက်မှတ်ကို မြင်မက်လျှင် သစ္စာရှိသော အဖော်အပေါင်းများက မိမိကို အထောက်အကူ ပြုမည်။

၁ ထွန်တုံး၊ ထယ်တုံးဖြင့် ထွန်ယက်နေသည်ဟု မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။ မိမိကိုယ်တိုင် ထွန်ယက်နေသည်ဟု မက်ပါက မိမိလုပ်ငန်းများ အစပိုင်းတွင် မအောင်မြင်နိုင်သော်လည်း အဆင်ပြေစွာ ကျော်လွှားနိုင်မည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး ပျော်ရွှင်မည်။

၁ ထင်းရှူးပင်ကို မြင်မက်လျှင် ကောင်းသော သတင်းစကား ကြားရမည်။ ထင်းရှူး (အရွက်စိမ်း) မျိုးကို မြင်မက်ပါက ကံမကောင်းပါ။ အန္တရာယ် အခက်အခဲများအတွက် ကြိုတင်သတိပေးချက်ဖြစ်သည်။ တစ်စုံတစ်ဦးက မကောင်းကြံမည်။

၁ ထွန်းလင်းတောက်ပနေသော မိမိခန္ဓာကိုယ်ကို မြင်မက်လျှင် မိတ်ဆွေကောင်းနှင့် တွေ့မည်။

၁ ထင်းစည်းကို မြင်မက်ပါက မကောင်းသော သတင်းစကား ကြားရမည်။

၁ ထင်းချောင်းလေးများ (မီးမွှေးရန်)ကို မက်လျှင် မတော်တဆ ထိခိုက်မှု အန္တရာယ်ရှိသည်။ အချစ်ရေး ပျော်ရွှင်မှုရမည်။

၁ ထင်းတုံးများကို မြင်မက်လျှင် မိမိက ဖြတ်တောက်နေခြင်းမရှိပါက အရာရာ အဆင်ပြေမည်။

၁ ထူးခြားသော ဖြစ်ရပ်တစ်ခုကို မြင်မက်လျှင် မမျှော်လင့်ဘဲ အံ့ဩစရာကောင်းအောင် အရေးကြီးသည့် ဖြစ်ရပ်ကြုံမည်။

၁ ထုပ်ပိုးပြင်ဆင်နေသည်ဟု မက်လျှင် မိမိ အလုပ်တာဝန်အတွက် စိုးရိမ်ပူပန်ရမည်။

၀ ထိပ်တုံးခတ်သည်ကို မြင်မက်ပါက အိမ်ထောင်ကျမည်။ မင်္ဂလာကိစ္စ အလျှင်အမြန် စီစဉ်ရတတ်သည်။
၀ ထောပတ်ကို မြင်မက်ပါက ကံကောင်းသောနိမိတ် ဖြစ်သည်။
၀ ထောပတ်ချက်နေသည်ဟု မက်လျှင် အောင်မြင်မှု အပြည့်အ၀ ရမည်။
၀ ထောင်ချောက် (ကြွက်ထောင်ချောက်ကဲ့သို့) ကို မြင်မက်လျှင် ပိုမို ကောင်းမွန်သော အပြောင်းအလဲ ပေါ်ပေါက်မည်။
၀ ထောင်အမှုထမ်းကို မြင်မက်လျှင် ပျော်ရွှင်ဖွယ် အားလပ်ရက်များ မကြာမီ ရရှိမည်။

□

# ဒ

) ဒရယ် အငယ်စားလေးကို မြင်မက်ပါက အိမ်ထောင်ကျမည်။ မိန်းကလေး ဖြစ်ပါက မိမိအတွက် သင့်တော်သော ခင်ပွန်းကောင်း တွေ့မည်။

) ဒင်္ဂါး၊ ဒင်္ဂါးလုပ်သည့်နေရာကို မြင်မက်လျှင် မမာမကျန်း ဖြစ်နေပါက ပြန်လည်ကောင်းမွန်လာမည်။

) ဒါန အလှူပေးသည်ဟု မက်လျှင် အရာရာ အဆင်ပြေ ကံကောင်းမည်။

) ဒိုမိုင်းရေးသည်၊ ဒိုမိုင်းပုံထွင်းထုသည်ဟု မက်လျှင် မိမိ စိတ်ရှုပ်ထွေးနေသော အရာများ အေးချမ်း အဆင်ပြေသွားမည်။

) ဒီရေတက်သည်ကို မြင်မက်လျှင် ပတ်ဝန်းကျင်မှ အရေးပေးမှုများ ရရှိပြီး ပျော်ရွှင်မည်။

) ဒုက္ခိတဖြစ်ပြီး မသန်စွမ်းဖြစ်နေသည်ဟု မက်ပါက ပတ်ဝန်းကျင်မှသူများ၏ ကြင်နာထောက်ထားမှု ရရှိမည်။

) ဒူးခေါင်းတွင် တစ်ခုခု ဒဏ်ရာရသည်ဟု မက်လျှင် အရာရာ အဆင်ပြေမည်။

○ ဒူးထောက်သည်ဟု မက်လျှင် ပျော်ရွှင်မှုများ ရရှိမည်။
○ ဒူးထောက်သည့်ပုံ (ဘုရားရှိခိုးကျောင်း) ပေါ်တွင် ဒူးထောက်နေသည်ဟု မက်လျှင် စိတ်ညစ်ရမည်။ ခြေထောက်တင်ထားသည်ဟု မက်လျှင် အခက်အခဲများ ကျော်လွှားပြီး ပျော်ရွှင်မှုရမည်။
○ ဒူလာရောဂါ ခံစားရသည်ကို မြင်မက်လျှင် ဘဝသစ် ပျော်ရွှင်မှုသစ်များ ရရှိမည်။
○ ဒေစီပန်းများကို မြင်မက်ပါက အစဉ်အမြဲ ကံကောင်းမည့်နိမိတ်ဖြစ်သည်။
○ ဒေလီယာပန်းကို မြင်မက်ပါက မိမိ၏ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များ အချိန်တိုအတွင်း တိုးတက်ကောင်းမွန်မည်။
○ ဒေဝါလီခံရသည်ဟု အိပ်မက်ပါက ငွေကြေးအမြောက်အမြားဆုံးရှုံးမည်။ ကြွေးတင်မည်။ ဘဏ္ဍာရေးကိစ္စများတွင် မိမိထက်အသက်အရွယ် ကြီးရင့်သူများ အကြံဉာဏ် ရယူ၍ သတိကြီးစွာထားဆောင်ရွက်ပါ။
○ ဒဏ်ပေးဆုံးမသည်ဟု မက်ပါက အိမ်တွင်းရေး ပျော်ရွှင်အေးချမ်းမည်။ သို့သော် မိမိကိုယ်တိုင် ဒဏ်ပေးခံရသည် မက်လျှင် ငွေကြေး အဆင်မပြေ ဖြစ်မည်။
○ ဒဏ်ခတ်၊ အပြစ်ပေးသည်ဟု မက်လျှင် မိမိ အနီးနားတွင် အန္တရာယ်ရှိသော အရိုင်းအဝါများ လွှမ်းမိုးနေသည်။
○ ဒယ်အိုး၊ ဒယ်အိုးပြားကို မြင်မက်ပါက ကံမကောင်း၊ ခိုက်ရန်ဖြစ်ပွားမည်။
○ ဒေါသ ပေါက်ကွဲနေသူ တစ်စုံတစ်ဦးကို မြင်မက်ပါက မိတ်ဆွေ သူငယ်ချင်းများ ပြန်လည်သင့်မြတ်ခြင်းကို ရည်ညွှန်းသည်။

၁ ဒိန်ခဲ၊ ဒိန်ခဲ စားရသည်ဟု မြင်မက်ပါက စိုးရိမ်ရခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ရခြင်းများ မိမိ ပတ်ဝန်းကျင်တွင် ဝန်းရံနေမည်။

၁ ဒိုင်း၊ ဒိုင်းဆုတံဆိပ်ကို မြင်မက်ပါက သာလွန်ကောင်းမွန်သည်။ ဩဇာအာဏာရှိသော သူငယ်ချင်းက မိမိကို အကာအကွယ်ပေးမည်။

၁ ဒုံးပျံကို မြင်မက်လျှင် အောင်မြင်မှု ရရှိမည့်အချိန် တိုတောင်းသည်။ မိမိလုပ်ငန်း အခြေခံ ခိုင်မာရန် နောက်တစ်ကြိမ် ထပ်မံတည်ဆောက်ရမည်။

၁ ဒိန်ချဉ် သောက်ရသည်ဟု မြင်မက်သော် မျက်နှာပွင့်လန်း အဆင်ပြေမည်။

၁ ဒိုင်ဗင်ထိုးချသည်ဟု မြင်မက်ပါက တာဝန်ယူ စွန့်စားရသော လုပ်ငန်းများ မပြုလုပ်သင့်ပါ။ ငွေကြေး ဆုံးရှုံးမည်။

❐

၈

○ ဓား၊ ဓားမြှောင် စသည်ကို မက်ပါက အလွန်ကံဆိုးပြီး သူငယ်ချင်းများနှင့် ခိုက်ရန်ဖြစ်ပွားမည်။

○ ဓားပြကို မြင်မက်ပါက အလွန်အံ့အားသင့်စရာ သတင်းအချက်အလက်များသည် မိမိအတွက် အကျိုးရှိမည်။

○ ဓားသွေးကျောက်ကို အသုံးပြုနေသည်ဟု မက်လျှင် ကံကောင်းမည်။

○ ဓာတ်ငွေ့ကို မြင်မက်လျှင် အိမ်တွင်းရေး ပျော်ရွှင်မည်။ အလင်းရောင် မကောင်းသော ဓာတ်ငွေ့ကို မက်လျှင် မိမိ ရရှိမည့် အခွင့်အရေးနှင့် ကိုက်ညီစွာ စိတ်ညစ်ရမည်။ ဓာတ်ငွေ့မီးရောင် ရုတ်တရက် ငြိမ်းသွားသည်ဟု မက်လျှင် သဘာဝဘေးအန္တရာယ်ကြီးများ ကြုံတွေ့မည်။

○ ဓာတ်ခွဲခန်း၊ စမ်းသပ်ခန်းကို မြင်မက်လျှင် အန္တရာယ်ကြုံမည်။ နာမကျန်းဖြစ်မည်။

○ ဓာတ်လှေခါးနှင့် အပေါ်သို့ တက်သွားသည်ဟု မက်လျှင် အောင်မြင်မှုရမည်။ အောက်သို့ဆင်းသည်ဟု မက်လျှင် အောင်မြင်မှုရဖို့ ခက်ခဲမည်။

○ ဓားရှည်ကို မြင်မက်ပါက မကောင်းသော သတင်းဆိုး ကြားရမည်။

○ ဓာတ်ဆီကို မြင်မက်လျှင် မီးဘေးအန္တရာယ် ရှိသည်။

○ ဓာတ်ပုံဖလင်ကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။ မိမိစွမ်းအားဖြင့် အန္တရာယ်ကို လွှဲပြောင်းပစ်နိုင်မည်။

○ ဓာတုဗေဒ၊ ဓာတ်ပစ္စည်းနှင့်ဆိုင်သော ဆေးဆိုင်ကို မြင်မက်ပါက အညံ့ကို ညွှန်ပြသည်။ မိမိ စီးပွားရေးလုပ်ငန်းများ အထူး သတိထားရမည်။

○ ဓာတုဗေဒစိန်ကို မြင်မက်လျှင် မိတ်ဆွေ၊ သူငယ်ချင်းများ ရာထူးအခြေအနေ နိမ့်ပါးမည်။

❒

## န

○ နကျယ်ကောင်ကို မြင်မက်လျှင် မိမိ ယုံကြည်ထားသူက ရန်မူ လိမ့်မည်။

○ နာရီချိန်သီးကို မက်လျှင် ရတ်တရက် ခရီးရှည် သွားရမည်။

○ နာနတ်သီးကို မြင်မက်လျှင် အိမ့်ကွင်းရေး သာယာအဆင်ပြေ မည်။

○ နံရံကပ်စင်ကို မြင်မက်ပါက မိမိလိုအင်ဆန္ဒများ ပိတ်ပင်ဟန့်တား ခံရမည်။

○ နံရံကပ်ပေါက်သော ပန်းပင်ကို မြင်မက်လျှင် ဘယ်အရာမှ အလွယ်တကူမရဘဲ မိမိကိုယ်တိုင် လေးနက်စွာ ကြိုးပမ်းအား ထုတ်ရမည်။

○ နံရံကို ကျော်တက်သွားနိုင်သည်ဟု မက်လျှင် အရာရာ အဆင်ပြေ မည်။ နံရံနှင့် မျက်နှာချင်းဆိုင်နေသည်ဟု မက်ပါက အခက်အခဲ ကြုံမည်။

○ နံပြားစုပ်ငှက်ကို မြင်မက်ပါက ကံကောင်းသည်။

○ နပန်းပွဲကို မြင်မက်လျှင် ကံမကောင်း၊ ကျန်းမာရေး ချို့ယွင်းပြီး ငွေကြေး ကုန်ကျမှုများမည်။

○ နာမ္မဘာဝ၊ တစ္ဆေ စသည်ကို မြင်မက်ပါက ငွေကြေးခက်ခဲ ကျပ်တည်းမည်။ ကျန်းမာရေး ညံ့မည်။ စေ့စပ်ပွဲ မင်္ဂလာကိစ္စ ပေါ်ပေါက်မည်။

○ နဖူးစီးအလံကို မြင်မက်ပါက မိမိကိုယ်ပိုင်လုပ်ငန်းများ အောင်မြင် အဆင်ပြေမည်။

○ နံနက်စာ စားသည်ဟုမက်လျှင် မကောင်း၊ မိမိ ကျန်းမာရေး ဆိုးဝါးမည်။

○ နာမည် (မိမိ) ကို ကျယ်လောင်စွာ အော်ခေါ်နေသံ ကြားရသည်ဟု မက်ပါက အချစ်ရေး ကံကောင်းမည်။ နာမည်မှားခေါ်နေသံ ကြားရပါက ကံမကောင်း။

○ နာရီထိုးသံ ကြားရသည်ဟု မက်ပါက ကံကောင်းမည်။ ဘဝရေးရေး ပျော်ရွှင်အေးချမ်းမည်။

○ နဂါးကို မြင်မက်ပါက လာဘ်လာဘ ပွင့်လန်းပြီး ချမ်းသာကြွယ်ဝမည်။

○ နဖားကြိုးငှက်ကို မြင်မက်ပါက ငှက်အရောင်ကို လိုက်၍ အိမ်ထောင်ရေး၊ အိမ်တွင်းရေးတွင် အဓိပ္ပာယ် ကွဲပြားသည်။ အဖြူရောင်ကိုမက်လျှင် အဆင်ပြေပြီး၊ အမဲရောင်သည် ကံဆိုးမည်။

○ နာမည်ပြောင်တစ်ခုခုဖြင့် မိမိကို ခေါ်လိုက်သည်ဟု မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။

○ နားပူနားဆာ လုပ်သည်ဟု မက်ပါက များပြားသောလုပ်ငန်းတာဝန်များ ထမ်းဆောင်ရမည်။

- နားမကြား၊ မိမိကိုယ်တိုင် နားပင်းသွားသည်ဟု မက်ပါက နိမိတ်ကောင်းသည်။ အခက်အခဲများမှ မမျှော်လင့်ဘဲ လွတ်မြောက်မည်။
- နားရွက်ကို မြင်မက်လျှင် ကုသိုလ်ကံမကောင်း၊ မျှော်လင့်မထား သော အခြေအနေမှ အခက်အခဲကြုံမည်။
- နှာမွန်၊ နှာချေသည်ဟု မက်လျှင် အကြံအစည် အောင်မည်။ ကံကောင်းမည်။
- နှာခေါင်းမှ သွေးထွက်သည်ဟု မက်လျှင် စီးပွားရေးလုပ်ငန်းများ ကျရှုံးမည်။ ငွေမချေးရ ဆုံးမည်။ ခရီးသွားလာခြင်း မပြုပါ အန္တရာယ်ရှိသည်။ လုပ်ငန်းသစ်များ ထပ်မံရင်းနှီးခြင်း မပြုပါနှင့်။ အထူး သတိရှိရမည်။
- နာရေးကြော်ငြာ (တစ်စုံတစ်ဦး) ကို ဖတ်ရသည်ဟု မက်လျှင် ထိုသူ အိမ်ထောင်ကျမည်။
- နံပါတ်များ ရေတွက်နေသည်ဟု မက်လျှင် ဩဇာအာဏာ မြင့်မားခြင်း၊ ရည်မှန်းချက်၊ ဂုဏ်သိက္ခာ ကြီးမြင့်ခြင်းကို ရည် ညွှန်းသည်။ ၁၊ ၇၊ ၉၊ ၁၁၊ ၁၇ စသော နံပါတ်များ မြင်မက် ပါက ကံကောင်းသည်။
- နံ့ကောင်ကို မြင်မက်လျှင် ကံမကောင်း။ အကျိုးမရှိ၊ ဆုံးရှုံး မှုများမည်။
- နံ့စားပြောင်းကို မြင်မက်လျှင် ကံကောင်းသည်။ အလွန်ပျော်ရွှင် ရမည်။
- နူနာရောဂါဖြစ်သူကို မြင်မက်လျှင် မိမိ အစွမ်းအစဖြင့် စိုးရိမ်ပူပန် ရမှုများ ကျော်လွှားနိုင်မည်။
- နှလုံးကို မြင်မက်လျှင် နွေးထွေးသော ချစ်ခင်မြတ်နိုးမှုများ ရရှိ ခံစားရမည်။

○ နို့ထမင်း သောက်ရသည်ဟု မက်လျှင် မိမိကိုယ်ကို အလဟဿ အကျိုးမဲ့ အချည်းနှီး နေထိုင်နေပြီးမှ နောင်တရလိမ့်မည်။
○ နို့သောက်နေသည်ဟု မက်လျှင် ကံကောင်းသည်။ နို့ရောင်းနေသည်ဟု မက်လျှင် ကံမကောင်း၊ အခြားသူတစ်ဦးသို့ နို့ကိုပေးသည်ဟု မက်လျှင် အချစ်ရေး ကံကောင်းမည်။ မိမိကိုယ်တိုင် နို့ညှစ်မနေသည်ဟု မက်လျှင် အလွန်ကံကောင်းသည်။ နို့ပုံးကို သယ်လာသည်ဟု မက်လျှင် ကောင်းသော သတင်းစကား ကြားရမည်။
○ နို့စို့ကလေးကို မြင်မက်လျှင် ကံကောင်းသောနိမိတ် ဖြစ်သည်။ အရွယ်ရောက်နေသည့် ကလေးကို မြင်မက်ပါက မိသားစုတွင် နာမကျန်းဖြစ်ခြင်း၊ နာရေးကိစ္စပေါ်ခြင်း ကြုံမည်။
○ နွားသိုး၊ နွားထီးကို မက်ပါက အချစ်ရေး၊ စီးပွားရေးတွင် ပြိုင်ဘက်၊ ရန်သူ ပေါ်ပေါက်မည်။
○ နွားချေးပိုးကို မြင်မက်လျှင် မိတ်ဆွေသူငယ်ချင်းများနှင့် ခိုက်ရန် ဖြစ်ပွားမည်။ အခက်အခဲတွေ့မည်။ ထိုအကောင်ငယ်ကို သတ်လိုက်သည်ဟု မက်လျှင် အရေးကြီးသော ကိစ္စများ အလျင်အမြန် ဆောင်ရွက်ရလိမ့်မည်။
○ နှံနှစ်သည်ဟု မက်လျှင် ကံကောင်းသည်။ ရန်အနှောင့်အယှက်များကို အောင်မြင်မည်။
○ နတ်သုဒ္ဓါကို မြင်မက်လျှင် ကံကောင်းသည်။ ငွေကြေး တိုးပွားမည်။
○ နတ်သား၊ နတ်သမီး စသည်ကို မြင်မက်ပါက အလွန်ကံကောင်းမည်။
○ နှစ်ယောက်စီး စက်ဘီးကို မြင်မက်လျှင် အချစ်ရေးတွင် မနာလိုမှုများပြားပြီး အခက်အခဲ ကြုံတွေ့မည်။

○ နွားတင်းကုပ်ကို မြင်မက်လျှင် အကျိုးပြုမည့် အဖော်ကောင်းများ
နှင့် တွေ့မည်။

○ နွားအော်သံ ကြားသည်ဟု မက်လျှင် အလွန်ကံကောင်းမည်
ကြွယ်ဝချမ်းသာမည်။ နွားက ပွတ်တိုက်သွားသည်ဟု မက်လျှ
စီးပွားရေး ရင်းနှီးမြှုပ်နှံမှုများ အထူးဂရုစိုက်ရမည်။

○ နီလာကျောက်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။

○ နီးဂရိုးလူမျိုးကို မြင်မက်လျှင် သူငယ်ချင်းများနှင့် ခိုက်ရန် ဖြ
ပွားမည်။

○ နှစ်မြှုပ်သည်ဟု မက်လျှင် သူငယ်ချင်း၏ သတင်းဆိုးတစ်
ကြားရမည်။

○ နှစ်သစ်ကို မြင်မက်လျှင် မိမိ ပတ်ဝန်းကျင် ပိုမိုကောင်းမွ
တိုးတက်မည်။ ပြိုင်ဘက် ရန်ဘက်များ တွေ့ရမည်။

○ နှင်း၊ နှင်းခဲ စသည်ကို မြင်မက်ပါက အလွန်ကောင်းသော
အိပ်မက် ဖြစ်သည်။

○ နှင်းဆီပန်းကို မြင်မက်ပါက အလွန်ကံကောင်းသည်။ သို့သော်
ပန်းများသည် အရောင်ဖျော့တော့ပြီး ကြုံလှီနေပါက အခက်အ
ကြုံပြီးမှ အောင်မြင်မှုရမည်။

○ နှင်းပန်း (အဝါရောင်) ကို မြင်မက်ပါက ကံကောင်းသည့်နိမိ
ဖြစ်သည်။ လုပ်ငန်းနှင့် မပတ်သက်ဘဲ အချစ်ရေးနှင့် ပတ်သ
သော ကံကောင်းမှု ဖြစ်သည်။ နှင်းပန်းများကို မိမိ၏ တံခါး
အပြင်သို့ လှမ်းမြင်ရသည်ဟု မက်လျှင် အကောင်းဆုံးရလ
ကို ရရှိမည်။ ပန်းများကို ယူ၍ လွှင့်ပစ်လိုက်သည်ဟု မက်လျှ
မိမိ အဆင်ခြင် ကင်းမဲ့မှုကြောင့် ကျရှုံးမည်။

၁ နေ၊ နေရောင်ကို မြင်မက်လျှင် အချစ်ရေး ငွေကြေး အောင်မြင်မည်။ နေထွက်သည်ကို မြင်မက်လျှင် ရည်မှန်းချက်များ အောင်မြင်မည်။ နေဝင်သည်ကို မြင်မက်လျှင် အထင်အမြင်သေး ခံရမည်။ ရည်ရွယ်ချက်များ ပျောက်ဆုံးမည်။

၁ နေကာ၊ အရိပ်ကာသောထီးကို ဖွင့်ထားသည်ဟု မက်လျှင် ကံကောင်းသည်။

၁ နေဝင်ရီတရောအချိန်ရှိ အနေအထားကို မြင်မက်ပါက အချစ်ရေးတွင် အနည်းငယ် အခက်အခဲ ကြုံတွေ့မည်။

၁ နေ့လည်ခင်း အချိန်ကို မက်ပါက လူမှုရေးကိစ္စများတွင် အထူးသတိရှိရမည်။

၁ နေရပ်လိပ်စာ ရေးသည်ဟု မက်ပါက ငွေကြေးနှင့် ပတ်သက်သော ကိစ္စများ သတိထားရမည်။ ကြီးမားသော ရင်းနှီးမြှုပ်နှံမှု မပြုလုပ်သင့်ပါ။

၁ နေအိမ်၊ နေရာထိုင်ခင်းတစ်ခုအတွင်း ဝင်ရောက်သွားရသည်ဟု မက်ပါက ရည်ရွယ်ချက်များ ပြည့်ဝအောင်မြင်မည်။

၁ နေအိမ်၊ နေထိုင်ခဲ့ဖူးသောအိမ်ကို မြင်မက်ပါက အောင်မြင်ကြီးပွားမည်။ သို့သော် ပြိုလဲနေသော နေအိမ်ကို မြင်မက်လျှင် ကံဆိုးသည်။

၁ နေမကောင်းဖြစ်သည်၊ ဖျားနာသည်ဟု မက်လျှင် ကြီးကြီးမားမား လိမ်ညာခံရမည်။

၁ နေ့စွဲ၊ ချိန်းဆိုချက်များကို မြင်မက်ပါက ဆန့်ကျင်ဘက်လိင်၏ လေးစားအားကျဖွယ် နှစ်သက်ခြင်း ခံရမည်။

၁ နားကွင်း၊ နားကပ်ကို မြင်မက်ပါက ခိုက်ရန်ဖြစ်မည့် သင်္ကေတဖြစ်သည်။ ဝတ်ထားသည်ဖြစ်စေ၊ ပေးလိုက်သည်ဖြစ်စေ၊ လက်ဆောင်ရသည်ဖြစ်စေ ထိုအဓိပ္ပာယ်ပင် ဖြစ်သည်။

- နည်းပြဆရာကို မြင်မက်ပါက အလွန်ကံဆိုးမည်။ ဒုက္ခတွေ့မည်
- နှုတ်ဆက်စကား ပြောရသည်ဟု မက်ပါက မကျန်းမမာ ဖြ မည်။
- နှုတ်ဆက်ခြင်းကို ဝမ်းမြောက်ဝမ်းသာ ကျယ်လောင်စွာ ပြေ ဆိုနေသည်ဟု မက်ပါက ကံဆိုးမည်။ နိမိတ်မကောင်း။
- နှုတ်ခမ်းကို မြင်မက်လျှင် ကျန်းမာရေး ကောင်းမည်။ ပျော်ရွ မည်။
- နန်းတော်ကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။
- နွားမသားလွှောသည်ဟု မက်လျှင် မမျှော်လင့်ဘဲ ကံကော မည်။
- နိုက်တင်ဂေးငှက် သီကျူးသံ ကြားရသည်ဟု မက်လျှင် ကံ ကောင်းသည်။ သဘာဝတရားက မျက်နှာသာပေး ကူညီမည်
- နိုင်ငံခြားတိုင်းပြည်ကို မြင်မက်ပါက မိမိအိမ်တွင်းရေး ပျော်ရွ ချမ်းမြေ့မည်။
- နိုင်ငံခြားသားများကို မြင်မက်ပါက အချစ်ရေး အလွန်ကံကော မည်။
- နိုင်ငံခြားမှ လာရောက်နေထိုင်သော သူငယ်ချင်းကို မြင်မ ပါက နိုင်ငံခြားမှ လက်ဆောင်ပစ္စည်း ရရှိမည်။
- နိုင်ငံခြား ဘာသာစကား ပြောသံကြားရသည်ဟု မက်ပါ မကောင်းသည့် သတင်းစကား ကြားရမည်။ မသွားလိုသေ ခရီး သွားရမည်။
- နန်းစွန့်ရသည်ဟု မက်လျှင် ထိုတိုင်းပြည်တွင် မင်းမဲ့ဖြစ်ခြင်း တော်လှန်ပုန်ကန်မှုဖြစ်မည့် သင်္ကေတ ဖြစ်သည်။

၁ နောက်ဖေးတံခါး ပြုလုပ်နေသည်ဖြစ်စေ၊ နောက်ဖေးတံခါးမှ ဝင်ရောက်သည်ဟု မက်လျှင်ဖြစ်စေ ကောင်းခြင်း၊ ဆိုးခြင်း၊ မမှန်းဆနိုင်သော ကုသိုလ်ကံ အလှည့်အပြောင်းကြုံမည်။

၁ နောက်ပြောင်ကျီစယ်သည်ဟု မက်လျှင် စီးပွားရေးလုပ်ငန်းများ အခက်အခဲ တွေ့မည်။ အိမ်တွင်းရေး စိတ်ညစ်ရမည်။

၁ နှောင့်နှေးသည်၊ နှေးကွေးသည်ဟု မက်ပါက ပျော်ရွှင်ဖွယ် ခရီးထွက်ရမည်။ နွယ်ပင်များကို မြင်မက်ပါက ကျန်းမာရေး ကောင်းမည်။

□

## ပ

- ပရိဘောဂများ ခုံညားစွာရှိသည်ကို မြင်မက်ပါက အလွန် ကံကောင်းသည်။
- ပဒ္မအုံကို မြင်မက်လျှင် မိမိ ပြိုင်ဘက်က မိမိကို ရန်ညိုးထား၍ တိုက်ခိုက်လိမ့်မည်။ ကြိုတင်ကာကွယ်မှုပြုပါ။
- ပလက်ဖောင်းဆောင်ပေါ်တွင် ရပ်နေသည်ဟု မက်လျှင် ဆွေမျိုး၊ သူငယ်ချင်းတို့နှင့် ခိုက်ရန်ဖြစ်မည်။
- ပဒေသာကပွဲရုံကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။ လူနေမှု အဆင့်အတန်းမြင့်မည်။
- ပစ္စတိုသေနတ်သံ ကြားရသည်ဟု မက်ပါက ကံမကောင်း၊ မိမိက သေနတ်ဖြင့် ပစ်လိုက်သည်ဟု မက်လျှင် အလုပ်ကြိုးစားသော်လည်း အကျိုးအမြတ် အနည်းငယ်သာ ရရှိမည်။
- ပီလောပီနံ့ဥကို စားသည်ဟု မက်ပါက အနည်းငယ် ဆုံးရှုံးမည်။ ချက်သည်ဟု မက်ပါက အသေးစားလုပ်ငန်းအချို့မှာ ကံကောင်းစွာ အောင်မြင်မည်။
- ပယင်းရောင်၊ ပယင်းကျောက်ကို မြင်မက်ပါက သိက္ခာကျမည်။ မိမိနှင့် ချစ်သူကြားတွင် အတားအဆီး အနှောင့်အယှက်များ ပေါ်ပေါက်မည်။

၁ ပုရွက်ဆိတ်ကို မြင်မက်ပါက မိမိ၏ တပည့်တပန်း၊ မိတ်ဆွေ သူငယ်ချင်းများက မိမိကို များစွာ အထောက်အကူပြုမည်။ မိမိ၏ ပစ္စည်းတစ်ခုခုကို ပုရွက်ဆိတ် ကိုက်စားနေသည်ဟု မက်ပါက ကံမကောင်းပါ။ စွန့်စားရင်းနှီးရသော လုပ်ငန်းများ မလုပ်ပါနှင့်။

၁ ပရိသတ်များပြားစွာ ရှိသည်ကို မြင်မက်ပါက မိမိအတွက် ဂုဏ်ယူ ဝမ်းမြောက်ဖွယ်ရာများ ကြုံတွေ့မည်။

၁ ပရုတ်ဆီကို မြင်မက်ပါက မိမိကို ကူညီမည့် မိတ်ဆွေကောင်း နှင့် တွေ့မည်။

၁ ပရုတ်လုံး၊ ပရုတ်ပင်ကို မြင်မက်ပါက ယုတ်မာသော စကား လုံးများဖြင့် ခိုင်းနှိုင်းဆဲဆိုခံရမည်။

၁ ပလာစတာဖြင့် ကပ်သည်ဟု မြင်မက်ပါက နာတာရှည်ရောဂါ ဝေဒနာများ သက်သာကောင်းမွန်မည်။

၁ ပါတီပွဲတွင် ရောက်ရှိနေသည်ဟု မက်လျှင် ကံကောင်းသည်။ မိမိက ပါတီပေးရသည်ဟု မက်လျှင် ကံမကောင်း။

၁ ပါးစပ်ကို မြင်မက်ပါက နှုတ်စောင့်စည်းမှု ရှိရမည်။ သေးငယ် သော ပါးစပ်ကို မြင်မက်လျှင် ငွေဝင်မည်။ ကြီးသောပါးစပ် ကို မြင်မက်လျှင် မိမိအဖော်သည် ငွေကြေး အမြောက်အမြား ပိုင်ဆိုင်မည်။

၁ ပိရမစ် သင်္ချိုင်းဂူကို မြင်မက်လျှင် လူနေမှု အဆင့်မြင့်မည်။ အောင်မြင်မည်။

၁ ပါဆယ်ထုပ်ရသည်ဟု မက်လျှင် ကံကောင်းသည်။ သယ်ယူလာ သည်ဟု မက်လျှင် ပတ်ဝန်းကျင် အပြောင်းအလဲ ကြုံမည်။

○ ပုလင်းထဲတွင် ပြည့်နေသည်ဟု မက်ပါက ပြည့်စုံ ကြွယ်ဝမည်။ အတွင်း၌ ဘာမှမရှိသော ပုလင်းကို မက်လျှင် ကံဆိုးမည်။ အိမ်တွင်းရေးအတွက် ပူပန်ရမည်။
○ ပုတီးလုံး၊ ပုတီးစေ့ကို မြင်မက်ပါက မိတ်ဆွေသူငယ်ချင်းအတွက် စိတ်ညစ်ရမည်။
○ ပုကွသေးငယ်သူကို တွေ့ရသည်ဟု မက်ပါက အိမ်တွင်းရေး မပြေလည်၊ အခက်အခဲရှိမည်။
○ ပုစွန်၊ ပုစွန်လုံး၊ ပုစွန်ထုပ် စသည်ကို မြင်မက်လျှင် အိမ်တွင်းရေး၊ အချစ်ရေး အဆင်ပြေ ပျော်ရွှင်မည်။
○ ပုလဲကို မြင်မက်လျှင် အလွန်ကံကောင်းသည်။ နာမကျန်းဖြစ်သူများ ပြန်လည် ကျန်းမာမည်။ ပုလဲလုံး ကွဲသွားသည်ဟု မက်ပါက မကောင်း၊ ဝမ်းနည်းစရာကိစ္စ ကြုံတွေ့မည်။
○ ပုံနှိပ်သည်ဟု မက်လျှင် အန္တရာယ်ရှိသော အဖော်အပေါင်းများ ဝန်းရံနေသည်။ သို့သော် အောင်မြင်မှုရမည်။
○ မိတ္တူပုံစံ ကူးသည်ဟု မက်လျှင် အိမ်တွင်းရေး အဆင်မပြေမှု အနည်းငယ်ရှိမည်။ သို့သော် စိုးရိမ်ရမှုများ ကျော်လွှားနိုင်မည်။
○ ပုံပြင် နားထောင်နေသည်။ ပုံပြင်ပြောပြသည်ကို မြင်မက်ပါက ပျော်ရွှင်အေးချမ်းမည်။
○ ပုံပန်းပျက်ပြီး ကြီးမားသောလူကို ပင်လယ်ထဲတွင် တွေ့မြင်ရသည်ဟု မက်ပါက မကောင်း၊ ကုန်းပေါ်တွင် မြင်ရသည်ဟု မက်ပါက ကံကောင်းသည်။
○ ပုံကြီးချဲ့သည်။ ပုံကြီးချဲ့မှန် စသည်ကို မြင်မက်လျှင် စိုးရိမ်ပူပန်ရမှုများကို ယုံကြည်မှုအပြည့်ဖြင့် ရင်ဆိုင်ပါ။ မကြာမီ အဆင်ပြေသွားမည်။

၁ ပုံစံတူ၊ ရုပ်ပုံလွှာကို မြင်မက်ပါက ကံမကောင်းပါ။ အရေးကြီးသော အလုပ်ကိစ္စများ ရွှေ့ဆိုင်းရမည်။
၁ ပလွေမှုတ်နေသည်ဟု မက်ပါက မိမိကိုယ်တိုင် မှုတ်နေလျှင် အလွန် ကံကောင်းသည်။ သို့သော် အခြားသူတစ်ဦး ပလွေမှုတ်နေသည်ကို မိမိ မြင်တွေ့ရသည်ဟု မက်ပါက အခက်အခဲ တွေ့ တွေ့မည်။
၁ ပလွေကို မြင်မက်လျှင် စစ်တပ်အတွင်းရှိ ဆွေမျိုးသားချင်းများနှင့် တွေ့ဆုံရန် ခရီးထွက်ရတတ်သည်။
၁ ပုံစံခွက်၊ ပုံသွန်းသည်ကို မက်လျှင် ငွေကြေး အကျိုးအမြတ်များစွာ ရရှိမည်။ အကြီးစား ရင်းနှီးမြှုပ်နှံမှု မပြုပါနှင့်။
၁ ပူတင်းမုန့်ကို မြင်မက်လျှင် ကောင်းသောသင်္ကေတ ဖြစ်သည်။ သို့သော် ထိုမုန့်ကို စားပွဲသောက်ပွဲဖြင့် ကျွေးမွေးသည်ဟု မက်ပါက မကောင်းပါ။
၁ ပိုးကို မြင်မက်လျှင် ကံမကောင်းသောနိမိတ် ဖြစ်သည်။
၁ ပဲ့တင်သံကို ကြားရသည်ဟု မက်ပါက ကံကောင်းခြင်းများ ကြားရမည်။ အခြားသူများ၏ ကံကောင်းခြင်းများကိုလည်း ကြားသိခံစားရမည်။
၁ ပိုးပန်းသည်၊ လူပျိုလှည့်သည်ဟု မက်ပါက အချစ်ရေး ကံကောင်းမည်။
၁ ပုံးထဲတွင် အရည်တစ်ခုခု ထည့်ထားသည်ကို မြင်မက်ပါက သတင်းကောင်း ကြားရမည်။ ထိုပုံးထဲမှ အရည်ကို သောက်သည်ဟု မက်က ကြီးမားသော ပျော်ရွှင်မှုရမည်။
၁ ပဲပင်၊ ပဲစေ့၊ ပဲတောင့်ကို မြင်မက်ပါက လိမ်ညာလှည့်ဖြား ခံရမည်။

○ ပုန်ကန်မှု ဖြစ်ပွားသည်ဟု မြင်မက်လျှင် တကွဲတပြား ဖြစ်နေသော အဖော်များကို မိမိက တာဝန်ယူ ဦးဆောင်သွားမည်။

○ ပူဆွေးသောက ရောက်နေသည်ဟု မက်လျှင် လုပ်ငန်းစီးပွား အဆင်ပြေပြီး ကောင်းသတင်းများ ကြားရမည်။

○ ပူလောင်သည်ဟု မက်လျှင် မိမိ ပတ်ဝန်းကျင်တွင် အကြောင်းပြချက် မည်မည်ရရ မရှိဘဲ စိတ်ပူပန်နေရမည်။ စိတ်ဆိုးဒေါသထွက်မှုများ ရှောင်ပါ။

○ ပင်လယ်ငါးကို မြင်မက်လျှင် တဖြည်းဖြည်းချင်း ကံကောင်းလာမည်။

○ ပင်လယ်ကွေ့ကို မြင်မက်လျှင် ဝမ်းနည်းပူဆွေးမှု ကြုံမည်။

○ ပင်လယ်ခူကို မြင်မက်လျှင် လျှို့ဝှက်စွာ ရန်ပြုတိုက်ခိုက်ရမည်။ သတိရှိပါ။

○ ပင်လယ်ငါးသလောက်ကို မြင်မက်လျှင် ကောင်းသော သင်္ကေတဖြစ်သည်။ စီးပွားရေး အောင်မြင်မည်။

○ ပင်ပန်းနွမ်းနယ်နေသည်ဟု မြင်မက်ပါက စွန့်စားမှုတချို့ အောင်မြင်မည်။

○ ပင်လယ်ခရီး သွားသည်ဟု မက်ပါက ဝေးကွာသောအရပ်မှ သတင်းစကား မကြာမီ ရရှိမည်။

○ ပင်လယ်ကျောက်ပွင့်ကို မြင်မက်လျှင် ခက်ခဲသော ပေါင်းသင်းဆက်ဆံမှုများမှ ကောင်းသော ဆုတံဆိပ်များ ရရှိမည်။

○ ပင့်ကူကို မြင်မက်လျှင် စီးပွားရေးလုပ်ငန်းများ ကံကောင်းမည်။

○ ပင်လယ်လိပ်ကို မြင်မက်လျှင် မိမိလိုအင်ဆန္ဒများ မပြည့်ဝနိုင်ပါ။

○ ပင်လယ် ဧကမာခွံကို မက်လျှင် မကောင်းသော အတိတ်နိမိတ်ဖြစ်သည်။

၁ ပင်လုယ်ဓားပြကို မြင်မက်လျှင် စိတ်လှုပ်ရှား ပျော်ရွှင်ဖွယ်ရာ များ၊ စီးပွားရေး အကျိုးအမြတ် ရရှိမှုများ တွေ့ကြုံမည်။

၁ ပင်စီ ပန်းပွင့်ကို မြင်မက်လျှင် ရောင့်ရဲကျေနပ်ခြင်း၏ သင်္ကေတ ဖြစ်သည်။ ကြီးမားသော ပြောင်းလဲမှု မရှိသော်လည်း ပျော်ရွှင်မှုရမည်။

၁ ပင်ပင်ပန်းပန်း အလုပ်လုပ်ရသည်ဟု မက်လျှင် မိမိနေရာ၊ ဘဝ၊ အလုပ် စသည်တို့တွင် ခြားနားမှုများ ဖြစ်ပေါ်မည်။

၁ ပင်လယ်ပြင်ကြီးကို မြင်မက်ပါက ငြိမ်သက်အေးဆေးနေလျှင် ကောင်းသောနိမိတ် ဖြစ်သည်။ ကြမ်းတမ်းပြီး လှိုင်းထန်နေသည် ဟု မက်လျှင် အခက်အခဲ တွေ့မည်။

၁ ပင့်ကူအိမ်ကို အဝေးသို့ ဖယ်ရှားလိုက်သည်ဟု မြင်မက်လျှင် အတိုက်အခံ ရန်သူများကို အောင်နိုင်မည်။

၁ ပန်းကန်၊ ပန်းကန်ပြား စသည်ကို မြင်မက်ပါက ကံမကောင်း၊ အိမ်တွင်းရေး မပြေမလည် ဖြစ်မည်။

၁ ပန်းကို မြင်မက်ပါက စည်းစိမ်ကျသော ဓိမ်ခံလူတန်းစား အသိုင်း အဝိုင်းသို့ သွားရောက်လည်ပတ်ရမည်။

၁ ပန်းသီးဖျော်ရည်ကို မြင်မက်ပါက သာ:ပုပ်လေလွင့် အတင်း အဖျင်း ပြောခံရမည်။

၁ ပန်းဂေါ်ဖီကို မြင်မက်လျှင် ကျန်းမာပျော်ရွှင်ဖွယ်ရာ လူနေမှုဘဝ ကို ရရှိမည်။

၁ ပန်းပု ရုပ်တု မိမိကိုယ်ကို ထုလုပ်သည်ဟု မက်ပါက ကိုယ်တိုင် အဆင်ပြေမှုရမည်။ အကယ်၍ အခြားသူကို ထုလုပ်ပေးနေသည် ဟု မက်ပါက မိမိအကူအညီဖြင့် ထိုသူတွင် အကျိုးရှိမည်။

၀ ပန်းစည်းကို ရရှိထားသည်ဟု မက်လျှင် အားလုံး ကောင်းသည်။ အဆင်ပြေမည်။ သို့သော် ပန်းစည်းကို ပစ်ချလိုက်သည် လွှင့်ပစ်လိုက်သည်ဟု မက်ပါက ရန်များမည်။

၀ ပန်းနာရင်ကျပ် ဖြစ်သည်ဟု မက်ပါက မိမိ ဆောင်ရွက်သမျှ အကျိုးမရှိ ဖြစ်တတ်သည်။

၀ ပန်းသီးကို မြင်မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။

၀ ပန်းချီဆရာကို မြင်မက်လျှင် ကံကောင်းမည်။

၀ ပန်းခြံ၊ ပန်းချုံ၊ ပန်းရုံတစ်ခုကို မြင်မက်ပါက မိမိ၏ လျှို့ဝှက်ချက် ပေါက်ကြားသွားတတ်သည်။ ထို့အတူ အခြားတစ်စုံတစ်ဦး၏ လျှို့ဝှက်ချက်ကိုလည်း ကြားသိရတတ်သည်။

၀ ပန်းရောင်ကို မြင်မက်လျှင် အဝတ်အစားသစ်များ ရရှိမည်။ ပျော်ရွှင်ချမ်းမြေ့မည်။

၀ ပန်းအိုးကို မြင်မက်လျှင် စိတ်ညစ်စရာများ ကြုံမည်။ မိမိအကြံအစည်ကို အခြားသူများအား မဖွင့်ချပါနှင့်။

၀ ပန်းချီကားကို မြင်မက်လျှင် မကောင်းယုံကြည်သူက သစ္စာဖောက်ခြင်း ခံရမည်။ လုပ်နေသော အလုပ်များ အကျိုးမရှိ ဖြစ်မည်။

၀ ပန်းခြံကို မြင်မက်လျှင် အချစ်ရေး အဆင်ပြေမည်။ ပန်းခြံထဲတွင် အဖော်များနှင့် အတူရှိနေသည်ဟု မက်ပါက အနည်းငယ် အကျပ်အတည်းတွေ့မည်။

၀ ပန်းရံသမားတစ်ယောက် မိမိအိမ်တွင် အလုပ်လုပ်နေသည်ဟု မက်လျှင် ကံမကောင်း၊ ကျန်းမာရေး ချို့ယွင်းမည်။

၀ ပန်ကာကို မြင်မက်ပါက အထူးသတိရှိရမည်။ စွန့်စားရသော လုပ်ငန်းများ မလုပ်ပါနှင့်။

၀ ပန်းတမာကို မြင်မက်လျှင် အခြေအနေမှန်ကို သဘောမပေါက်ဘဲ တဝင်မြင့် သွေးကြီးနေမည်။

○ ပန်းပင်ငယ်လေးများကို မြင်မက်ပါက လူတချို့၏ ချစ်ခင်မြတ်နိုးခြင်း ရရှိမည်။

○ ပန်းပဲဖို၊ ပန်းပဲသမားကို မြင်မက်ပါက အခက်အခဲများ ကြုံတွေ့ရသော်လည်း အဆင်ပြေစွာ ကျော်လွှားနိုင်မည်။ ပန်းပဲဖိုမှ မီးတောက် ပို၍ တောက်လောင်လေ ကြုံတွေ့ရမည့် အခက်အခဲ ပို၍ ကြီးမားလေ ဖြစ်သည်။

○ ပစ်ကွင်း၊ ပစ်မှတ်ကို ထိသည်ဟု မက်လျှင် ကံကောင်းသည်။ ပစ်မှတ်ကို မထိဟုမက်လျှင် ကံမကောင်း၊ အခြားသူတစ်ဦးက ပစ်မှတ်ကို ပစ်နေသည်ဟု မက်ပါက မိမိ ယုံကြည်ချက်များ ပျောက်ဆုံးတတ်သည်။ သတိထားရမည်။

○ ပတ်သီးကို မက်ပါက သြဇာအရှိန်အဝါ ကြီးမားမည်။

○ ပိတ်စ၊ ပိတ်ချောစကို မြင်မက်ပါက အစွန်းရောက်သော ပျော်ရွှင်မှုဖြစ်စေ၊ စိတ်ဆင်းရဲမှုဖြစ်စေ လာမည့်တစ်နှစ်အတွင်း တွေ့ကြုံရမည်။

○ ပိတုန်းကို မြင်မက်ပါက အလုပ်စီးပွားရေး ခက်ခဲမည်။

○ ပွဲကြည့်စင်တွင် ထိုင်နေသည်ဟု မက်ပါက အနှောင့်အယှက် အနည်းငယ် ကြုံတွေ့မည်။ ပွဲကြည့်စင်မှ ထွက်ခွာလာသည်ဟု မက်ပါက အရာရာ အဆင်ပြေမည်။

○ ပိုးမွှားများကို မြင်မက်လျှင် မျှော်လင့်ချက်များ ပြည့်စုံပြီး ချမ်းသာကြွယ်ဝမည်။

○ ပိုးဇာပင်၊ ပိုးဇာသီးကို မြင်မက်လျှင် ကံကောင်းသော ခရီးထွက်ရမည်။ အောင်မြင်ကြီးပွားမည်။

○ ပိုးဖလံကို မြင်မက်လျှင် မိမိအပြုအမူ၊ အပြောအဆို၊ ဂရုမစိုက်ပါက ပြိုင်ဘက်များက မိမိကို ပျက်စီးစေမည်။ ချစ်သူ အိမ်ထောင်ဘက်နှင့် ရန်များမည်။

- ပိုးစားထားသောအင်္ကျီကို မက်လျှင် မိမိ အနီးအနားရှိသူတစ်ဦး ဒုက္ခရောက်သည့်သတင်းကို မကြာမီ ကြားရမည်။ သို့သော် အကူအညီပေးရန် မဖြစ်နိုင်။
- ပိုက်ဆံအိတ်ကို မြင်မက်လျှင် အရေးကြီးသော သတင်းစကားများ မမျှော်လင့်ဘဲ ကြားရမည်။ ကံကောင်းမည်။
- ပိုက်ကွန်ကို မြင်မက်လျှင် အောင်မြင်ကြီးပွားချိန် ရောက်သည့် နိမိတ် ဖြစ်သည်။
- ပုပ်သိုးပျက်စီးနေသည်ကို မက်လျှင် တစ်မိသားစုလုံး ကံကောင်းမည်။
- ပိုက်ဆံကို မက်လျှင် ပေးသည်ဖြစ်စေ ယူသည်ဖြစ်စေ ကံကောင်းသောနိမိတ် ဖြစ်သည်။ ချမ်းသာကြွယ်ဝမည်။ ပိုက်ဆံ အလဲအလှယ် လုပ်နေသည်ဟု မက်လျှင် မိမိအမှားကြောင့် စိတ်ညစ်ရမည်။ ပိုက်ဆံချေးယူနေသည်ဟု မက်လျှင် အလွန်ကံဆိုးသည်။
- ပင်းမင်း၊ ပင်းမင်းဆိုင်ကို မြင်မက်လျှင် ခိုက်ရန်ဖြစ်ပွားမည်။ ဆုံးရှုံးမည်။
- ပိန်ညှင်းငှက်ကို မြင်မက်ပါက ရုတ်တရက် ကံအပြောင်းအလဲ ပေါ်ပြီး ကံဆိုးမည်။
- ပိုးစုန်းကြူးကို မက်လျှင် ကြီးမားသော ကရုဏာတရားထားခြင်းဖြင့် ကောင်းမွန်သော အပြောင်းအလဲ ပေါ်ပေါက်မည်။
- ပွဲတော်၊ ဖွဲ့လမ်းသဘင်ကို မြင်မက်ပါက မကြာခင် အခက်အခဲ ကြုံမည်။
- ပုန်ကန်ထကြွကြသည်ဟု မက်လျှင် ဆင်းရဲမွဲတေခြင်း၊ စိတ်အနှောင့်အယှက်ဖြစ်ခြင်းများ မကြာမီ ရပ်ဆိုင်းသွားမည်။
- ပေတံ့ကို မြင်မက်ပါက ယေဘုယျအားဖြင့် ကံကောင်းသည်ဟု ယူဆကြသည်။

○ ပေါပေါများများ ရှိသည်ဟု မက်လျှင် အကြံအစည် အောင်မည်။
○ ပေါလောမျောနေသည်ဟု မက်ပါက ပျော်ရွှင်ဖွယ်ရာများ တွေ့ကြုံမည်။ အဆင်ပြေမည်။ အကယ်၍ နစ်မြုပ်သွားသည်ဟု မက်လျှင် ကံဆိုးသည်။
○ ပေါက်ကွဲမှု ဖြစ်ပွားသည်ဟု မက်ပါက အန္တရာယ် တွေ့ကြုံမည်။
○ ပေါင်းပင်၊ မြက်ပင်များ ရှင်လင်းဖယ်ရှားနေသည်ဟု မက်လျှင် ကံကောင်းမည် ပျော်ရွှင်မည်။
○ ပေါင်မုန့်သည် ပူနွေးလတ်ဆတ်နေသည်ကို မက်ပါက အလုပ်ရာထူးအဆင့် တိုးတက်မည်၊ အောက်သိုးသိုးဖြစ်နေသည်ကို မက်လျှင် စီးပွားရေးလုပ်ငန်းများ နှောင့်နှေးမည်။ မီးကင်သည်ဟု မက်လျှင် မိသားစု ပျော်ရွှင်မည်။
○ ပေါက်ပြဲနေသော အဝတ်အစားများကို မြင်မက်လျှင် ကံမကောင်း၊ ထိုအပေါက်များကို ပြုပြင်ဖာထေးသည်ဟု မက်လျှင် မိမိဆုံးရှုံးမှုများကို ပြန်လည်ကောင်းမွန်ရအောင် အဖတ်ဆယ်နိုင်မည်။
○ ပေါင်ဒါ လိမ်းသည်ဟုမက်လျှင် ပျော်ပွဲရွှင်ပွဲ တစ်ခုအတွက် အဖိုးတန်သော ဝတ်စုံသစ်ရရှိမည်။
○ ပေါ်တာအလုပ်သမားကို မြင်မက်လျှင် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ သတိကြီးရမည်။
○ ပျားဖယောင်းကို မြင်မက်လျှင် ငွေကြေးအကျပ်အတည်းတွေ့မည်။ မိမိကငွေချေးယူခြင်း၊ တခြားသူကို ချေးငှားခြင်း မပြုပါနှင့်။
○ ပျံလွှားငှက်ကို မြင်မက်လျှင် သစ္စာရှိသော သူငယ်ချင်းများတွေ့မည်။ အိမ်တွင်းရေး ပျော်ရွှင်မည်။
○ ပျားရည်ကို သောက်ရသည်ဟု မက်ပါက ကံကောင်းသည်။ အချစ်ရေးညံ့သည်။

○ ပျားရည်ဆမ်းခရီး သွားရသည်ဟု မက်ပါက စိတ်ပျက်စရာ အကြောင်းများပေါ်ပြီး ခရီးထွက်မည့် အစီအစဉ် အပြောင်းအလဲ ဖြစ်မည်။
○ ပျားရည်စုပ်ပန်းကို မြင်မက်လျှင် မကြာမီပို၍ ကောင်းမွန်သော နေအိမ်၊ နေရာထိုင်ခင်းသို့ပြောင်းရွှေ့ရမည်။
○ ပျားအုံကို မြင်မက်လျှင် မိမိတာဝန်ယူထားမှုများ နောက်ဆုံးတွင် အောင်မြင်မည်။ ပျားတုပ်ခံရခြင်း မရှိလျှင် ကောင်းသောနိမိတ် ဖြစ်သည်။
○ ပွေ့ဖက်ထားခြင်း ခံရသည်ဟု မက်ပါက ကံမကောင်းသော နိမိတ်ဖြစ်သည်။ သို့သော် မိမိက အခြားသူအား ပွေ့ဖက်ထားသည် ဟု မက်ပါက ကံကောင်းသည်။
○ ပေါင်မုန့်ဖုတ်သည်ဟု မက်ပါက အရာရာကံကောင်းသည်။
○ ပေါင်မုန့်အပုံစလေးများကို မြင်မက်ပါက ကောင်းသော လက် ဆောင်ပစ္စည်း သတင်းစကားရရှိမည်။ ပေါင်မုန့် မာကျောသော အပေါ်ယံမျက်နှာပြင်သားကို မြင်မက်ပါက မိမိစီးပွားရေး လုပ်ငန်း များ အောင်မြင်မည်။
○ ပေါက်ဆိန်ကို မြင်မက်ပါက မိမိကိုယ်တိုင် သတိရှိစွာ ရှောင်လွှဲ နိုင်ရန် ခက်ခဲသော အန္တရာယ်နှင့်ရင်ဆိုင်ရမည်။
○ ပျော်ရွှင်နေသည်ဟုမက်လျှင် မကောင်းသောနိမိတ်ဖြစ်သည်။ အိမ်ထောင်ရေး အခက်ကြုံမည်၊ ဆုံးရှုံးမှုများ ရင်ဆိုင်ရမည်။
○ ပျောက်ဆုံးသွားသည်၊ ရှာဖွေမတွေ့ရှိသည်ကို မြင်မက်လျှင် အခက်အခဲတွေ့မည်။ အိမ်တွင်းရေးပြဿနာရှိသည်။ အကယ်၍ မိန်းကလေးတစ်ဦးက လက်ထပ်လက်စွပ်ပျောက်သည်ဟု မက်

လျှင် အိမ်ထောင်ရေး အဆင်မပြေ။ ရှူးဖိနပ်၊ အဝတ်အစား ပျောက်သည်ဟုမက်လျှင် ကံဆိုးသည်။

၁ ပျင်းရိသည်ဟု မက်လျှင် မိမိအနီးအနားတွင် သွယ်ဝိုက်၍ ဒုက္ခပေးမည့်သူ ရှိနေသည်။

○ ပျင်းရိ အချိန်ဖြုန်းနေသည်ဟုမက်လျှင် လုပ်ငန်းစီးပွား အောင်မြင်မှုရရန် ကြိုးစား အလုမ်လုပ်ရလိမ့်မည်။

○ ပုန်းနေသည်ဟုမက်လျှင် မကောင်းသော သတင်းစကား ကြားရမည်။

○ ပျော်ပွဲရှင်ပွဲကို မြင်မက်လျှင် နေအိမ်နေရာ အပြောင်းအလဲ ပေါ်မည်။

○ ပျော်ပွဲစားထွက်သည်ဟု မက်လျှင် သံသယဖြစ်ဖွယ်ရာများ ကြုံမည်။

○ ပျိုးကြဲသည့်ကို မြင်မက်ပါက မသေချာ၊ မရေရာသော ကိစ္စရပ်များ ပေါ်ပေါက်လိမ့်မည်၊ ပါဝင်ပတ်သက်ခြင်းမရှိရန် ရှောင်ရှားပါ။

○ ပျဉ်ပြား၊ ပျဉ်ချပ် စသည်ကိုမက်လျှင် ပျော်ရွှင်ကျေနပ်ဖွယ် ခရီးထွက်ရမည်။

○ ပြာသာဒ်ပေါ်သို့ တက်နေသည်ဟု မက်လျှင် ကံမကောင်း၊ ပြာသာဒ်ကို တွေ့မြင်လျှင် လိုအင်ဆန္ဒပြည့်ဝမည်။

○ ပြက္ခဒိန်ကို မြင်မက်လျှင် အိမ်ထောင်ရေး ကံကောင်းမည်။

○ ပြက္ခဒိန် ကြည့်ရှုသည်ဟု မက်လျှင် အသေးစား ခိုက်ရန်ဖြစ်ပွားမှု ကြုံတတ်သည်။

○ ပြင်ဆင်ခြယ်သမှု မိမိကိုယ်ကို ပြုလုပ်နေသည်ဟု မက်လျှင် အခက်အခဲနှင့် ကြုံတွေ့မည်။

○ ပြည်တည်နေသော အနာကို မြင်မက်ပါက ကျန်းမာရေး ကောင်းမွန်မည်။ အကာယ်၍ ဖျားနာနေပါက အမြန်နလံထူမည်။

○ ပြဓာတ်ကြည့်ရသည်ဟု မက်လျှင် အောင်မြင်မှုများ အလွယ်တကူ မရနိုင်ပါ။

○ ပြစ်ဒဏ်စီရင်မှု တစ်ခုခုကို တရားရုံးမှ ပြုလုပ်သည်ဟု မြင်မက် ပါက နိမိတ်ကောင်းသည့်၊ မကြာမီ အောင်မြင်မှု ရရှိတော့မည်။

○ ပြေးခုန်ပစ် အားကစားပွဲကို မြင်မက်ပါက ကံမကောင်းပါ။ ကစားပွဲ ပို၍ကြီးကျယ်လေ၊ မိမိအတွက် လိုအပ်သည်ထက်ပို၍ ပင်ပန်းလေ ဖြစ်မည်။

○ ပြောင်းဖူး၊ ပြောင်းဖူးခင်းကို မြင်မက်ပါက ကောင်းသောနိမိတ် ဖြစ်သည်။ ငွေကြေး အမြောက်အမြား ရရှိမည်။

○ ပြန့်ပေးဆွဲသည်ဟု မက်လျှင် စိုးရိမ်ပူပန်ရမှုများလျော့နည်းပြီး ပတ်ဝန်းကျင်အခြေအနေ ကောင်းမွန်တိုးတက်လာမည်။

○ ပြိုင်မြင်းစီးနေသည်ဟု မက်လျှင် မမျှော်လင့်ဘဲ အိမ်ထောင်ကျ မည်။ ကံကောင်းမည်။

○ ပြပွဲကိုမြင်မက်ပါက ပျော်ရွှင်မှုနှင့် ကံကောင်းမှုများ ပြည့်စုံမည့် နိမိတ်ဖြစ်သည်။

○ ပြည်ပြေးကို မြင်မက်ပါက နိုင်ငံခြားနှင့်ပတ်သက်သော အခွင့် အလမ်းများ မအောင်မြင်၊ ဆုံးရှုံးမည်။

○ ပြုံးနေသည်၊ အခြားသူတစ်ဦး ပြုံးနေသည်ကို မြင်တွေ့သည်ဟု မက်ပါက အလွန်ကောင်းသောနိမိတ် ဖြစ်သည်။

○ ပြစ်တင်ကြိမ်းမောင်းခံရသည်ဟု မက်ပါက ပို၍သာလွန်ကောင်း မွန်သော အရေးကြီးသည့် အဆက်အသွယ် ကမ်းလှမ်းချက်များ ရရှိမည်။

၁ ပြိုင်ဘက်၊ ပြိုင်ဆိုင်မှုတွင် မိမိက အနိုင်ယူလိုက်သည်ဟု မက်ပါက စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။ အရှုံးပေးရသည်ဟု မက်လျှင် အနှောင့်အယှက်ကြုံမည်။
၁ ပြဒါးကို မြင်မက်လျှင် ပျော်ပွဲရွှင်ပွဲ တစ်ခုသို့ ဦးစားပေး ဖိတ်ကြား ခံရမည်။
၁ ပြင်းပြသော စိတ်ဆန္ဒကို ဖော်ပြသည့် အိပ်မက်မျိုးသည် ကံမကောင်း၊ အိမ်တွင်းရေး အဆင်မပြေ၊ ခိုက်ရန်ဖြစ်မည်။
၁ ပြစ်မှုကျူးလွန်သည်ကို မက်လျှင် မိသားစုခိုက်ရန်ဖြစ်မည်။ မိမိအိမ်တံခါးဝ၌ အမှားအယွင်းတစ်ခုခု ဖြစ်ပေါ်မည်။
၁ ပြုစုစောင့်ရှောက်နေသည်ကို မြင်မက်လျှင် ကံကောင်းမည်။
၁ ပြင်သစ်လူမျိုး၊ ပြင်သစ်ဘာသာစကား ပြောရသည် ကြားရသည် စသဖြင့် မက်ပါက အချစ်ရေးကံကောင်းမည်။

□

## ၉

○ ဖယောင်းချက်ကို မြင်မက်လျှင် အနည်းငယ် နာမကျန်း ဖြစ်မည်

○ ဖဲပြား၊ ဖဲကြိုးကို မြင်မက်လျှင် အနည်းငယ်သာ ပျော်ရွှင်မှု ရရှိ
သတိမထားမိဘဲ ငွေကြေး ဖြုန်းတီးမိမည် စိုးရိမ်ပူပန်ရမည်။

○ ဖဲလိမ်ရိုက်သည်ကို မက်လျှင် ရေလမ်းခရီးသွားရမည်။

○ ဖားပြုပ်ကို မြင်မက်လျှင် အခက်အခဲရှိမည်။ ဆုံးရှုံးမှုရှိမည်
သို့သော် ကြိုးစားလုပ်ဆောင်ပါက အဆင်ပြေစွာ ကာကွယ်နိုင်
မည်။

○ ဖခင်ဖြစ်သူကို မြင်မက်လျှင် စကားပြောသည်ဟု မက်ပါ
ပျော်ရွှင်ဖွယ်ရာ ကြုံမည်။ သို့သော် မိမိကို စကားမပြောဟုမက်
လျှင် ဖခင်၏ကျန်းမာရေး စိုးရိမ်ရမည်။ သေကိန်းရှိသည်။

○ ဖဲကစားနေသည်ကို မြင်မက်လျှင် ကျေနပ်ဖွယ်ကောင်းသော
အပေါင်းအဖော်များနှင့်တွေ့မည်။ ဘေးမှ ကြည့်နေသည်ဟုမက်
လျှင် ခိုက်ရန်ဖြစ်ပွားမည်။

○ ဖရဲသီးစားရသည်ဟုမက်လျှင် အဆင်ပြေမည်။ ကံကောင်းမည်။

○ ဖားဥစွဲနေသည်ကို မြင်မက်လျှင် ပျော်ရွှင်မှုရမည်။ ထူးဆန်း
ဆွဲဆောင်မှုရှိသော ကိစ္စရပ်များ မိမိအိမ်တွင်း၌ ဖြစ်ပေါ်မည်။

၁ ဖယောင်းတိုင် မီးတောက်ထွန်းညှိထားသည်ဟု မက်လျှင် ကောင်းသော အတိတ်ကိုဆောင်သည်။ မီးငြိမ်းသတ်နေပါက အခက်အခဲကြုံမည်။
၁ ဖရိုဖရဲဖြစ်သည်ဟု မြင်မက်ပါက တစ်ဦးတည်း အထီးကျန်ဖြစ်မည်။ အခက်အခဲကြုံမည်။
၁ ဖာထေးပြုပြင်နေသည်ဟု မက်ပါက စိတ်ကောင်းရှိ၊ ကြင်နာတတ်သော မိတ်ဆွေသစ်များ ရရှိမည်။ သို့သော် အတင်းအဖျင်းစကားများ သတိထားရမည်။
၁ ဖာထေးထားသော အင်္ကျီအဝတ်အစားများ ဝတ်ဆင်ထားသည်ဟု မက်လျှင် အမွေအနှစ်ရရှိပြီး ချမ်းသာ မည်။
၁ ဖောင်တိန်ကို မြင်မက်လျှင် ဝေးကွာနေသော သူငယ်ချင်းများ၏ သတင်းစကား ကြားရမည်။
၁ ဖန်ခွက်ကို မြင်မက်ပါက သန့်ရှင်းကြည်လင်နေလျှင် ကျန်းမာပြည့်စုံမည်။ ညစ်ပေနေပါက ဆန့်ကျင်ဘက်မှ မှတ်ယူရမည်။
၁ ဖလှယ်သည်၊ အလဲအလှယ်လုပ်သည်ဟု မက်ပါက စီးပွားရေးအခက်အခဲ တွေ့မည်။ ဆုံးရှုံးမည်။
၁ ဖန်လုံအိမ်ဖြင့် သစ်ပင်စိုက်ထားသည်ကို မြင်မက်လျှင် ကံကောင်းသည်။ ဖန်လုံအိမ်အတွင်းမှ အပင်များပို၍ စိမ်းစိုလေ၊ မိမိအတွက် ပို၍ ကံကောင်းလေဖြစ်သည်။
၁ ဖန်ပေါင်းအိုးထဲမှ ဝိုင်အရက်သောက်နေသည်ကို မြင်မက်လျှင် ပျော်ရွှင်ချမ်းမြေ့မည်။ ဖန်ပေါင်းအိုး ကွဲသွားသည်ဟု မက်လျှင် အရာရာ ဆုံးရှုံးမည်။
၁ ဖား၊ ဖားပြုပ်စသည်ကို မြင်မက်ပါက ကံကောင်းသည်။ အလုပ်စီးပွား အောင်မြင်မည်။

ဝ ဖက်ရှင်ပြနေသည်။ ဖက်ရှင် သင်တန်းပေးသည်ဟု မက်ပါက စီးပွားရေး အပြောင်းအလဲအနည်းငယ် ဖြစ်ပေါ်မည်။ ဖျားနာမည်။

ဝ ဖိတ်စာလက်ခံရရှိသည်ဟု မက်ပါက မကောင်းသော သင်္ကေတ ဖြစ်သည်။

ဝ ဖုန်မှုန့်၊ ဖုန်သုတ်နေခြင်းကို မက်ပါက မကောင်းပါ။ ဖုန်မှုန့်များ သုတ်လိုက်၍ သန့်ရှင်းသွားသည်ဟု မက်လျှင် တိုးတက်ကောင်း မွန်မှုများ ရရှိမည်။

ဝ ဖောရောင်နေသော ရောဂါသည်ကို မြင်မက်ပါက မိမိခန္ဓာကိုယ် အတွင်း ရောဂါ တစ်ခုတစ်ခု စွဲကပ်နေတတ်သည်။

ဝ ဖော့ဘူးဆို့ကို ဆွဲထုတ်လိုက်သည်ဟု မက်ပါက မိတ်ဆွေသူငယ် ချင်း သတင်းကောင်းကြားရမည်။ အကယ်၍ ပုလင်းထဲသို့ ထိုးထည့်လိုက်သည်ဟု မက်ပါက မမျှော်လင့်သော ဧည့်သည် ရောက်မည်။

ဝ ဖမ်းဆီးထိန်းသိမ်း ခံထားရသည်ဟုမက်လျှင် အိမ်ထောင်ရေး အဆင်မပြေဖြစ်မည်။

ဝ ဖောက်ထွင်း ခိုးယူသူကို မြင်မက်ပါက မိမိယုံကြည်စိတ်ချထား သူက သစ္စာဖောက်ခြင်း ခံရမည်။ သတိရှိရမည်။

ဝ ဖားဖိုကို မြင်မက်ပါက အလွန်ကံဆိုးသည်။ ပြဿနာများနှင့် ရင်ဆိုင်ရမည်။

ဝ ဖမ်းဆီးသည်၊ ဖမ်းဆီးခံရသည်ဟု မက်ပါက မျှော်လင့်ချက်များ ဆုံးရှုံးမည်။ မိတ်ဆွေအပေါင်းအသင်း အထူးသတိထားရမည်။

ဝ ဖောက်ပြန်သည်ဟု မက်ပါက အကြံအစည်အောင်မြင်ပြီး သိက္ခာ ရှိသောဘဝကို ပိုင်ဆိုင်ရရှိလိမ့်မည်။

၁ ဖိနပ်အသစ် စီးရသည်ဟုမက်လျှင် အဆင်ပြေ ဝင်ငွေတိုးမည်။
၁ ဖိနပ်ချုပ်သမားကို မြင်မက်ပါက မကောင်းမှုတွေ ကုန်ဆုံးပြီး ကံကောင်းခြင်းများ လိုက်လာမည်။
၁ ဖျက်ဆီးမစ်လိုက်သည်ဟု မြင်မက်ပါက တန်ဖိုးရှိပစ္စည်းဖြစ်လျှင် အလွန်ကံဆိုးမည်။
၁ ဖျာကို မြင်မက်လျှင် ဒုက္ခနှင့် ရင်ဆိုင်ရမည်။
၁ ဖျံကို မြင်မက်လျှင် မကောင်းသောသူငယ်ချင်းများ ရန်လုပ် တိုက်ခိုက်မည်။
၁ ဖြူကောင်ကို မြင်မက်လျှင် စီးပွားရေးအခက်ကြုံမည်။ သို့သော် မိမိအကြင်နာတရားကြောင့် အကျိုးကျေးဇူးများ ရရှိမည်။
၁ ဖြူဖတ်ဖြူရော် မျက်နှာကို မြင်မက်လျှင် ထိုသူတွင် အသက် အန္တရာယ် ရှိသည်။
၁ ဖျော်ဖြေပွဲ တစ်ခုသည် မိမိအတွက် စိတ်ကျေနပ်စရာမရှိလျှင် ကံကောင်းမည်။ ပွဲမပြီးခင် အပြင်ထွက်သွားသည်ဟု မက်လျှင် အခွင့်အလမ်းကောင်းများ ဆုံးရှုံးမည်။

□

## ဗ

- ဗေဒင်ဟောသည်ဟုမက်လျှင် ကံမကောင်းသော နိမိတ်ဖြစ်သည်။ မိမိက တခြားသူကို ဟောပေးနေသည်ဟု မက်လျှင် ကျိန်းသေ အောင်မြင်မည်။
- ဗေဒါပန်းကို မြင်မက်လျှင် တစ်စုံတစ်ဦး၏ နာမကျန်းဖြစ်သော သတင်းကြားရမည်။
- ဗွက်ကုလားငှက်မျိုးကို မြင်မက်လျှင်အခက်အခဲတွေ့မည်။
- ဗုံတီးသံ ကြားရသည်ဟု မက်ပါက ကံကောင်းမည်၊ ကြီးမားသော အောင်မြင်မှုရမည်။

- ဗိုလ်စွဲသည်၊ အနိုင်ရသည်ဟု မြင်မက်ပါက အရာရာ သတိထား ရမည်။ စီးပွားရေးတွင် အောင်မြင်မှု နည်းပါးလိမ့်မည်။
- ဗယ်ရီသီးကို အရည်ရွှမ်းသည်ဟု မက်ပါက လူနေမှုအဆင့်အတန်း မြင့်မားမည်။

၁ ဗာဒံသီး စားရသည်ဟု မက်ပါက ပျော်ရွှင်ဖွယ်ရာများ တွေ့ကြုံမည်။ ကောင်းသော နိမိတ်ကိုဆောင်သည်။

၁ ဗိုလ်ချုပ်တစ်ဦးဦးကို မြင်မက်ပါက အရေးကြီးကိစ္စရပ်များအတွက် ကြိုတင်နိမိတ်ဖြစ်သည်။

□

## ဘ

၁ ဘုရားတရား ပြစ်မှား ပြောဆိုမိသည်ဟု မက်ပါက ကြီးစွာသော ဒုက္ခကြုံမည်။

၁ ဘုရားသခင်ကို မြင်မက်လျှင်ဖြစ်စေ၊ မိမိကိုစကားပြောလျှင်ဖြစ်စေ ကံကောင်းသည်၊ သာယာပျော်ရွှင်မည်။

၁ ဘုရားဂုဏ်တော်ကို ရွတ်ဆိုသည်ဟုမက်ပါက အကြံအစည် အောင်မြင်မည်။

၁ ဘရန်ဒီအရက်ကို မြင်မက်လျှင် မကြာမီ ကောင်းသောသတင်း စကား ကြားရမည်။

၁ ဘုရားဖူးသည်၊ ဘုရားဖူးခရီးသွားသည်ဟု မက်ပါက လိုအင်ဆန္ဒ များ ပြည့်ဝမည်။

၁ ဘိလပ်မြေ၊ အင်္ဂတေကို မြင်မက်ပါက မကြာမီ လက်ဆောင် ပစ္စည်းတစ်ခု ရရှိမည်။ အရေးကြီးလုပ်ငန်းများတွင် ဦးဆောင် ဦးရွက် ပြုရလိမ့်မည်။

၁ ဘီရိုထဲတွင် ဘာမှ မရှိသည်ကို မြင်မက်ပါက မိမိစီးပွားရေး ညံ့သည်။ အကယ်၍ တစ်စုံတစ်ခုကို ဗီရိုထဲသို့ ထည့်နေသည်ဟု မက်ပါက မိမိဆုံးရှုံးမှုကို ကာကွယ်နိုင်မည်။

၁ ဘီလီယက်ခုံ၊ ဘီလီယက်ထိုးသည်ဟု မက်ပါက အချစ်ရေး၊ အိမ်ထောင်ရေး ရှုပ်ထွေးမည်။
၁ ဘီစကစ်မုန့်ကို မြင်မက်သောအခါ ခရီးဝေးသွားခြင်းဖြင့် အောင်မြင်မည်။ တစ်ခါတစ်ရံ နာမကျန်းဖြစ်မည်။
၁ ဘီယာသောက်ရသည်ဟု မက်ပါက မိမိရင်းနှီးမြှုပ်နှံမှုများ ဆုံးရှုံးမည်။ ဘီယာဆိုင်တွင် အများသောက်နေသော်လည်း၊ မိမိ မသောက်ဖြစ်ပါက ငွေကြေးဆုံးရှုံးမှု နည်းပါးမည်။
၁ ဘီရိုကို သော့ခတ်ထားသည်ဟု မက်လျှင် နိမိတ်မကောင်း၊ ငွေကြေးကိစ္စ အထူးသတိရှိရမည်။ သော့ဖွင့်ထားသည်ဟုမက်လျှင် အရာရာ အဆင်ပြေမည်။
၁ ဘီလူးကို မြင်မက်လျှင် စိတ်အနှောင့်အယှက်ဖြစ်ရမည်။ သို့သော် ဘီလူးကို ရဲရင့်စွာ ရင်ဆိုင်တွေ့ကြုံနိုင်သည်ဟုမက်လျှင် အခက် အခဲများ ကျော်လွှားနိုင်မည်။ ယေဘုယျအားဖြင့် မကောင်းသော နိမိတ်ဖြစ်သည်။
၁ ဘိုးဘွားအမွေအနှစ်ကို မြင်မက်ပါက မိတ်ဆွေသူငယ်ချင်းများ၏ ကြောင့် မိမိကို လွှမ်းမိုးမည်။
၁ ဘုန်းကြီးကို မြင်မက်လျှင် စိတ်ညစ်အကျပ်အတည်းဖြစ်ရခြင်း လွတ်ကင်းမည်။
၁ ဘုန်းကြီးကျောင်းကို မြင်မက်လျှင် ကမ္ဘာတစ်ဝှမ်း ချမ်းသာကြွယ်ဝ မှုများ ရရှိမည်။
၁ ဘုရင် ကေရာဇ်ကို မြင်မက်လျှင် အခက်အခဲကြုံတွေ့သော် လည်း မိမိကြိုးစားမှုဖြင့် ကျော်လွှားနိုင်မည်။
၁ ဘဲ၊ ဝမ်းဘဲ စသည်ကို မြင်မက်ပါက ကောင်းသောနိမိတ်ဖြစ်သည်။

သို့သော် ဘဲက မိမိကို လိုက်လံထိုးဆိတ်သည်ဟု မက်ပါက စီးပွားရေးလုပ်ငန်း အခက်အခဲကြုံမည်။

○ ဘုရားရှိခိုးကျောင်း အပြင်ဘက်ရှုခင်းကို မြင်မက်ပါက ကံကောင်းမည်၊ အတွင်းပိုင်းကို မြင်မက်ပါက အခက်အခဲတွေ့မည်။ အရာရာဂရုစိုက်ရမည်။

○ ဘူဖော်င်း၊ ဘူစီဖောင်း စသည်ကို မက်ပါက ပျော်ရွှင်မှုများ တွေ့ကြုံမည်။ အပျော်လွန်မှု မရှောင်ရှားနိုင်ပါက ချစ်သူရည်းစား ဆုံးရှုံးတတ်သည်။

○ ဘဏ်ကို မြင်မက်လျှင် ဘဏ်နှင့်ပတ်သက်သည်ကို မြင်မက်လျှင် ရုတ်တရက် ငွေကြေးဆုံးရှုံးမည်။

○ ဘဲလေးအက ကြည့်ရသည်ဟု မြင်မက်ပါက မိမိကျန်းမာရေး ထိခိုက်မည်။ ရာသီဥတုဆိုးဝါးပါက ကျန်းမာရေးအထူးသတိထား ရမည်။

○ ဘောထုပ်၊ အထုပ်အပိုးကို မြင်မက်ပါက ကံကောင်းမည်၊ ချည် ထည်၊ အထုပ်အပိုးထက် သိုးမွေးထုပ်ကို မက်က ပိုကံကောင်းမည်။

○ ဘေးဥပဒ်ကျရောက်သည်ဟု မြင်မက်ပါက ဆန့်ကျင်ဘက် ကောက်ယူရမည်။ လုပ်ငန်းစီးပွား အရာရာ အဆင်ပြေလိမ့်မည်။

○ ဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ရသည်ဟု မက်ပါက အောင် မြင်မှုများ ရရှိမည်။ အကယ်၍ အန္တရာယ်ကို ရှောင်ရှားသွား နိုင်သည်ဟု မက်ပါက အခက်အခဲများ ကြုံတွေ့မည်။

○ ဘောစင်တွင် ပန်းကန်ဆေးနေသည်ဟု မက်ပါက သဘာဝမကျ သော ဖြစ်ရပ်များကို ရည်ညွှန်းသည်။ အချစ်ရေးတွင် ခက်ခဲမည်၊ မျှော်လင့်ချက် ကင်းမဲ့မည်၊ ချစ်ဦးသူနှင့် လွဲရသောဖြစ်ရပ်များ ကြုံမည်။

○ ဘက်တန်ကို မြင်မက်ပါက သစ္စာဖောက်ခြင်း ခံရမည်။ ငွေကြေး ဆုံးရှုံးမည်။ ချေးငှားခြင်းမပြုရ၊ ရင်းနှီးခြင်းမပြုရ။

○ ဘားတိုက်၊ ဘန်းလျားကို မြင်မက်လျှင် မိမိအခက်အခဲများ လျော့နည်း ပြေလည်သွားမည်။

○ ဘွတ်ဖိနပ်ကို မြင်မက်လျှင် မိမိအပေါ် သစ္စာရှိသော အလုပ်သမားများကို မှီခိုအားထားရမည်။ ဘွတ်ဖိနပ်ဟောင်းနွမ်းနေသည်ဟု မက်လျှင် မိမိ၏မှားယွင်းမှုကြောင့် အခက်အခဲကြုံမည်။

○ ဘယ်ရီသီး အနီကို စားရသည်ဟု မက်လျှင် ဆင်းရဲမည်။ ငွေကြေး ဆုံးရှုံးမည်။

○ ဘောလုံး၊ ဘောလုံးကစားသည်ကို မြင်မက်ပါက သူငယ်ချင်းအချို့နှင့် ပတ်သက်ပြီး စိုးရိမ်ပူပန်ရမည်။ ကိုယ်တိုင် ဘောလုံးကန်နေပြီး မိမိဘက်မှ နိုင်နေပါက ကောင်းသော သင်္ကေတဖြစ်သည်။

○ ဘောလုံးပစ်ကစားနေသည်ဟုမက်လျှင် အလုပ်ကိစ္စများ နေသားမကျဖြစ်မည်။ လာမည့်ရက်အနည်းငယ်အတွင်း အတက်အကျများစွာ တွေ့ကြုံရမည်။ အချစ်ရေး စိတ်ညစ်ရမည်။

○ ဘောင်းဘီရှည်ကို မြင်မက်လျှင် အိမ်ထောင်ရေး အဆင်မပြေ၊ ခိုက်ရန်ဖြစ်မှုရှိမည်။

○ ဘတ်စ်ကားကို မြင်မက်လျှင် ကံကောင်းသော နိမိတ်ဖြစ်သည်။ အခြား ခရီးသည်များပါသည်ဟု မက်လျှင် အနှောင့်အယှက် အနည်းငယ်ရှိသည်။

○ ဘိန်း၊ ဘိန်းစား၊ ဘိန်းခန်း စသည်ကို မက်လျှင် စိတ်ပူရမည်။ မကောင်းသတင်း ကြားရမည်။ ဆိုးဆိုးဝါးဝါး နာမကျန်းဖြစ်မည်။

- ဘီးတပ်သည်၊ ဘီးလိမ့်သည်ဟု မြင်လျှင် မိမိပိုင်ဆိုင်မှုများဘ
  လျော့နည်းကုန်ခမ်းမည်။
- ဘယ်ဘက်၊ ဘယ်သန်သောသူကို မြင့်မက်လျှင် အရာ
  အောင်မြင် အဆင်ပြေမည်။

□

## မ

○ မဂ္ဂဇင်းစာအုပ်ကို မြင်မက်လျှင် ဆုံးရှုံးမှုများမည်၊ သတိထားရမည်။

○ မလွယ်ပေါက်ကို မြင်မက်လျှင် မြင့်မားစွာ အောင်မြင်နိုင်သော လိမ္မာပါးနပ်မှု မိမိတွင်ရှိမည်။

○ မနာလိုမှု မိမိက တခြားသူအပေါ် ဖြစ်ပွားသည်ဟုမက်လျှင် အခက်အခဲတွေ့မည်။ တခြားသူက မိမိကိုမနာလို ဖြစ်သည်ဟု မက်လျှင် အခွင့်အရေးအကျိုးအမြတ်များ ရရှိမည်။

○ မဟူရာကျောက်ကို မြင်မက်လျှင် ကံမကောင်း။

○ မထိခိုက်နိုင်သော အကြောင်းအရာတစ်ခုခုကို မက်လျှင် သတိထားရမည်။ ကျန်းမာရေး ဂရုစိုက်ရမည်။

○ မထင်မရှားဖြစ်သည်ဟု မက်လျှင် လက်ရှိထက် ပိုမိုကောင်းမွန်သော ဘဝအပြောင်းအလဲမျိုးမည်။ အခွင့်အရေးကို အမိအရ ဆုပ်ကိုင်ပါ။ ချီတုံချတုံမဖြစ်ပါနှင့်။

○ မကောင်းဆိုးဝါးကို မြင်မက်ပါက နိမိတ်မကောင်း၊ မိတ်ဆွေများ၏ လှမ်းမိုးဖိနှိပ်မှုများမှ မလွတ်မြောက်နိုင်အောင်ဖြစ်မည်။

○ မကောင်းသော ဝိညာဉ်ကို မြင်မက်ပါက သူတို့ကို အဝေးသို့ မောင်းမထုတ်နိုင်လျှင် စိုးရိမ်ဖွယ်ရာ ကောင်းသော အိပ်မက်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများ သတိထားရမည်။

○ မင်္ဂလာခန်းဝင်ပစ္စည်းများ ရရှိသည်ဟုမက်ပါက မကောင်းသော အတိတ်နိမိတ်ဖြစ်သည်။

○ မရိုးသား၊ မဖြောင့်မှန်မှု ပြုလုပ်သည်ဟုမက်လျှင် စာချုပ်၊ စာတမ်းနှင့် ပတ်သက်သောကိစ္စရပ်များ ဖြေရှင်းရမည်။

○ မနှစ်ခြိုက်၊ သဘောမကျဖွယ်ရာများ မြင်မက်ပါက အခက်အခဲတွေ့မည်။ စိုးရိမ်ပူပန်ရမည်။

○ မတော်တဆ ထိခိုက်မှုကို ပင်လယ်ထဲတွင် ဖြစ်ပွားသည်ဟု မက်ပါက ချစ်သူနှင့် ပတ်သက်ပြီး စိတ်ပျက်ရမည်။ ကုန်းပေါ်တွင် ဖြစ်ပွားသည်ဟု မက်ပါက လူပုဂ္ဂိုလ်၊ အလုပ်ကိစ္စနှင့် ပတ်သက်ပြီး စိတ်ပျက်စရာများ ပေါ်ပေါက်မည်။

○ မနက်ပိုင်းကို မြင်မက်လျှင် အလွန်ကောင်းသည်၊ ဆိုးဝါးမှုများကို ကံတရားက ကာကွယ်ပေးမည်။

○ မနှစ်မြို့သူ၊ မုန်းတီးသူကို မြင်မက်ပါက မိမိပတ်ဝန်းကျင်ကို အမှီပြုအားထား၍ခည့် နိမိတ်ဖြစ်သည်။

○ မတရား သက်သေထွက်ဆိုသည်ကို မြင်မက်လျှင် ကံဆိုးသည်၊ ကုသိုက်ကံ လွဲချော်မှုများကြောင့် ကျရှုံးမည်။

○ မချက်ပြုတ်ရသေးသော အစားအစာများကို မြင်မက်လျှင် မိတ်ဆွေသူငယ်ချင်းသစ်များ ရရှိမည်။

○ မိတ္တူကူးသည်ဟု မက်ပါက တရားဥပဒေနှင့် ပတ်သက်သော ကိစ္စများတွင် အကျိုးကောင်းများ ရရှိမည်။

၁ မီးကျောင်းကို မြင်မက်လျှင် လုပ်ငန်းသစ်တစ်ခုသို့ ပြောင်းလဲလုပ်ဆောင်ရမည်။ ငွေကြေးရင်းနှီးမှု သတိရှိရမည်။ အခက်အခဲတွေ့နိုင်သည်။

၁ မီးပုံးပျံကို မက်ပါက အဆင်မပြေ မျက်နှာပန်းမလှ ဖြစ်မည်။

၁ မီးကွင်း၊ မီးတုတ်စသည်ကို မက်ပါက မိမိကိုယ်တိုင် ထိခိုက်မှု ဖြစ်ပွားမည်။ အညွှံ့လွှမ်းမိုးသည်။

၁ မီးခိုးပြာများကို မြင်မက်ပါက ကိုယ်တိုင် သတိမထားလိုက်မိဘဲ ဆုံးရှုံးမှု ကြုံမည်။

၁ မီးရောင်များ ထိန်လင်းတောက်ပနေသည့် အိမ်ကို မြင်မက်ပါက ကုသိုလ်ကံပို၍ မြင့်မားလာမည်။

၁ မီးတောင်ပေါက်ကွဲသည်ကို မြင်မက်ပါက သူများမနာလို ဖြစ်ရလောက်အောင် ကံကောင်းမည်။

၁ မိသားစုဝင်များကို မြင်မက်ပါက အောင်မြင်တိုးတက်မှု ရရှိမည်။

၁ မိခင်ဖြစ်သူကို မြင်မက်လျှင်အလွန်ကံကောင်းသည်။

၁ မီးခြစ်ကို မြင်မက်လျှင်ငွေကြေးဆိုင်ရာ အကျိုးအမြတ်များ ရရှိမည်။

၁ မီးရထားစက်ခေါင်းကို မြင်မက်လျှင်သူငယ်ချင်းတချို့ ခရီးသွားခြင်း၊ လာရောက်လည်ပတ်ခြင်းကြုံမည်၊ ကိုယ်တိုင်ပေါ့ပါးသော အထုပ်အပိုးများနှင့် ခရီးသွားရသည်မက်လျှင် အရာရာ အဆင်ပြေသွားမည်။

၁ မီးအိမ်၊ မီးတိုင် အရောင်မှိန်သည်ဟု မက်လျှင် ပင်ပန်းစွာ လုပ်ကိုင်မှအောင်မြင်မည်။ မီးအိမ်အများအပြားကို မက်လျှင် အရာရာ အဆင်ပြေ လွယ်ကူမည်။ မီးငြိမ်းသွားသည်ဟုမက်ပါက ကျန်းမာရေး ချို့ယွင်းမည်။ အကြံအစည်ပျက်မည်။

○ မီးရှူးမီးပန်းကို မြင်မက်လျှင် ယုံကြည့်ရသူ၏ သစ္စာဖောက်ခြင်း ခံရမည်။
○ မီးဖိုချောင်သည် သန့်ရှင်းနေသည်ဟုမက်ပါက အဝေးမှ ကောင်း သတင်း ကြားရမည်။
○ မီးပူတိုက်သည်ဟု မက်လျှင် မမျှော်လင့်ဘဲ အကူအညီရမည်။ ပို၍ကောင်းသော အပြောင်းအလဲပေါ်မည်။
○ မီးအလင်းရောင်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
○ မီးဖိုချောင်ကို မြင်မက်လျှင် မိမိအနာဂတ်ကို မိမိကိုယ်ပိုင်အရည် အချင်းဖြင့် အောင်မြင်စွာ ဖြောက်လှမ်းနိုင်မည်။
○ မိစ္ဆာဒိဋ္ဌိ လူရိုင်း စသည်ကို မြင်မက်လျှင် မိမိဘဝကို အိမ်တွင် ၌သာ အချိန်ကုန် ရောင့်ရဲကျေနပ်နေရမည်။
○ မီးဇော်သည့်နေရာ အပြင်ဘက်တွင် မိမိရှိနေသည်ဟု မက်လျှင် စီးပွားရေး၊ အိမ်တွင်းရေး ကောင်းမွန်မည်။ အောင်မြင်သော နှစ်သို့ ရောက်ရှိလာပြီဖြစ်သည်။
○ မီးလောင်မှုသည် အနည်းငယ်သာဖြစ်ပြီး အထိခိုက်အပျက် မရှိဟုမက်လျှင် အရေးမကြီးသော သတင်းစကားကြားရမည်။ သို့သော် မိမိကိုယ်ကို မီးလောင်သည်ဟု မက်ပါက အလွန်ကံ သည်။
○ မီးသတ်ကားကို မြင်မက်လျှင် အန္တရာယ်ရှိသော အတိတ်နိမိတ် ဖြစ်သည်။ မီးသတ်ကား ဝင်လာသည်ဟုမက်လျှင် ပို၍ အန္တရာယ် ရှိပြီး ထွက်သွားသည်ဟု မက်လျှင်အန္တရာယ် လျော့ပါးသွားမည်။
○ မီးဖိုအကာ၊ မီးလင်းဖိုအကာပေါ်တွင် မိမိရပ်နေသည်ဟု မြင်မက် ပါက မကြာမီ နိုင်ငံခြားခရီး သွားရလိမ့်မည်။

○ မာတိကာပါ အကြောင်းအရာများ စာအုပ်တစ်အုပ်တွင် ပါရှိသည်များကို မြင်မက်ပါက မီးဘေးအန္တရာယ်ရှိသည်။ ရန်သူများမည်။

○ မာရ်နတ်၊ နတ်ဆိုး စသည်ကို မြင်မက်ပါက အလွန်ကံဆိုးမည်၊ ကြာရှည်စွာ ဝင်ပန်းတကြီး ရှုန်းကန်ရလိမ့်မည်။

○ မီးတောင်ကို မြင်မက်လျှင် မိသားစုဝင်များနှင့်သော်လည်းကောင်း၊ ချစ်သူနှင့်သော်လည်းကောင်း ကြီးမားသော သဘောထား ကွဲလွဲမှု ဖြစ်မည်။

○ မီးကွင်းသည်ဟုမက်လျှင် ပိုပြင်းခြောက်သွေ့သောနိုင်ငံသို့ အလည်အပတ်ခရီး သွားရမည်။

○ မီးသွေးခဲကို မြင်မက်ပါက ကံမကောင်း၊ အကြံအစည်ပျက်မည်။

○ မီးဖိုကို မြင်မက်လျှင် ခက်ခဲသော အချိန်နှင့် ကြုံတွေ့မည်။ မီးဖိုထဲ မီးသွေးအပြည့်ရှိသည်ဟုမက်လျှင် မိမိတွင် ပေါများပြည့်စုံမည်။

○ မီဘမဲ့ ကလေးများကို မြင်မက်လျှင် မိမိအတွက် အကျိုးအမြတ်ရရှိမည်။ ချမ်းသာမည်။

○ မီးဖိုပေါ်တွင် စားကောင်းသောက်ဖွယ်များ ချက်ပြုတ်နေသည်ကို မြင်မက်လျှင် ကြွယ်ဝချမ်းသာမည်။ မီးဖိုမှ အပူလောင်သည်ဟု မက်လျှင် တဖြည်းဖြည်းချင်း ကံဆိုးမည်။

○ မီးပြတိုက်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။

○ မှို့၊ မှို့ပြောက်စသည်ကို မြင်မက်လျှင် အပူသောက ကြုံမည်။

○ မှိုကို မြင်မက်လျှင် မိမိ၏စွန့်စားမှုများသော လုပ်ငန်းများ ကံကောင်းမည်။ မှိုကို စားနေသည်ဟု မက်လျှင် မိမိစီးပွားရေး လုပ်ငန်းများ အထူးသတိရှိရမည်။

○ မုယောစပါးကို မြင်မက်လျှင် အိမ်ထောင်ကျမည်။ အိမ်တွင်းရေး ပျော်ရွှင်မည်။ ကောင်းသောနိမိတ်ကို ဖော်ဆောင်သည်။
○ မဲဆွယ် စည်းရုံးမှုများ မိမိပြုလုပ်နေသည်ဟု မက်ပါက ကောင်းသောနိမိတ်ကို ဆောင်သည်၊ အောင်မြင်မှု ရရှိလိမ့်မည်။
○ မဲပြား၊ မဲပေးသည်ဟု မက်ပါက ကွဲပြားသော ပတ်ဝန်းကျင် အခြေအနေကောင်းနှင့် တွေ့ကြုံမည်။
○ မှူးယစ်ဆေးဝါးကို မြင်မက်ပါက မိမိဘေးတွင် အတင်းအဖျင်း ပြောမည့်သူများ ဝန်းရံနေမည်။
○ မှန်ညင်းပင်ကို မြင်မက်လျှင် မိမိအပြောအဆို မဆင်ခြင်သော ကြောင့် အန္တရာယ် ဖြစ်မည်။
○ မဲနယ်ကို မြင်မက်လျှင် ရေကြောင်းခရီးဝေး သွားရမည်။
○ မူးယစ်ရီဝေခြင်း ဖြစ်နေသည်ဟု မက်ပါက မိမိ၏မင်္ဂလာကိစ္စ စေ့စပ်ကြောင်းလမ်း ကိစ္စများမအောင်မြင် ပျက်စီးမည်။
○ မိုးမခပင်ကို မြင်မက်လျှင် မိမိကို ချစ်ခင်သူထံမှ ကောင်းသတင်း စကားကြားရမည်။ အသိုင်းအဝိုင်းသစ်ကို ယုံကြည်မှု မရှိပါနှင့်။
○ မိုးကာတဲကို မြင်မက်ပါက သူငယ်ချင်းများ၏အချစ်ရေး ကူညီ ပေးရာမှ ကြီးမားသော ပျော်ရွှင်မှုများ ရမည်။
○ မုန့်ဆီကြော်စားရသည်ဟု မက်လျှင် မမျှော်လင့်ဘဲ အောင်မြင် မည်။
○ မှန်အိမ်အလင်းရောင် တောက်ပနေလျှင် ကံကောင်းမည်၊ မှန်အိမ် မီးငြိမ်းသွားလျှင် အခက်အခဲရှိမည် စိုးရိမ်ပူပန်ရမည်။
○ မှန်ပြောင်းကို မြင်မက်ပါက အရာရာကို ပေါ့ပေါ့တန်တန် သဘောထားသည့်အတွက် နောင်တအကြီးအကျယ်ရမည်။

၁ မုန့်၊ ကြည့်မုန့်ကို မြင်မက်လျှင် အနေအထားအမျိုးမျိုးပေါ် မူတည်၍ အခီပွာယ်ကွဲပြားကြည်လင် သန့်ရှင်းနေပါက အဆင်ပြေ ကောင်းမည်။ ကျကွဲသွားသည်ဟု မက်ပါက ကံဆိုးမည်။

၁ မုန်လာဥကို မြင်မက်လျှင် ဝမ်းနည်းစိတ်ပျက်ဖွယ်ရာများ ကြုံမည်။

၁ မုန့်တိုင်းကျသည်ကို မြင်မက်လျှင် ကြီးစွာသော အခက်အခဲ ကြုံမည်။

၁ မုန့်တီ၊ ရခိုင်မုန့်တီ စားသည်ဟု မက်ပါက အကြံအစည် အောင်မည်။

၁ မုတ်ကောင် စားသည်ဟု မက်ပါက အလုပ်များ ပင်ပင်ပန်းပန်း လုပ်ကိုင်ရမည်။

၁ မုတ်ဆိတ်မွေးကို မြင်မက်ပါက မမျှော်လင့်ဘဲ အောင်မြင်ပျော်ရွှင်မှု ရမည်။

၁ မုန်လာဥနီကို မြင်မက်ပါက မိမိအချစ်ရေး၌ တစ်ပါးသူ၏ဝင် ရောက် စွက်ဖက်ခြင်း ခံရမည်။ အကယ်၍ စားလိုက်သည်ဟု မက်လျှင် အရာရာအဆင်ပြေမည်။

၁ မုန်လာထုပ်ကို မြင်မက်ပါက အတားအဆီး အခက်အခဲများ ကြုံမည်။

၁ မုန့်၊ မုန့်မျိုးစုံ၊ မုန့်အချိုကို မြင်မက်ပါက ကောင်းကျိုးများ ရရှိမည်။ အဆင်ပြေမည်။

၁ မင်ဖြင့် စာရေးနေသည်ဟု မက်လျှင် ကောင်းသောအိပ်မက်ဖြစ် သည်။ သို့သော် မင်ဖိတ်ကျသည်ဟု မက်လျှင် သူငယ်ချင်းများက မိမိကို ပစ်ပယ်၍ ခွဲခြားဆက်ဆံလိမ့်မည်။

၁ မှင်စာကလေးကို မြင်မက်လျှင် ပူဆွေးသောကရောက်ပြီး စိတ်ဆင်းရဲရမည်။

- မှန်ဘီလူးကို မြင်မက်လျှင် မိသားစုဝင် တိုးတက်များပြားလာမည်။
- မင်းမဲ့စရိုက် ပြုမူမှုများကို မြင်မက်ပါက ဘဏ္ဍာရေးငွေကြေး အကျပ်အတည်း ကြုံမည်။ အရှုံးဂရုစိုက်ရမည်။
- မင်းတုပ် ထိုးဆောသော အခန်းတခါးကို မြင်မက်ပါက အရာရာ စိတ်သစ်၊ လူသစ်နှင့် ရှင်လန်းတက်ကြွစွာ လုပ်ငန်းများ ဆောင်ရွက်ရမည်။
- မုဆိုးဖို၊ မုဆိုးမ တစ်ဦးဦးနှင့် စကားပြောရသည်ဟု မက်လျှင် မိမိအိမ်ထောင်ဘက် သေကိန်းရှိသည်။ အိမ်ထောင်ဘက် ဆုံးရှုံးမည်။
- မင်းသား၊ မင်းသမီး တစ်ဦးဦးနှင့် တွေ့ရသည်ဟု မက်ပါက အိမ်တွင်းရေး ပြဿနာ စိတ်တိုဒေါသထွက်စရာများ ကြုံမည်။
- မိုးခေါင်ပြီး ခြောက်သွေ့ပူပြင်းသည့်ဟု မက်လျှင် ကံမကောင်း၊ စီးပွားရေးလုပ်ငန်းများ ဆုံးရှုံးမည်။ သတိရှိရမည်။
- မိုးရွာသည်ဟု မက်လျှင်အမွေအနှစ် ရရှိမည်။ မိုးသီးခဲများကို မြင်မက်ပါက သောကရောက် စိတ်ညစ်ရမည်။
- မိုးကောင်းကင်ကို မြင်မက်လျှင် ကံကောင်းသည်၊ မိုးကောင်းတွင် တိမ်ထူထပ်နေပါက အခက်အခဲတွေ့မည်။ တိမ်ကင်းစင်ပါက ကံကောင်းမည်။
- မိုးစွေမှက် သီဆိုကျူးရင့်သည်ကို ကြားရသည်ဟု မက်ပါက အကောင်းဆုံး နိမိတ်ဖြစ်သည်။ ယောင်အိမ်အတွင်း၌ တိတ်ဆိတ်စွာ ရှိနေသည်မှာမက်လျှင် မိမိလောဘကြောင့် အကြံအစည်ပျက်မည်။
- မိုက်မဲသော အဓိပ္ပာယ်မရှိသည့် အပြုအမူမျိုး ပြုလုပ်သည်ဟု မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။

၁ မုန့်တိုင်း မုတ်တိုင် စသည်ကို မြင်မက်လျှင် အကျပ်အတည်း ကြုံမည်။ ငွေချေးယူခြင်း ရှောင်ပါ။
၁ မယ်သီလရှင်နှင့် တွေ့ဆုံရသည်ဟု မက်လျှင် ကောင်းသော နိမိတ်ကို ဆောင်သည်။
၁ မက်မန်းသီးကို မြင်မက်ပါက စိုးရိမ်ပူပန်ရမည်။ မက်မန်းသီး စားရသည်ဟု မက်ပါက အခက်အခဲတွေ့မည်။ မက်ပန်းပင်များ ပေါ် ဖြတ်သွားရသည်ဟု မက်လျှင် အပေါင်းအသင်းမှားမည်။
၁ မေ့မြောနေသည့် သေခါနီး အနေအထားကို မြင်မက်ပါက ကံကောင်းမည်။
၁ မွေးနေ့ကို မြင်မက်ပါက မိမိမွေးနေ့ကို မက်လျှင် စီးပွားငွေကြေး အဆင်ပြေတိုးတက်မည်။ အခြားသူတစ်ဦး၏ မွေးနေ့ကို မြင်မက် ပါက ထိုသူသည် မိမိနှင့်ပတ်သက်ဆက်နွယ်၍ အကျိုးကျေးဇူး များ ရရှိလိမ့်မည်။
၁ မွေးစားသည်ဟု မက်ပါက မိမိက အခြားသူကို မွေးစားလျှင်ဖြစ်စေ အခြားသူက မိမိကို မွေးစားလျှင်ဖြစ်စေ။ ထိုသို့မက်လျှင် မိမိ နီးစပ်ရာ ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းများက သူတို့၏ အကျပ်အတည်းကို ဖြေရှင်းပေးရန် မိမိထံ အကူအညီ တောင်းခံ လိမ့်မည်။
၁ မွေ့ယာကို မြင်မက်လျှင် ဆင်းရဲမည်။
၁ မော်တော်ကားကို မြင်မက်ပါက ကံကောင်းသည်။ နိုင်ငံခြား တိုင်းတစ်ပါးနှင့်ဖြစ်စေ၊ တိုင်းတစ်ပါးရောက် သူငယ်ချင်းနှင့် ဖြစ်စေ အဆက်အသွယ်ရမည်။
၁ မွေးကြိုင်သောရနံ့ကို မြင်မက်ပါက အောင်မြင်မှုအနည်းငယ် ရရှိမည်။ ပျော်ရွှင်ကြည်နူးစရာ တွေ့ကြုံမည်။

○ မောင်းမဆောင်၊ အနောက်ဆောင်ကို မြင်မက်လျှင် မိမိယုံကြည်ထားသမျှ အတင်းအဖျင်းများ ဖြစ်နေမည်။ သို့သော် နောက်ဆုံးတွင် စိတ်အေးချမ်းရမည်။

○ မောက်မာစွာ ပြောဆို စော်ကားခံရသည်ဟုမက်လျှင် အရာရာအဆင်ပြေမည်။ သို့သော် မိမိက ,တခြားသူအပေါ် မောက်မာစွာ ဆက်ဆံသည်ဟု မက်လျှင် အခက်အခဲတွေ့မည်။

○ မိုးကာအင်္ကျီကို မြင်မက်လျှင် အေးချမ်းမည်။ စိုးရိမ်မှုများကင်းဝေးမည်။

○ မေးခိုင်ရောဂါဖြစ်သည်ဟု မက်လျှင် တဖျစ်တောက်တောက်ပြောဆိုတတ်သော အဖော်နှင့် အိမ်ထောင်ကျမည်။

○ မှတ်ဉာဏ်ကောင်းသည်၊ အရာရာကို မှတ်မိနေသည်ဟု မက်လျှင် လူနေမှုအဆင့်အတန်း မြင့်မားမည်။

○ မှော်ဆရာကို မြင်မက်ပါက ချမ်းသာကြွယ်ဝမည်။

○ မေ့မြောနေရာမှ ပြန်ရှင်လာသည်ဟု မက်လျှင် ဘာသာရေးနှင့်ဆိုင်သော ခရီးရှည်သွားရမည်။ ကြီးမားသော ပျော်ရွှင်မှုရမည်။

○ မိန့်ခွန်းပြောနေသည်ကို မက်လျှင် ဆုပူကြိမ်းမောင်း ခံရမည်။

○ မှောက်သည်၊ တစ်စုံတစ်ခုမှောက်ကျသည်ဟု မက်လျှင် အပူသောကကြီးမည်၊ အသက်အန္တရာယ် စိုးရိမ်ရသည့် ထိခိုက်မှု ဖြစ်ပေါ်မည်။

○ မေးရိုးတွင် တစ်ခုခု ထိခိုက်မိသည်ဟုမက်လျှင် ကံမကောင်း။ သို့သော် ထိခိုက်မှုပြန်ကောင်းသွားသည်ဟုမက်လျှင် အားလုံးအဆင်ပြေသွားမည်။

○ မိုးခြိမ်းသံကြားရသည်ဟုမက်လျှင် ကြီးမားသော အခက်အခဲကြုံမည်။

○ မိုးနှင်းလေးများ ကျနေသည်ကို မြင်မက်ပါက သဘောထား မတိုက်ဆိုင်၊ ဆန့်ကျင်ဘက်ပြုသော သူငယ်ချင်းများက မိမိကို အထောက်အကူပြုမည်။
○ မောင်းတီးသည်ဟုမက်လျှင် မိသားစုအတွင်း စိတ်လှုပ်ရှားစရာ ကိစ္စများ ကြုံမည်။ အသေးအဖွဲကိစ္စရပ်များ ရှောင်ရှားပါ။
○ မျက်မှန်ကို မြင်မက်လျှင် အခွင့်အလမ်းကောင်းများ လက်လွှတ် ဆုံးရှုံးမည်။
○ မျက်မှောင်ကြုတ်သည်ဟု မြင်မက်လျှင် ထိုအိပ်မက်မျိုးသည် စီးပွားရေး၊ ငွေကြေးကိစ္စများနှင့် မပတ်သက်ဘဲ၊ အိမ်တွင်းရေး သူငယ်ချင်းများနှင့်ဆိုင်သော ကိစ္စများ ပျော်ရွှင်မှုရမည်။
○ မျက်ခုံးမွေးကို မြင်မက်ပါက အရေးမကြီးသော ကိစ္စရပ်အဖြစ် ယူဆကြသော်လည်း အလွန်ကံကောင်းသည်။
○ မျက်ခွံ၊ မျက်ခမ်း စသည်ကို မြင်မက်ပါက မိမိပတ်ဝန်းကျင်၌ အခက်အခဲများ ဝန်းရံနေသည်။
○ မျက်စိ၊ မျက်ခမ်းစသည်ကို မြင်မက်ပါက မိမိပတ်ဝန်းကျင်၌ အခက်အခဲများ ဝန်းရံနေသည်။
○ မျက်စိ၊ မျက်လုံးကို မြင်မက်ပါက အရေးကြီးသော အပြောင်း အလဲဖြစ်ပေါ်မည်။ မိမိမျက်လုံးအတွက် စိုးရိမ်နေရသည်ဟု မက်ပါက အလုပ်အတူလုပ်သူတစ်ဦးက မိမိကို တိတ်တဆိတ် ဆန့်ကျင် ရန်မူမည်။
○ မျက်မှန်ကို မြင်မက်ပါက သူငယ်ချင်းထံမှ သတင်းကောင်း ကြားရမည်။ စီးပွားရေး ကောင်းမည်။
○ မျက်နှာကို မြင်မက်လျှင် အသွင်အပြင်ကိုလိုက်၍ နိမိတ်အမျိုးမျိုး ကောက်ယူကြသည်။ ရုပ်ဆိုးသော မျက်နှာကို မက်လျှင် နေ

မကောင်းဖြစ်မည်။ မျက်နှာသစ်နေသည်ဟု မက်လျှင် အခက်အခဲကြုံမည်။ လှပသော မျက်နှာကို မြင်မက်လျှင် ပြည့်စုံကြွယ်ဝမည်။ ထူးဆန်း အံ့ဩစရာကောင်းသော မျက်နှာကို မြင်မက်လျှင် နေထိုင်ရာနေရာ အပြောင်းအလဲပေါ်မည်။

၀ မျက်နှာသာပေးခြင်း ခံရသည်ဟု မက်ပါက မိမိလုပ်ငန်းတချို့၌ ငွေကြေးဆုံးရှုံးမည်။

၀ မျက်လုံး အပြာရောင်နှင့် လူကို မြင်မက်လျှင် မိတ်ဆွေသစ်တွေ့မည်။ အမဲရောင် မျက်လုံးနှင့်လူကို မက်လျှင် ချစ်သူနှင့်တွေ့မည်။ မုတ်ဆိတ်မွေးရှိသောလူကို မြင်မက်လျှင် ခရီးသွားသောသူ ပြန်လာမည်။ မျက်နှာပြုံးရွှင်နေသည်ကို မက်ပါက လိုအင်ဆန္ဒ ပြည့်ဝမည်။

၀ မျဉ်းပြိုင်များကို မြင်မက်ပါက စိတ်ညစ်စရာများ ကုန်ဆုံးပြီး တောက်ပသော အချိန်သို့ ရောက်ရှိမည်။

၀ မျက်လှည့်ဆရာကို မြင်မက်လျှင် မိမိဆုပ်ကိုင်သော အကြောင်းအရာများ ပိုမိုကောင်းမွန်သော အခြေအနေရောက်ရှိမည်။ ချိုတုံချတုံ မဖြစ်ပါနှင့်။

၀ မျက်စိကန်းနေသည်ဟု မြင်မက်ပါက ကိုယ်တိုင်ဖြစ်စေ၊ တခြားသူတစ်ဦးဦးဖြစ် မြင်မက်လျှင် အနီးအနားမှ သူတစ်ဦးဦး၏ သစ္စာဖောက်ခြင်းခံရမည်။

၀ မျက်နှာသုပ်ပဝါကို မြင်မက်လျှင် အနာရောဂါ ခံစားရမည်။

၀ မျက်လှည့်ပွဲ၊ မျက်လှည့်ပြသည်ကို မြင်မက်လျှင် မမျှော်လင့်သော အပြောင်းအလဲပေါ်မည်။ ထိုအပြောင်းအလဲသည် သူငယ်ချင်း ဆုံးရှုံးရခြင်း၊ ကံမကောင်းသောဖြစ်ရပ်များ ဖြစ်နိုင်သည်။

○ မျက်နှာဖုံးတပ်ဆင်ထားသူကို မြင်မက်လျှင် ကျိန်းသေ သစ္စာဖောက်ခြင်းခံရမည်။

○ မျက်စိကို အဝတ်ဖြင့်စည်းထားသည်ကို မိမိမိကိုယ်တိုင်ဖြစ်စေ၊ အခြားသူတစ်ဦးဦးကိုဖြစ်စေ မြင်မက်ပါက အချစ်ရေး၊ အိမ်ထောင်ရေး ကံဆိုးသည်။

○ မျက်နှာကြက်ကို မြင်မက်ပါက မိတ်ဆွေသူငယ်ချင်းများနှင့် မပြေလည်ဖြစ်မည်၊ နှာမကျန်းဖြစ်မည်။

○ မျက်နှာပြောင်တိုက်၊ အရှက်မရှိသည်ကို မြင်မက်လျှင် ကံကောင်းသည်။

○ မျက်နှာပျက်၊ သိက္ခာကျရသည်ဟုမက်လျှင် ဆန့်ကျင်ဘက်အဖြစ် အရာရာ အဆင်ပြေ ကံကောင်းလိမ့်မည်။

○ မျက်ရည်ကျသည်ဟုမက်ပါက ပျော်ရွှင်မှုရမည်၊ အဆင်ပြေလိမ့်မည်။

○ မျှော်စင်ကိုမြင်မက်လျှင် ကံမကောင်း၊ အရာရာဆုံးရှုံးမည်။

○ မျက်စိစွေနေသူကို မြင်မက်လျှင် အချစ်ရေး အဆင်ပြေမည်။

○ မျက်စိကုဆရာဝန်ကို မြင်မက်လျှင် မိမိကို နောက်ယောင်ခံစောင့်ကြည့်သူရှိနေမည်၊ ထောင်ချောက်မိ မခံရစေနှင့်။

○ မျောပါသွားသည်ဟုမက်လျှင် အစားအသီး အနှောင့်အယှက်တွေ့မည်။ လှေနှင့်မျောပါသွားပြီး ကမ်းသို့ရောက်ရှိသွားသည်ဟုမက်လျှင် အရာရာအဆင်ပြေမည်။ သို့သော် မိမိမျောပါသွားသောလှေမှောက်သည်ဟု မက်ပါက အလွန်ကံဆိုးသည်။

○ မျှော့တွယ်သည်ဟုမက်လျှင် ကံကောင်းသည်၊ ပျော်ရွှင်မှုရမည်၊ မိတ်ဆွေသစ် တိုးပွားမည်။

○ မြစိမ်းရောင်၊ မြကျောက်ကိုမြင်မက်လျှင် အရှေ့ကိုင် အယူ အဆအရ အလွန်ကံကောင်းသည်ဟု ဆိုသည်။ အနောက်တိုင်း အယူအဆအရ စီးပွားရေးလုပ်ငန်းများကို မိမိချစ်သူနှင့်ဖြစ်စေ၊ အပေါင်းအသင်းနှင့်ဖြစ်စေ အတူတူကိုင်တွယ်ဖြေရှင်းရမည်ဟု ဆိုသည်။

○ မြွားတံကို မြင်မက်ပါက ကံဆိုးသည်။ အများ၏ ဆန့်ကျင် တိုက်ခိုက်ခံရမည်။

○ မြွေငယ်လေးသည် အဆိပ်ပြင်းသည်ဟုမက်ပါက မိမိတွင် ရန်များမည်။ မထိတထိ တုတ်နှင့်ထိုးသည်ဟုမက်ပါက မိမိတွင် အန္တရာယ်ပြုခြင်းခံရမည်။ မိမိက သတ်လိုက်သည်ဟုမက်ပါက ရန်သူကို အောင်နိုင်မည်။

○ မြေပုံစာအုပ်ကို မြင်မက်ပါက ဝေးကွာသောအရပ်တွင် ရင်းနှီး မြှုပ်နှံမှုများပြုလုပ်ပြီး ခရီးဝေးသွားရတတ်သည်။

○ မြည်းကိုတွေ့ရသည်ဟုမက်ပါက ချစ်သူနှင့် အဆင်ပြေမည်။ စီးရသည်ဟုမြင်မက်က ခိုက်ရန်ဖြစ်ပွားမည်။ အကန်ခံရသည်ဟု မက်ပါက အန္တရာယ်ကင်းမည်။ မြည်းအော်သံကြားရပါက အသက်အရွယ်ကြီးသောမိတ်ဆွေ ဆုံးရှုံးမည်။

○ မြှုပ်နှံသင်္ဂြိုဟ်သည်ဟုမက်လျှင် အိမ်ထောင်ကျကိန်းရှိသည်။

○ မြင်းလှည်းကိုမြင်မက်လျှင် ကံကောင်းသည်။ နိုင်ငံခြားနှင့် ဆက်စပ်လုပ်ကိုင်ရမည်။

○ မြီးညှပ်ပိုးကောင်ကိုမြင်မက်လျှင် ရန်သူများမည်။ တစ်ဦးတည်း ရှိလျှင်ပင် ထိုတစ်ဦးက ဒုက္ခပေးမည်။

○ မြေအောက်အကျဉ်းစခန်းကိုမက်လျှင် ဒုက္ခအခက်အခဲကြုံမည်။ လွတ်မြောက်သွားသည်ဟုမက်လျှင် အခက်အခဲ ကျော်လွန်သွား မည်။ မလွတ်မြောက်နိုင်ဟုမက်လျှင် စီးပွားရေးတွင် ဆုံးရှုံးမည်။

○ မြေပွေးကဲ့သို့ ဆင်ပစ်မြွေတစ်မျိုးကို မြင်မက်ပါက မိတ်ဆွေအတုအယောင်များ သတိထားရမည်။
○ မြေဖြူ၊ မြေဖြူတောင်ကို မြင်မက်ပါက စိတ်ပျက်အားငယ်စရာများ ကြုံမည်။
○ မြေအောက်ခန်းကိုမြင်မက်လျှင် စိတ်ညစ်စရာများ တွေ့ရမည်။
○ မြို့ကြီး၊ မြို့တော်ကိုမြင်မက်လျှင် မိမိရည်မှန်းသည့်အတိုင်း အောင်မြင်မှု ရယူနိုင်မည်။
○ မြေပြင်တွင်ဝပ်၍ တွားသွားရသည်ဟုမက်ပါက အချစ်ရေး အဆင်မပြေ။
○ မြင်းပြိုင်ပွဲကို မြင်မက်ပါက ကံကောင်းမည်။ အဝေးမှ စည်းစိမ်ဥစ္စာများရရှိမည်။
○ မြက်ရိပ်နေသည်ဟုမက်လျှင် စီးပွားရေးတွင် အောင်မြင်မည်။
○ မြက်ခင်းပြင်ပေါ်တွင် နှင်းများကျရောက်နေသည်ဟု မက်လျှင် အလွန်ကံကောင်းသည်၊ သဘာဝ၏ ကောင်းချီးပေးမှုတစ်ရပ်ဖြစ်သည်။
○ မြင်းတပ်ကိုမြင်မက်လျှင် အချစ်ရေး ကံကောင်းမည်။
○ မြင်းကလေး၊ မြည်းကလေးကို မြင်မက်ပါက ကလေးမွေးဖွားသောသတင်း ကြားရမည်။
○ မြူနှင်းများကို မြင်မက်ပါက အချစ်ရေးနှင့်ပတ်သက်ပြီး အနှောင့်အယှက်ကြီးမားသော အိပ်မက်ဖြစ်သည်။ မြူနှင်းများ အဝေးသို့ လွင့်ပါသွားပြီး နေရောင်ခြည် ထွက်လာသည်ဟု မက်ပါက စိတ်ပျက်စရာများ အဝေးသို့ လွင့်ပျယ်သွားမည်။
○ မြေခွေးကိုမြင်မက်လျှင် မိမိပတ်ဝန်းကျင် အသိုင်းအဝိုင်းတွင် အန္တရာယ်ရှိသည်။ မိမိက မြေခွေးကို သတ်လိုက်သည်ဟု မက်ပါက အကျပ်အတည်းကို ကျော်လွှားအောင်မြင်မည်။

○ မြေထည်ခွက်ဖြင့် ရေသောက်ရသည်ဟု မက်လျှင် ကံကောင်း ပျော်ရွှင်မည်။
○ မြက်ခင်းပြင် စိမ်းစိုလန်းဆန်းနေသည်ဟု မက်ပါက ကံကောင်း မည်။
○ မြေကြီးကို မြင်မက်လျှင် လူနေမှုအဆင့်အတန်း နိမ့်ကျသော အခြေအနေသို့ ရောက်မည်။
○ မြင်းခေါင်းကိုသိုင်းသော ပါးချပ်ကြိုးကို မြင်မက်လျှင် ငယ်စဉ်က မိမိ၏ ကစားဖော်သည် မိမိ၏ အိမ်ထောင်ဘက်ဖြစ်လာမည်။
○ မြင်းစီးနေသည်ဟုမက်လျှင် ကံကောင်းသည်။
○ မြင်းသံခွာကို မြင်မက်လျှင် အမွေအနှစ်ရမည်၊ ခရီးသွားရမည်။
○ မြင်းတပ်သားကို မြင်မက်လျှင် အများ၏ ချစ်ခင်မြတ်နိုးမှုများ ဆုံးရှုံးမည်။
○ မြည်းအထီးကို မြင်မက်လျှင် ကံကောင်းသည်။ အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းမည်။
○ မြူးကြွသော တီးလုံးအကဖြင့် ကနေသည်ဟုမက်လျှင် အခြား သူများ၏ မလိုမုန်းထားခြင်း ခံရမည်။
○ မြေပြိုသည်ဟုမက်လျှင် မိမိရောက်ခဲ့ဖူးသောနေရာသို့ အလည် သွားရောက်ရမည်။
○ မြေပြင်ရှုခင်းသည် သာယာလှပနေသည်ဟုမက်လျှင် အလွန် ကံကောင်းမည်။ အကယ်၍ မြေပြင်သည် မရှင်းလင်းဘဲ တော တောင် ပိတ်ဖုံးနေသည်ဟု မက်လျှင် အခက်အခဲများ တွေ့ကြုံ မည်။
○ မြေပိုင်ရှင်ကို မြင်မက်လျှင် ကံမကောင်း၊ အိမ်တွင်းရေး ပြဿနာ ရှိမည်။

○ မြေပိုင်ရှင်က မိမိကို ဖယ်ရှားမောင်းထုတ်နေသည်ဟု မက်လျှင် ခါးသီးနာကြည်းဖွယ် စိတ်ညစ်စရာ ကြုံမည်။ မြေကြီးများ သယ်၍ ဖယ်ရှားနေသည်ဟု မက်လျှင် မကောင်းသောနေရာ အပြောင်းအရွှေ့ပေါ်မည်။

○ မြေညြဓာနှင့် စိုက်ပျိုးနေသည်ဟု မက်လျှင် မြင့်မြင့်မားမား ချမ်းသာစေခြင်းမျိုး မဟုတ်သော်လည်း ကံကောင်းသည်။

○ မြေပုံကို မြင်မက်လျှင် အလုပ်ရာထူး၊ နေအိမ်နေရာ၊ နေထိုင်မှု ပုံစံတစ်ခုခုတွင် အပြောင်းအလဲပေါ်မည်။ မြေပုံတွင် အရောင် မျိုးစုံပါရှိလျှင် ကံကောင်းသည်။

○ မြင်းကြားကို မြင်မက်လျှင် သူငယ်ချင်းများနှင့် သဘောထား ကွဲလွဲမည်။

○ မြွေပါမြီးတိုကို မြင်မက်လျှင် အနှောင့်အယှက်ရှိသည်။ အကြောင်း ပြချက်မရှိဘဲ၊ မိမိအား မိတ်ဖွဲ့သူများကို ရှောင်ရှားပါ။

○ မြွေကို မြင်မက်လျှင် ငွေဝင်မည်။ သို့သော် မိမိကို သစ္စာဖောက် မည်။ အန္တရာယ်ရှိသည်။ ကြိုတင်စီစဉ်မှု မရှိသည့်အတွက် ကံ မကောင်းမှု ကြုံတွေ့မည်။

○ မြွေပါ၏ သားမွေးကို မြင်မက်လျှင် သာမန်ထက်ပိုသော ငွေကြေးဖြုန်းတီးမှု ပေါ်ပေါက်မည်။

○ မြစ်ကို မြင်မက်လျှင် မြစ်ရေကြည်လင်နေပါက ကံကောင်း အဆင်ပြေမည်။ နောက်ကျိနေပါက အနှောင့်အယှက်များ ကြုံ မည်။ မြစ်ထဲသို့ ခုန်ချသည်၊ ပြုတ်ကျသည်ဟု မက်လျှင် အိမ်တွင်းရေး စိုးရိမ်ပူပန်ရမည်။

○ မြေကွက်ငယ်လေးများကို မြင်မက်လျှင် အရေးကြီးသော သဘော တူညီချက်များ ပြုလုပ်ရမည်။ အံ့အားသင့်စရာ အပြောင်းအလဲများ ကြုံတွေ့မည်။

- ○ မြင့်မြတ်သောမျိုးနွယ်မှ ပုဂ္ဂိုလ်များနှင့် ပေါင်းသင်းရသည့်ဟု မက်လျှင် ကံမကောင်း။
- ○ မြေထဲပင်လယ်ကို မြင်မက်လျှင် ပင်လယ်ကမ်းခြေမြို့သို့ အလည်သွားရမည်။ ချမ်းသာကြွယ်ဝမည်။
- ○ မြောက်ဘက်အရပ်သို့ ခရီးထွက်သည်ဟု မက်လျှင် ခဲရာခဲဆစ် ရုန်းကန်လှုပ်ရှားရမည်။ နောက်ဆုံးတွင် အောင်မြင်မှု ရမည်။
- ○ မြင်းဟီသည်ဟု မက်လျှင်ကံကောင်းသော သင်္ကေတဖြစ်မည်။
- ○ မြောက်ပင့်ပြောဆိုသည်ဟု မက်လျှင် စိတ်ပျက်စရာ အကျပ်အတည်းများ ကြုံတွေ့မည်။

❐

# ယ

၁ ယင်ကောင်ကို မြင်မက်ပါက စိတ်အနှောင့်အယှက်ဖြစ်ရကြုံမည်။

၁ ယမ်းမှုန့်ကို မြင်မက်ပါက ယောက်ျားလေးမြင်လျှင် အိမ်တွင်းရေးအပြောင်းအလဲများ ဖြစ်ပေါ်မည်။ မိန်းကလေးဖြစ်လျှင် စစ်သားနှင့် အိမ်ထောင်ကျမည်။

၁ ယုန်ကိုမြင်မက်လျှင် မကောင်းသော အိပ်မက်ဖြစ်သည်။ အရာရာခက်ခဲမည်။ နေအိမ်နေရာ ပြောင်းရွှေ့ပေးလျှင် အဆင်ပြေလာနိုင်မည်။

၁ ယားနာဖြစ်သည်ဟု မက်လျှင် အခြေအမြစ်မရှိသော ကောလာဟလစကားများကြောင့် စိုးရိမ်ကြောက်ရွံ့နေမည်။

၁ ယိုစိမ့်ထွက်သည်ဟု မြင်မက်လျှင် အလဟဿအချိန်နှင့် ငွေကိုဖြုန်းတီးနေမည်။ မိမိ၏လုပ်ရှားမှု နယ်ပယ် ပို၍ ကျယ်ပြန့်လာမည်။

၁ ယက်ကန်းစင်ကို မြင်မက်လျှင် ငွေကြေးအနည်းငယ် ဆုံးရှုံးမည်။

- ယာဉ်ရထားကို မြင်မက်လျှင် ငွေကြေးအနည်းငယ် မည်။
- ယှဉ်ပြိုင်ပွဲပြုလုပ်နေသော အားကစားပွဲတစ်ခုခုကို မြင်မက်ပါက ကံမကောင်း။ ထိုပြိုင်ပွဲတွင် အောင်မြင်မှုများ ရရှိသည်ဆိုလျှင် ပို၍ မကောင်းခြင်းကို ဖြစ်စေသည်။
- ယှဉ်ပြိုင်တိုက်ခိုက်နေသည်ဟု မက်ပါက ဆွေမျိုးသူငယ်ချင်းများနှင့် ပတ်သက်၍ အခက်ကြုံမည်။ သစ္စာဖောက်သောရန်သူနှင့် တွေ့မည်။
- ယောက္ခမကို မြင်မက်ပါက ကျန်းမာရေးကောင်းမည်။
- ယောကျ်ား အစေခံကို မြင်မက်လျှင် မမျှော်လင့်ဘဲ အခက်အခဲကြုံမည်။ မခန့်လေးစား ဆက်ဆံခြင်း ခံရမည်။
- ယောက်ချိုစွန်းကြီးကို မြင်မက်လျှင် ဝေးကွာနေသော သူငယ်ချင်းထံမှ သတင်းစကား ကြားရမည်။
- ယပ်တောင်ခတ်နေသည်ဟု မက်လျှင် စိတ်ညှို့၍စိတ်ရှုပ်ထွေးရမည်။
- ယူနီဖောင်း ဝတ်ထားသည်ကို မြင်မက်လျှင် အရာရာအဆင်ပြေမည်။
- ယုံကြည်သက်ဝင်မှုရှိသည်ဟု မက်လျှင် ဘာသာတရားနှင့်ပတ်သက်ပြီး ကောင်းသော နိမိတ်ကို ဆောင်သည်။

□

# ၇

၁ ရသေ့ကို မြင်မက်လျှင် ဝမ်းနည်းမှုဆွေးရမည်။

၁ ရတုသဘင်အခမ်းအနားကို မြင်မက်လျှင် ချမ်းသာသော ဆွေမျိုးသားချင်းများ၏ အထောက်အပံ့ရမည်။

၁ ရည်းစားက စွန့်ပစ်သွားသည်ဟုမက်လျှင် အိမ်ထောင်ရေးဘဝ သာယာပြီး ပျော်ရွှင်မည်။

၁ ရည်းစားစာကို မြင်မက်လျှင် ကျေနပ်ဖွယ်ရာ မရှိသော ဖြေရှင်းချက်များကြောင့် ကြီးမားသော ဆက်ဆံရေးပြတ်တောက်သွားမည်၊ ပွင့်လင်းမှုသည် ချီးကျူးဖွယ်ရာ အရည်အချင်းတစ်ရပ်ဖြစ်သည်ကို သတိရပါ။

၁ ရာသီဥတုအလွန်ဆိုးဝါးသည်ဟု မက်ပါက မဝေးသောကာလတွင် မိမိ၌ အန္တရာယ်ကျရောက်နိုင်သည်။ အထူးသတိရှိရမည်။ အခက်အခဲ တချို့ရင်ဆိုင်ရမည်။

၁ ရာဇဝတ်မှုတစ်ခုခုကို မြင်မက်ပါက မိမိအတွက် အောင်မြင်မှု အထွတ်အထိပ်ကို ရောက်ရှိမည်။

၁ ရာထူးနေရာကို မိမိလက်လွှတ် ဆုံးရှုံးရသည်ဟု မက်ပါက အချစ်ရေး၊ အိမ်ထောင်ရေး အဆင်မပြေဖြစ်မည်။

၀ ရှာလကာရည်ကို မိမိလက်လွှတ်ဆုံးရှုံးရသည်ဟု မက်ပါက အချစ်ရေး အိမ်ထောင်ရေး အဆင်မပြေ ဖြစ်မည်။

၀ ရှာဖွေတွေ့ရှိသည်ဟု မက်လျှင် မိမိငွေကြေးဆုံးရှုံးမည်။ ပို၍ တန်ဖိုးကြီးသော ပစ္စည်းရှာတွေ့လေ၊ မိမိအတွက်ဆုံးရှုံးမှု ပိုကြီးမားလေဖြစ်မည်။

၀ ရှာဖွေဖော်ထုတ်သည်ဟု မက်လျှင် မိမိအားဆန့်ကျင် သားပုပ်လေလွင့် ပြောဆိုမှုများမှ ကာကွယ်ရလိမ့်မည်။

၀ ရေကြောင်းတိုက်ပွဲကို မြင်မက်လျှင် မိသားစု (သို့) သူငယ်ချင်းများ ရာထူးတိုးမြှင့်ခြင်း ခံရမည်။

၀ ရေကြောင်းထိန်းသိမ်းရေး သင်္ဘောကြီးကို မြင်မက်လျှင် ခရီးရှည် သွားရမည်။

၀ ရေတပ်ကို မြင်မက်လျှင် အချစ်ရေးတွင် ပြဿနာပေါ်မည်။

၀ ရေလှုံသည်၊ ရေလွှမ်းသည်ဟုမက်လျှင် စီးပွားငွေကြေး အဆင်ပြေ အောင်မြင်မည်။

၀ ရေထဲပြုတ်ကျသွားသည်ဟု မက်လျှင် ကံဆိုးသည်။ ရေထဲမှ တစ်ဦးဦးက ဆယ်ယူလိုက်သည်ဟုမက်လျှင် ပြည့်စုံ ချမ်းသာမည်။

၀ ရေမွှေးဆွတ်သည်၊ ရေမွှေးနံ့ရသည်ဟု မြင်မက်လျှင် အချစ်ရေး ကုန်သွယ်ရေး ကောင်းမွန်အဆင်ပြေမည်။

၀ ရေနံချေးကို မြင်မက်လျှင် အလွယ်တကူ ငွေဝင်မည်။ သို့သော် မိမိ၏ ဂုဏ်သတင်းအတွက် အန္တရာယ်ရှိသည်။

၀ ရေကန်၊ ရေအိုင်သည် သာယာကြည်လင်နေပါက ကောင်းသော နိမိတ်ဖြစ်သည်။ ညစ်ပတ်ပြီး ရွှံ့နွံများ ပြည့်နေပါက အခက်အခဲများတွေ့မည်။

၁  ရေဘုံဘိုင်မှ ရေကြည်လင်နေသည်ဟု မက်ပါက ကံကောင်းသည်၊ ချမ်းသာကြွယ်ဝမည်၊ ရေနောက်ကျိနေသည်ဟု မက်ပါက စိတ်ပူပန်ရမည်။ အတင်းအဖျင်း ပြောခံရမည်။
၁  ရေလှောင်ကန်ထဲတွင် ရေအပြည့်နှင့် ကြည်လင်နေသည်ဟု မက်ပါက ကုသိုလ်ကံကောင်းမည်။
၁  ရေနွေးပူကို မြင်မက်လျှင် ပထမဦးစွာ အခက်အခဲကြုံပြီး၊ နောက်ပိုင်းမှ အောင်မြင်မည်။
၁  ရေပန်းပွားကို မြင်မက်လျှင် လိမ်ညာလှည့်စားသောသူများကြောင့် မိမိအကြံအစည်များ နှောင့်နှေးမည်။
၁  ရေနွေးငွေ့ကို မြင်မက်လျှင် မိမိနှင့်ချစ်သူကြား သံသယနှင့် မတူကွဲပြားမှုများကြောင့် ဝေးကွာမည်။
၁  ရေခဲလျှောစီးသည်ဟုမက်လျှင် အခြားသူများ၏ အကျပ်အတည်းတွင် ပါဝင်ပတ်သက်လိမ့်မည်။
၁  ရေကူးနေသည်ဟုမက်လျှင် အခက်အခဲကြုံတွေ့ရသော်လည်း အောင်မြင်မည်။
၁  ရေထဲတွင် ကြိုးစားသွားလာရသည်ဟု မက်ပါက ရေသည်ကြည်လင်နေလျှင် ချစ်သူများအတွက် ကောင်းသော နိမိတ်ဖြစ်သည်။ နွံ့ရေများဖြစ်ပါက မကြာမီအမှန်တရားကို တွေ့ရှိလိမ့်မည်။
၁  ရေတံခွန်ကို မြင်မက်လျှင် ပျော်စရာကောင်းသော နေရာများသို့ သွားရောက်လည်ပတ်ရမည်။
၁  ရေတွင်းထဲမှ ရေဆွဲတင်သည်ဟု မက်လျှင် အကျိုးအမြတ်များ ရရှိအောင်မြင်မည်။ ရေတွင်းထဲပြုတ်ကျသည်ဟုမက်လျှင် မဆိုစလောက်သော အန္တရာယ် အနည်းငယ်ရှိသည်။
၁  ရေကရားအဝကျယ်ကို မြင်မက်လျှင် အန္တရာယ်ရှိသည်။ မိမိ၏ အတွင်းရေးများကို လုံခြုံအောင် ထိန်းသိမ်းရမည်။

○ ရေညှိကို မြင်မက်ပါက မိမိ၏ လုပ်ငန်းသဘောတူညီချက် အပေး အယူများ အထူးသတိထားရမည်။
○ ရေသူမကို မြင်မက်လျှင် ကံမကောင်း။
○ ရေမွှေးပန်းကို မြင်မက်လျှင် အေးချမ်းပျော်ရွှင်မည်။
○ ရေနွေးကရားကို မြင်မက်ပါက ကရားသည် သန့်ရှင်းတောက် ပြောင်နေသည်ဟု မက်လျှင် အလွန်ပျော်ရွှင်ရမည်။ ညစ်ပေနေပြီး ကရားထဲမှ ရေနွေးဆူနေသည်ဟု မက်လျှင် အခက်အခဲတွေ့မည်၊ ဆုံးရှုံးမည်။
○ ရေကရားကျက်ကွဲသွားသည်ဟု မက်လျှင် မိမိအတွက် ကံကောင်း မည်။ ရေကရားဖြင့်သောက်နေသည်ဟု မက်လျှင် ကံမကောင်း။
○ ရေကရား၊ ရေတကောင်း စသည်ကို မြင်မက်လျှင် ကံကောင်း မည်။
○ ရေကြီးသည်ဟု မက်လျှင် အရာရာ ဆုံးရှုံးမှုပေါ်မည်။
○ ရေမြှုပ်၊ အမြှုပ်ထသည်ဟု မက်လျှင် မိမိသည် ပတ်ဝန်းကျင်၏ ချီးကျူးဂုဏ်ပြုမှုကို ရရှိလိမ့်မည်။
○ ရေတကောင်းကို မြင်မက်လျှင် နာမကျန်းဖြစ်မည့် နိမိတ်ဖြစ်သည်၊ ကျန်းမာရေး သတိရှိရမည်။
○ ရေမွှေးပန်းကို မြင်မက်ပါက မိမိသည် မူလနာမည်မဟုတ်သော အခြားနာမည်တစ်ခုဖြင့် ကျော်ကြားလိမ့်မည်။
○ ရေဖိုက်ခေါင်းကို မြင်မက်လျှင် ဝင်ငွေကောင်းမည်။
○ ရေပန်းကို မြင်မက်လျှင် ရေသည် ကြည်လင်နေပါက အတိတ် နိမိတ်ကောင်းသည်၊ ကံကောင်းသည်။
○ ရေမြောင်းကို မြင်မက်လျှင် အရာရာအဆင်ပြေသော်လည်း စိတ်အနှောင့်အယှက်ဖြစ်စရာ အနည်းငယ် ကြုံတွေ့မည်။

○ ရေတံလျှောက်ကို မက်လျှင် အေးချမ်းမည်။ ရေတံလျှောက်ထဲတွင် တန်ဖိုးရှိ ပစ္စည်းတစ်ခုခုတွေ့လျှင် ချမ်းသာကြွယ်ဝမည်။
○ ရေခဲကို မြင်မက်လျှင် ကံမကောင်း၊ အခက်အခဲတွေ့မည်။
○ ရေခဲတောင်ကို မြင်မက်လျှင် ကြုံတွေ့ရသော ဒုက္ခတိုင်း မိမိအတွက် ခွန်အားဖြစ်စေပြီး နောက်ဆုံးအောင်မြင်ပျော်ရွှင်မှုများ ရမည်။
○ ရေကာတာကို မြင်မက်ပါက မိမိလိုအင်ဆန္ဒများ အလုံးစုံမပြည့်ဝနိုင်သော်လည်း ယခင်က ရင်းနှီးချစ်ခင်ဖူးသူတစ်ဦး မိမိဘဝအတွင်း ပြန်လည်ရောက်ရှိလာမည်။
○ ရေဆာပြီး၊ ရေမသောက်ရ၊ မက်လျှင် ကံဆိုးမည်၊ အကယ်၍ ပူသောရေ၊ မသန့်ရှင်းသောရေကို သောက်ရသည်ဟု မက်လျှင် မကောင်း၊ ကြည်လင်သန့်ရှင်းသောရေကို သောက်ရသည်ဟု မက်လျှင် ကံကောင်းသည်။
○ ရေစက်၊ ရေပေါက်ကို မြင်မက်ပါက ထွက်သွားသော ငွေကြေး အနည်းငယ် ပြန်ဝင်မည်။
○ ရေနစ်သည်ဟု မက်လျှင် ကံဆိုးသည်။ စီးပွားရေးလုပ်ငန်း လုပ်သူများအတွက် ကြီးမားသော ဆုံးရှုံးမှု ပေါ်ပေါက်မည်။ သို့သော် ထိုသို့ ရေနစ်သည်ကို တစ်စုံတစ်ဦးက ကယ်တင်လိုက်သည်ဟု မက်ပါက မိတ်ဆွေသူငယ်များထံမှ အကူအညီရမည်။
○ ရေစည်ပိုင်းထဲတွင် ရေအပြည့်ရှိပြီး ထောင်ထားသည်ဟု မက်ပါက အောင်မြင်မှုများရမည်။ စည်ပိုင်းထဲတွင် ဘာမှမရှိဘဲ လှိမ့်နေသည်ဟုမက်ပါက စိတ်ညစ်၊ စိတ်ရှုပ်ထွေးရမည်။
○ ရေဖြန်းမင်္ဂလာ(ခရစ်ယာန်နှစ်ခြင်းမင်္ဂလာ)ကို မြင်မက်ပါက ကြိုတင်မှန်းဆမထားသော အကျပ်အတည်းဒုက္ခ ကြုံတွေ့မည်။

၁ ရေချိုးသည်၊ ရေချိုးခန်းတွင်းမှ ရေဖွင့်ချသည်ဟုမက်ပါက လုပ်ငန်းများ အောင်မြင်မည်။ သို့သော် ညစ်ပတ်သော ရွှံ့ရေများဖြင့် ချိုးသည်ဟုမက်လျှင် အခက်အခဲတွေ့မည်။ ရေအေးဖြင့် ချိုးသည်ဟု မက်ပါက ဝမ်းနည်းဖွယ်ရာ ကြုံတွေ့မည်။

၀ ရေနွေးဖြင့် ချိုးသည်ဟု မက်ပါက ချစ်သူနှင့် သူငယ်ချင်းများ ခွဲခွာလိမ့်မည်။

၀ ရေလှောင်ကန်ကို မြင်မက်ပါက စီးပွားငွေကြေး တိုးတက်မည်။

၀ ရေကြီးသည်ဟု မက်ပါက အချစ်ရေးကံမကောင်း၊ ခိုက်ရန်ဖြစ်ပွားမည်။

၀ ရေတံခွန်အကြီးစားကို မြင်မက်ပါက မိမိအိမ်တွင်းရေး သာယာပျော်ရွှင်မည်။

၀ ရေစိုရွှဲနေသည်ဟု မက်ပါက မိမိသော်လည်းကောင်း၊ မိမိအနီးအနားမှ တစ်ယောက်ယောက်သော်လည်းကောင်း နာမကျန်းဖြစ်မည်။

၀ ရင်ထိုး အမှတ်တံဆိပ်ကို မြင်မက်ပါက မကြာမီ ရာထူးအဆင့်တိုးမြှင့်မည်။

၀ ရင်ဘတ်၊ ရင်အုံ နာကျင်သည်ဟု မက်လျှင် မကျန်းမမာဖြစ်မည်။ တစ်စုံတစ်ဦး၏ ရင်သား၊ ရင်ဘတ်ပေါ်တွင် လဲလျောင်းအနားယူနေသည်ဟု မက်ပါက သစ္စာရှိသော မိတ်ဆွေစစ်၊ မိတ်ဆွေမှန်တွေ့မည်။

၀ ရင်ထိုးကို မိမိအိမ်တွင်နေရင်း ဝတ်ထားသည်ဟု မက်လျှင် ကံကောင်းမည်။ အခြားမရောက်ဖူးသော နေအိမ်တွင် ဝတ်ထားသည်ဟုမက်လျှင် ပြဿနာ အရှုပ်အထွေး ရင်ဆိုင်ရမည်။

၀ ရန်ဘက်၊ ရန်သူကို မြင်မက်ပါက မိမိအတွက် အစဉ်အမြဲ ကံကောင်းသော နိမိတ်ဟု မှတ်ယူရမည်။

- ရန်စ စော်ကားခံရသည်ဟု မက်ပါက ဆန့်ကျင်ဘက် မှတ်ယူရသည်။ ထိုသို့မက်လျှင် စိတ်အနှောင့်အယှက် အနည်းငယ်ကြုံတွေ့ရသော်လည်း မကြာမီ ပြေလည်အေးချမ်းသွားမည်။
- ရန်သူနှင့် တွေ့သည်၊ မိမိမနှစ်သက်သူနှင့် တွေ့သည်ဟုမက်လျှင် ကံကောင်းသည်။
- ရန်ညှိုးထား မုန်းတီးသည်ဟုမက်လျှင် မိမိမိတ်ဆွေ သူငယ်ချင်းများ၏ အကူအညီကြောင့် ကြီးမားသော အောင်မြင်မှုရမည်။
- ရဲ၊ ရဲသားကို မြင်မက်လျှင် အခက်အခဲမည်မျှရှိစေ အောင်မြင်စွာ ကျော်လွှားနိုင်မည်။
- ရဲဒင်းကို မြင်မက်လျှင် ကံဆိုးသည်။ မကြာမီ အန္တရာယ်နှင့် တွေ့ကြုံတော့မည်။
- ရဲရဲတောက်လောင်နေသည်ဟု မက်လျှင် အနာဂတ်တွင် မိမိ၏ ကုသိုလ်ကံ တစ်ဟုန်ထိုး တိုးတက်လာမည်။
- ရဲစွမ်းသတ္တိရှိသည်ဟုမက်လျှင် ပြဿနာများ ကြုံတွေ့မည်။ ဖြစ်ပေါ်လာသည့် အရေးပေါ်ကိစ္စများ ခေါင်းအေးအေးထား ဖြေရှင်းမှ အဆင်ပြေမည်။
- ရဲတိုက်ကို မြင်မက်လျှင်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုသော်လည်း မိမိဒေါသကို မထိန်းနိုင်သောကြောင့် ရန်များမည်။
- ရက်စက်သော အပြုအမူတစ်ခုခုကို တွေ့ရှိရသည်ဟု မက်ပါက မိမိထံ၌ အကူအညီ လိုအပ်လိမ့်မည်။
- ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်ကို တွေ့ရသည်ဟု မက်ပါက အရှက်ရစရာ၊ သိက္ခာကျစရာကိစ္စများ ပေါ်ပေါက်မည်။
- ရိုက်နှက်နေသည်ဟု မက်လျှင် မိမိကရိုက်နှက်သည်ဟု မက်ပါက ကံကောင်းသည်။ သာယာအဆင်ပြေမည်။

- ရုပ်ပုံလွှာ မန်းချီတစ်ခုခုကို မြင်မက်လျှင် မတော်တဆ ထိခိုက်မှု ဖြစ်ပေါ်မည်။
- ရုပ်အကျိုကို မြင်မက်လျှင် ကံကောင်းသည်။
- ရုက်ရှုံးသည်၊ အရှက်ရသည်ဟု မက်ပါက ပျော်ရွှင်စရာကောင်းသော ညှော်ခံပွဲတစ်ခုသို့ သွားရောက်ရမည်။
- ရှန်ပိန်အရက်ကို သောက်ရသည်ဟု မြင်မက်ပါက အချစ်ရေးကံဆိုးမည်။
- ရုပ်ရှင်ပွဲကို မြင်မက်လျှင် အရေးမကြီးသော ညှော်ခံဖိတ်ကြားမှုများ လက်ခံရမည်။
- ရှုပ်ရှုပ်ထွေးထွေးဖြစ်နေသည်ဟု မြင်မက်လျှင် ကံမကောင်း၊ စွန့်စားရသော လုပ်ငန်းများတွင် မရင်းနှီးပါနှင့် ကျရှုံးမည်။
- ရက်ထပ်နှစ်ကို မြင်မက်လျှင် အလဟဿ ဖြုန်းတီးမှုများ ပေါ်ပေါက်မည်။
- ရယ်မောနေသည်ဟု မက်လျှင် ဝမ်းနည်းငိုကြွေးရမည်။ အချစ်ရေးတွင် သတိထားရမည်။
- ရုပ်တုတစ်ခုခုကို ကိုးကွယ်သည်ဟု မက်လျှင် မိမိခံစားချက်များ ပွင့်လင်းစွာ မဖော်ပြနိုင်ဘဲ မြိုသိပ်ထားရလိမ့်မည်။
- ရုပ်ရှင် ဇာလင်ကို မြင်မက်လျှင် မကြာမီ ခရီးဝေးသွားရမည်။
- ရန်းကန်တိုက်ခိုက်ရသည်ဟု မြင်မက်ပါက မိမိကျန်းမာရေးကောင်းပြီး အရာရာပိုမို တိုးပွားကောင်းမွန်မည်။
- ရုပ်တုတစ်ခုခု ထုလုပ်နေသည်ဟု မက်လျှင် ချမ်းသာကြွယ်ဝမည်။
- ရုပ်ဖျက်သည်ဟု မိမိကိုယ်ကို မြင်မက်လျှင် ကံမကောင်း၊ အခက်အခဲကြုံမည်။
- ရှဥ့်ကို မြင်မက်ပါက အလုပ်ပင်ပန်းမည်။ မိမိ၏ ကြိုးစားအားထုတ်မှုကြောင့် ချီးကျူးဂုဏ်ပြုခံရမည်။

၁ ရှူးဖိနပ်သစ်ကို စီးထားသည်ဟု မက်ပါက စီးပွားရေးလုပ်ငန်းများ ကံကောင်းမည်။ အဟောင်းစီးထားသည်ဟု မက်လျှင် အခက်အခဲများ ကြုံတွေ့သော်လည်း ကြိုးစားမှုဖြင့် အောင်မြင်မည်။ ရှူးဖိနပ် မစီးထားသည်ကိုမက်လျှင် အနည်းငယ် အနှောင့်အယှက်တွေ့မည်။

၁ ရှုံးနိမ့်မှုတစ်ခုခု ကြုံတွေ့ရသည်ဟု မြင်မက်ပါက မိမိအတွက် အောင်မြင်မှုရမည်။

၁ ရှုခင်းကောင်းကောင်း ကြည့်ရှုနေသည်ဟု မက်ပါက အိမ်ထောင်ရေး အပြောင်းအလဲပေါ်ပြီး ပျော်ရွှင်ကြည်နူးရမည်။

၁ ရွံရှာ စက်ဆုပ်ဖွယ်ရာကို မြင်မက်ပါက မကောင်းသောနိမိတ်ဖြစ်သည်။ အနီးစပ်ဆုံး ဆွေမျိုးသားချင်း၊ မိတ်ဆွေဟောင်းများနှင့် ခိုက်ရန်ဖြစ်ပွားမည်။

၁ ရောဂါဝေဒနာကြောင့် နာမကျန်းဖြစ်သည်ဟု မိမိကိုယ်ကို မြင်မက်ပါက အချစ်ရေး၊ မေတ္တာရေး အဆင်မပြေ ကံမကောင်းနိုင်ပါ။ သစ္စာဖောက်ခြင်း ခံရမည်။

၁ ရောင်ခြည်တော်အလင်းတန်းကို မြင်မက်လျှင် ကံကောင်းမည်။ ရဲရင့်မှုရှိမည်။

၁ ရောက်သီးကို မြင်မက်လျှင် အပင်တွင် ပေါက်နေခြင်း မဟုတ်ပါက ကံဆိုးမည်။ မိမိအတွက် လေးနက်ပြီး အရေးကြီးသော ခရီးသွားရမည်။

၁ ရောင်စုံစက္ကူလေးများကို မြင်မက်ပါက အရေးမကြီးသော ကိစ္စရပ်များအတွက် စိတ်အနှောင့်အယှက်ဖြစ်မည်။

၁ ရွာဆော်၊ ရွာလူကြီးကို မြင်မက်ပါက မင်္ဂလာမရှိသော မကောင်းသတင်း ကြားရမည်။ သို့သော် ထိုရွာဆော်က လိုက်လံဆော်ဩနေသည်ဟု မက်လျှင် အရာရာ အဆင်ပြေသွားမည်။

- ရွှေ့တန်းကျခြင်း၊ ခေတ်ရွေ့ပြေးခြင်းကို မြင်မက်ပါက အရေးမကြီးသောကိစ္စများတွင် အောင်မြင်မည်။
- ရွှေ့နေကို မြင်မက်ပါက မိမိစီးပွားရေးလုပ်ငန်းများ အဆင်မပြေ၊ စိတ်ပူပန်ရမည်။ ငွေကြေးရင်းနှီးမြှုပ်နှံမှုများ အထူးဂရုစိုက်ရမည်။
- ရွှံ့နွံကို မြင်မက်လျှင် ကံကောင်းမည်။ သို့သော် ရွှံ့နွံထဲတွင် ခက်ခဲစွာ လမ်းလျှောက်ရသည်ဟု မက်လျှင် ကံမကောင်း၊ ထိုအထဲမှ ရုန်းထွက်နိုင်သည်ဟု မက်မှသာ အဆိုးများကို ဖယ်ရှားနိုင်မည်။
- ရွှေကို မြင်မက်လျှင် ငွေကြေးဆုံးရှုံးမည်။ သို့သော် ရွှေခြည်ထိုးကဲ့သို့ အဝတ်အစားကို ဝတ်ဆင်ရသည်ဟု မက်လျှင် ကောင်းသောသင်္ကေတဖြစ်သည်။
- ရွှေငါးကို မြင်မက်လျှင် စီးပွားရေး ကျပ်တည်းမည်။
- ရွှေတွင်းကို မြင်မက်ပါက ကြီးကြီးမားမား အကျိုးအမြတ်ရရှိမည့် အရာတစ်ခု ရှာတွေ့မည်။
- ရွှေအရောင်တင်သည်၊ ရွှေချသည်ဟုမက်လျှင် လက်ဆောင်ပစ္စည်းတစ်ခုခု ရရှိမည်။
- ရွှေးကောက်ပွဲကို မြင်မက်လျှင် မိမိလိုလားချက်များ လျင်မြန်စွာအောင်မြင်မည်။
- ရွက်လှေဖြင့် ခရီးသွားသည်ဟုမက်လျှင် ရေပြင်သည် တည်ငြိမ်နေပါက ကံကောင်းမည်။ လှိုင်းထန်နေပါက စိတ်ပျက်စရာများကြုံတွေ့မည်။
- ရွှေတုံး၊ ရွှေခဲကို မြင်မက်လျှင် အလွန်ထူးကဲ ကောင်းမွန်သောအိပ်မက်ဖြစ်သည်။

❐

# လ

- လသာသည်ကို မြင်မက်လျှင် အိမ်ထောင်ရေးဘဝ ပျော်ရွှင်ပြီး၊ မိသားစုကိစ္စများဖြင့် အချိန်ကုန်မည်။
- လကို မြင်မက်လျှင် တိမ်ကင်းစင်ပြီး ကြည်လင်တောက်ပနေပါက ပုဂ္ဂိုလ်ရေး၊ အချစ်ရေး အောင်မြင်ပျော်ရွှင်မည်။ လကို တိမ်ဖုံးနေသည်ဟု မက်လျှင် နာမကျန်းဖြစ်မည်။
- လဒ (လင်းဒ)ကို မြင်မက်လျှင် မိမိကို သတ်ဖြတ်မည့် ကြီးမားသော အန္တရာယ်ရန်သူနှင့် ကြုံတွေ့မည်။
- လက်ဖက်ခြောက်ကို ဘူးနှင့်ထည့်ထားသည်ဟု မက်ပါက လုံခြုံစွာ ထိန်းသိမ်းထားသော အတွင်းရေးကိစ္စတစ်ရပ် ပေါ်ပေါက်မည်။ ဘူးဖွင့်ထားသည်ဟု မက်ပါက မိတ်ဆွေသူငယ်ချင်း အတွင်းရေးကို မိမိက ထိန်းသိမ်းပေးရလိမ့်မည်။
- လိမ္မော်ယိုစားနေသည်ဟု မက်လျှင် ကြီးစွာသော ဝမ်းနည်းရမှု ကြုံမည်။ အခြားသူများ အတူစားနေသည်ဟုမက်လျှင် ကံကောင်းသည်။ လိမ္မော်ပသို ပြုလုပ်နေသည်ဟု မက်လျှင် အချစ်ရေး ကောင်းသည်။

၀ လိမ်ညာသည်ဟု မက်လျှင် ကံမကောင်း အခက်အခဲကြုံမည်။
၀ လိမ္မော်ပန်းပွင့်ကို မြင်မက်လျှင် အိမ်ထောင်ကျမည်။
၀ လေတိုက်သည်ကို မက်လျှင် ကောင်းသတင်းစကား ကြားရမည်။
၀ လေချွန်သံကြားရသည်ဟု မက်ပါက ဝမ်းနည်းဖွယ်သတင်းစကား ကြားရမည်။
၀ လေပွေတိုက်သည်ကို မြင်မက်လျှင် အန္တရာယ်ရှိသော အကြောင်းကြားချက်များ ကြားရမည်။
၀ လေဘီးတပ်သော လှည်းကြီးကို မောင်းနှင်ရသည်ဟု မက်ပါက ငွေကြေးဆုံးရှုံးမည်။ ထိုလှည်းကြီး မိမိအိမ်တံခါးဝတွင် ရောက်နေသည်ဟု မက်ပါက မမျှော်လင့်ဘဲ ကံကောင်းသည်။
၀ လေဆင်နှာမောင်းကို မြင်မက်လျှင် မိမိနေအိမ်တွင်း၊ အလုပ်တွင်း၌ ခိုက်ရန်ဖြစ်မည်။ သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမည်။
၀ လှေခါးကို မြင်မက်လျှင်ဖြစ်စေ၊ လှေခါးမှ တက်သွားရသည်ဟု မက်လျှင်ဖြစ်စေ လိုရာဆန္ဒပြည့်ဝမည်။
၀ လေယာဉ်မှူးကို မြင်မက်လျှင် အပြိုင်အဆိုင်များသော်လည်း ရှင်သန်းဝမ်းမြောက်ဖွယ်ရာ တွေ့ကြုံမည်။
၀ လေဖြတ်သည် မြင်မက်လျှင်လည်းကောင်း၊ မိမိကိုယ်တိုင် လေဖြတ်သည်ဟု မက်လျှင်လည်းကောင်း၊ ကံမကောင်း အလုပ်အကိုင်မှန်သမျှ အဆင်မပြေ ပျက်စီးမည်။
၀ လေထီးကို မြင်မက်လျှင် စိတ်ပင်ပန်းဆင်းရဲမှု ဖြစ်မည်။ အလွန်အကျွံကြိုးစားအလုပ်လုပ်ခြင်းများ ရှောင်ရှားပါ။ တစ်ဖက်သတ်အစွန်းရောက်မှုများ ရှောင်ရှားပါ။
၀ လေးမြှောင့် ကျောက်တိုင်ကို မြင်မက်လျှင် လက်ရှိပတ်ဝန်းကျင်ထက် ပို၍ ကောင်းသောအနေအထားသို့ ပြောင်းလဲတိုးတက်မည်။

- လေးကျွန်းကြာခိုင်ပန်းကို မြင်မက်လျှင် ပျော်ရွှင်မည်။ ထိုပန်းများ အိုးထဲတွင်ရှိသည်။ အိမ်တွင်း၌ ရှိသည်ဟု မက်လျှင် အနည်းငယ်သော ပျော်ရွှင်မှုရမည်။ ပန်းခြံထဲတွင် ပွင့်နေသည်ဟုမက်လျှင် အကောင်းဆုံး အခြေအနေဖြစ်သည်။
- လေယာဉ်ပျံကို မြင်မက်ပါက ငွေကြေးအမြောက်အများ ရရှိမည်။ သို့သော် ရရှိသောငွေများသည် သံသယဖြစ်စရာအကြောင်းများ ရှိနေမည်။ စနစ်တကျ ပြန်လည်သုံးသပ်ပါ။
- လေသေနတ်ကို မြင်မက်ပါက မိမိတွင် အန္တရာယ်ဖြစ်ပေါ်လာတတ်သည်။ လုပ်ဆောင်ဖွယ်ရာကိစ္စများကို အနည်းငယ် ရွှေ့ဆိုင်းသင့်သည်။
- လှေသင်္ဘောကို မြင်မက်ပါက ငွေကြေးတိုးပွားမည်။
- လေးသည်တော်ကို မြင်မက်ပါက အိမ်ထောင်ကျကိန်း ရှိသည်။ အပျိုကြီး လူပျိုကြီးဖြစ်လျှင် အလျှင်အမြန် စေ့စပ်ကြောင်းလမ်းမှု ပြုရတတ်သည်။
- လေလံပွဲကို မြင်မက်ပါက ကံမကောင်း၊ အကြွေးမလှ ဖြစ်တတ်သည်။ ဆုံးရှုံးမှုများမည်။
- လေဖြင့် မှုတ်သော ပလွေကို မြင်မက်ပါက မကောင်းသော သင်္ကေတဖြစ်သည်။ အိမ်ထောင်ရေးတွင် စိုးရိမ်ဖွယ်ရာ အနှောင့်အယှက်များ ရှိမည်။
- လေသာဆောင် (နေအိမ်)ကို မြင်မက်ပါက ထိုနေရာတွင် ထိုင်နေသည်ဟု မက်လျှင် အညံ့ကြုံမည်။ လေသာဆောင်မှ ထွက်ခွာလာသည်ဟု မက်လျှင် အဆင်ပြေ ကံကောင်းမည်။
- လေးမြားစသည်ကို မြင်မက်လျှင် အတားအဆီးကြုံတွေ့မည်။ ပစ်မှတ်ကို ထိအောင် ပစ်ခတ်သည်ဟု မက်လျှင် ကံကောင်း

သည်။ ပစ်မှတ်ကို လွဲချော်သွားသည်ဟု မက်လျှင် နာမကျန်း ဖြစ်မည်။

- ၀ လေပြေလေးညှင်းတိုက်သည်။ လေတိုက်သည်ဟုမက်ပါက အောင်မြင်မည်။
- ၀ လေယာဉ်ဝန်ထမ်းများကို မြင်မက်ပါက မကောင်းသောနိမိတ် ဖြစ်သည်။
- ၀ လေမုန်တိုင်းတိုက်သည်ဟု မြင်မက်လျှင် အလွန်ကံဆိုးသည်။ အနေအထိုင် အထူးဂရုစိုက်ရမည်။
- ၀ လေပျို့သကဲ့သို့ ဖျို့သည်ဟုမက်လျှင် အနှောင့်အယှက် အတား အဆီးကြုံမည်။
- ၀ လေကြောင်းပျံသန်းမှု ပြုလုပ်နေသည်ကို မြင်မက်လျှင် အခက်အခဲ တွေ့မည်။
- ၀ လေ့ကျင့်ခန်း အားသွန်ခွန်စိုက် ပြုလုပ်နေသည်ဟု မြင်မက်လျှင် အရာရာအဆင်ပြေလိမ့်မည်။ လေ့ကျင့်ခန်း ပြုလုပ်ရင်း မောပန်းနေ သည်ကို မြင်မက်ပါက ငွေကြေးဆုံးရှုံးမည်။
- ၀ လက်သုတ်ပဝါကို မြင်မက်လျှင် မကြာခင် သတင်းကောင်း ကြားရမည်။
- ၀ လက်စားချေ၊ လက်တုံ့ပြန်သည်ဟု မက်လျှင် အရှက်ကွဲခြင်း ခိုက်ရန်ဖြစ်ခြင်း၊ စိုးရိမ်ဖွယ်ရာအခြေအနေ ကြုံတွေ့မည်။
- ၀ လက်သည်းအလှပြင်သည်ဟု မက်လျှင် အလွန်အသက်ကြီးသူနှင့် အိမ်ထောင်ကျမည်။ ပျော်ရွှင်မှုရမည်။
- ၀ လက်ဖက်ရည်ဖျော်သည်၊ သောက်နေသည်ဟုမက်လျှင် အခက် အခဲ အနည်းငယ်ရှိသော်လည်း အရာရာ အဆင်ပြေမည်။
- ၀ လက်ရန်း ပွတ်လုံးကို မြင်မက်လျှင် ပင်လယ်ရေကြောင်း လမ်းနှင့် သက်ဆိုင်သော ထိခိုက်မှုသတင်းတစ်ခု ကြားရမည်။

- လက်သမားဆရာကို မြင်မက်လျှင် အခက်အခဲများ အောင်မြင်မည်။
- လက်သည်းဖြင့် ကုတ်ခြစ်ခံရသည်ဟု မက်ပါက ထိခိုက်နာကျင်မှု ဖြစ်မည်။
- လက်နှိပ်ဓာတ်မီးကို မြင်မက်ပါက အခက်အခဲများ ကြိုတင်သိမြင်ပြီး ရှောင်ရှားနိုင်မည်။
- လက်မတွင် တစ်စုံတရာ ထိခိုက်မိသည်ဟု မက်လျှင် အနှောင့်အယှက်ရှိသည်။ ငွေကြေးဆုံးရှုံးမည်။
- လိပ်ကို မြင်မက်လျှင် အောင်မြင်မည်။ ကျန်းမာသက်ရှည်မည်။
- လက်ထိပ်ခတ်ခံရသည်ဟု မက်လျှင် ကံဆိုးသည်။ လက်ထိပ်ခတ်ခံရာမှ လွတ်သည်ဟုမက်လျှင် အနည်းငယ် အဆင်ပြေမည်။
- လက်ဆစ်ဖြင့် ခေါက်နေသည်ဟု မက်လျှင် မိမိပြုလုပ်သောကျေးဇူးတရားကို ပြန်လည် မရရှိ မခံစားရနိုင်ပါ။
- လက်ညစ်ပတ် ပေရေနေသည်ဟု မက်လျှင် အရာရာ သတိထားရမည်။ ဂရုစိုက်ရမည်။ မိမိလက်များကို ချည်နှောင်ထားသည်ဟု မက်လျှင် ကြီးမားသော အခက်အခဲကြုံမည်။ လက်ဆွဲနှုတ်ဆက်နေသည်ဟု မက်လျှင် ကံကောင်းသည်။
- လက်ကိုင်ပဝါကို မြင်မက်လျှင် ကံကောင်းမည်။
- လက်ရေးဖြင့် ရေးထားသည့် မိမိလက်ရေးကို မြင်မက်ပါက ကံမကောင်း၊ အရာရာကို အထူးသတိထားရမည်။
- လက်အိပ်ကို မြင်မက်လျှင် ကံကောင်းပြီး၊ စုတ်ပြတ်နေသော လက်အိပ်ကို မြင်မက်ပါက ကံဆိုးသည်။
- လက်ဆောင်ရသည်ဟု မက်လျှင် စိတ်ညစ်စရာ ကြုံမည်။

- လွတ်မြောက်သည်ဟု မက်ပါက အခက်အခဲတစ်ခုခုမှ လွတ်မြောက်သည်ဟု မက်လျှင် မိမိကိစ္စရပ်များ အောင်မြင်မည်။ ရေအား၊ မီးဘေးမှ လွတ်မြောက်သည်ဟု မက်လျှင် စိုးရိမ်ဖွယ်ရာ ကိစ္စများ ပေါ်ပေါက်သော်လည်း နောက်ဆုံး၌ အောင်မြင်မည်။ ရှိုင်းစိုင်းသော တိရစ္ဆာန်ဘေးမှ လွတ်မြောက်သည်ဟု မက်ပါက အနီးအနားတွင် သစ္စာဖောက်မည့် အန္တရာယ်ရှိသည်။ အကယ်၍ အခက်အခဲမှ မလွတ်မြောက်နိုင်ဟု မက်ပါက အလွန်ကံဆိုးသည်။
- လိပ်ပြာရောင်စုံကို မြင်မက်လျှင် ပျော်ရွှင်ချမ်းမြေ့မည်။
- လုပ်သက်ရင့်သော ပုဂ္ဂိုလ် (မိမိအလုပ်တွင်းမှ)ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
- လက်ဝါးကပ်တိုင်တွင် ကပ်ထားသော ပုံကို မြင်မက်ပါက မိမိအတွက် အကျိုးမပြု မလိုလားအပ်သော အခြေအနေများ ပေါ်ပေါက်မည်။
- လိပ်ပြာမသန့်၊ စိတ်မသန့်ဖြစ်နေသည်ဟုမက်လျှင် အစစအရာရာ ကောင်းမွန် အဆင်ပြေမည်။
- လက်ကောက်ကို ဝယ်ထားသည်ဟု မြင်မက်ပါက ငွေကြေး အချစ်ရေး အဆင်ပြေမည်။ လက်ကောက် ပျောက်သွားသည် ပြုတ်ကျသွားသည်ဟု မက်ပါက ဆုံးရှုံးမည်။
- လက်မောင်းတွင် ဆိုခိုက်ဒဏ်ရာဖြစ်သွားသည်ဟု မက်ပါက မိသားစုအတွင်း နာမကျန်းဖြစ်မည်။ လက်မောင်းပြုတ်သွားသည်ဟု မက်ပါက သေကိန်းရှိသည်။ (သို့မဟုတ်) နာတာရှည်ရောဂါဝေဒနာများ ခံစားရတတ်သည်။
- လက်ဖွဲ့ (အဆောင်) ဝတ်ဆင်ထားသည်ဟု မက်လျှင် အရေးကြီးသောဆုံးဖြတ်ချက်များ လျင်မြန်စွာ ချမှတ်လုပ်ဆောင်ရလိမ့်မည်။

- လဘက်ထိုးသည်ဟု မက်လျှင် ရိုးသားပြီး ဂုဏ်ယူစရာကောင်းသော အခြေအနေများ မိမိတွင် ဖြစ်ပေါ်မည်။
- လမ်းလျှောက်နေသည်ဟု မက်လျှင် မိမိစိုးရိမ်ပူပန်ရမှုများ တဖြည်းဖြည်း ပျောက်ကွယ်သွားမည်။
- လမ်းလျှောက် တုတ်ကောက်ကို မြင်မက်လျှင် ကြီးမားသော အခက်အခဲကြုံတွေ့ပြီး ထောက်ပံ့ကူညီပေးမည့်သူများ ပေါ်ပေါက်မည်။
- လမ်းဖြတ်ကူးသူများကို မြင်မက်လျှင် အဆင်ပြေ ကံကောင်းမည်။
- လယ်သမားကို မြင်မက်လျှင် အကြံအစည်အောင်မည်။ ကြွယ်ဝ ချမ်းသာမည်။
- လက်စွပ်ကို တစ်စုံတစ်ဦးက မိမိအား လက်ဆောင်ပေးသည်ဟု မက်လျှင် ကံကောင်းသည်။ လက်စွပ်ပျောက်သည်ဟု မက်လျှင် ကံဆိုးသည်။
- လမ်းသည် ကျယ်ပြန့်သန့်ရှင်းနေသည်ဟု မက်ပါက အလွန်ကံကောင်းသည်။ မသန့်သော လမ်းကြားလေးကို မြင်မက်လျှင် အနှောင့်အယှက်ကြုံမည်။
- လမ်းခွဲ၊ လမ်းညွှန်တိုင်ကို မြင်မက်ပါက အပြောင်းအလဲတချို့ ဖြစ်ပေါ်ပြီး အိုးအိမ်သစ် တိုက်ခန်းသစ် ရရှိမည်။
- လန်းဆန်းရွှင်မြူးဖွယ်ရာများကို မြင်မက်ပါက မကောင်းသော နိမိတ်ဖြစ်သည်။
- လည်မျိုတွင် တစ်ခုခုဖြစ်သည်ဟု မြင်မက်လျှင် ငွေဘဏ္ဍာအား ဖြင့် ကောင်းသော နိမိတ်ဖြစ်သည်။
- လည်ပတ်၊ လည်စွပ်ကို မြင်မက်လျှင် အချစ်ရေးကံကောင်းသည်။

- လည်ချောင်းနာသည်ဟု မက်လျှင် နေမကောင်း ဖြစ်မည်။ ကုသရန် ခက်ခဲတတ်သည်။ အကယ်၍ ကျန်းမာရေးကို ဂရုစိုက်ပြီးနေပါက မကြာမီ အောင်မြင်မှု ရရှိတော့မည်။
- လည်ပင်း၊ လည်တိုင်ကို မြင်မက်လျှင် ယခင်က ရစရာရှိသော ငွေကြေးများ ပြန်လည် ရရှိမည်။
- လည်စီးပဝါကို မြင်မက်လျှင် အိမ်ထောင်ကျမည်။
- လင်းနို့ကို မြင်မက်လျှင် မကောင်းသော သင်္ကေတဖြစ်သည်။ သို့သော် အကျပ်အတည်းသည် မကြာရှည်ပါ။
- လင်းယုန်ငှက် ကောင်းကင်တွင် ပျံသန်းနေသည်ဟု မက်လျှင် ကံကောင်းသည်။ လင်းယုန်ငှက် သေနေသည်။ ဒဏ်ရာရနေသည်ဟုမက်လျှင် ငွေကြေး ဆုံးရှုံးမည်။ အကယ်၍ ပျံသန်းနေသော လင်းယုန်ငှက်က မိမိကို လာရောက် ထိုးဆိတ်သည်ဟု မက်လျှင် အခက်အခဲကြုံမည်။
- လောင်းကစားမှု မိမိကိုယ်တိုင် ပြုလုပ်နေသည်ဟု မက်လျှင် မိမိ၏ စီးပွားရေး လုပ်ဆောင်ချက်များ ယုံကြည်မှုကင်းမဲ့စရာ ဖြစ်နေတတ်သည်။
- လယ်ယာမြေ၊ လယ်ကွင်းကို မြင်မက်ပါက မိမိနှင့် သဘောတူညီထားသော ငယ်သူငယ်ချင်းနှင့် လက်ထပ်မင်္ဂလာကိစ္စ စီစဉ်ရလိမ့်မည်။
- လဲကျသည်ဟု မက်လျှင် မကောင်း၊ ကံဆိုးသည်။
- လိမ်ညာသည်ဟုမက်လျှင် မိမိအလိမ် ခံရမည်။
- လွင်တီးခေါင်တွင် လမ်းလျှောက်ရသည်ဟု မက်ပါက ချမ်းသာကြွယ်ဝမည်။
- လှောင်အိမ်တစ်ခုခုကို မြင်မက်ပါက ကံမကောင်းပါ။ စီးပွားရေးလုပ်ငန်းများ အခက်တွေ့မည်။

၁ လောက်ကို မြင်မက်လျှင် ငွေအမြောက်အများဝင်မည်။ အိမ်တွင်းရေး စကားများ ငြင်းခုန်ရမည်။
၁ လက်ထပ်လက်စွပ်ကို မြင်မက်ပါက ခွဲခွာရခြင်းကို ရည်ညွှန်းသည်။
၁ လော့တက်ဖြင့် လော့လော့နေသည်ဟု မက်လျှင် ကံကောင်းသည်။ အခြားသူများနှင့်အတူ လော့ခတ်နေသည်ဟုမက်လျှင် အခက်အခဲ အနည်းငယ် ရင်ဆိုင်ပြီးမှ အောင်မြင်မည်။ လော့တက်ပျောက်သွားသည်။ ကျိုးသွားသည်ဟု မက်လျှင် ကံဆိုးသည်။
၁ လွှတ်တော်တွင် မိမိသည် အဖွဲ့ဝင်တစ်ယောက်ဖြစ်သည်ဟု မက်လျှင် အဆင့်မြင့် တိုးတက်မှုရမည်။ လွှတ်တော်သို့ ဧည့်သည်အဖြစ် သွားရောက်ရသည်ဟု မက်လျှင် ရန်များမည်။
၁ လိုင်စင် ခွင့်ပြုချက်ကို မြင်မက်လျှင် ပိုမိုကောင်းမွန်သော အသက်မွေး ဝမ်းကြောင်း ပြောင်းလဲပေါ်ပေါက်မည်။
၁ လှပစွာ မိမိကိုယ်ကို မြင်တွေ့ရသည်ဟု မက်လျှင် ကျန်းမာရေး ညံ့သည်။ အခြားသူကို လှပစွာ တွေ့မြင်ရသည်ဟု မက်လျှင် ထိုသူ နာမကျန်းဖြစ်မည်။
၁ လုံစွပ်ကို မြင်မက်ပါက မကြာမီ မိမိအား ရန်ပြုတိုက်ခိုက်ခြင်း ခံရမည်။
၁ လှေအို၊ လှေဟောင်းကို မြင်မက်လျှင် စိတ်ညစ်စရာ ဝန်ထုပ်ဝန်ပိုးတစ်ခု ကြုံတွေ့မည်။ တောက်ပသစ်လွင်သောလှေကိုမြင်မက်လျှင် ထိုက်တန်သော ဂုဏ်ပြုတံဆိပ် ချီးမြှင့်ခြင်းခံရမည်။
၁ လှေစီးပြီး ညင်သာစွာ သွားနေသည်ဟု မြင်မက်လျှင် စီးပွားရေး၊ အိမ်ထောင်ရေး၊ အဆင်ပြေမည်။ အကယ်၍ ရေစီးကြမ်းတမ်းနေချိန် စီးရလျှင်ဖြစ်စေ၊ လှေပေါ်မှ ပြုတ်ကျသည်ဟု မက်လျှင်ဖြစ်စေ၊ အခက်အခဲကြုံတွေ့မည်။

○ လှေပြိုင်ပွဲကို မြင်မက်လျှင် အံ့ဩစရာကောင်းသောအရပ်သို့ သွားရောက်လည်ပတ်ပြီး အလုပ်သစ်များ ရရှိမည်။
○ လုယက်ဖျက်ဆီးသည်ဟု မြင်မက်လျှင် အန္တရာယ်များမည်။ အမှားအယွင်းများမည်။ ဒေါသမကြီးပါနှင့်။
○ လူသွားစင်္ကြံလမ်းကို မြင်မက်လျှင် အကျဉ်းရုံး၍ မင်္ဂလာကိစ္စ ပြုလုပ်ရမည်။ ကတိုက်ကရိုက် ဆုံးဖြတ်လုပ်ဆောင်မှုများ ရှောင်ပါ။
○ လူသွားလမ်းကလေးတွင် အေးဆေးစွာ လျှောက်ရသည်ဟု မက်လျှင်၊ ကြီးပွားတိုးတက်မည်။ ခလုတ်ကန်သင်းများပြီး ကြမ်းတမ်းသောလမ်းဖြစ်လျှင် အခက်အခဲတွေ့မည်။
○ လူစုလူဝေးထဲတွင် မိမိရှိနေသည်ဟု မက်လျှင် အနာဂတ်အတွက် အရာရာ အဆင်ပြေလိမ့်မည်။
○ လူရွှင်တော်၊ လူပြက်ကို မြင်မက်လျှင် အပေါင်းအဖော်ကြောင့် မိမိတွင် ကံညံ့မည်။
○ လှူအိုရုံတွင် မိမိနေရသည်ဟုမက်လျှင် ကံဆိုးမည်။ လှူအိုရုံမှ ထွက်ခွာလာသည်ဟုမက်လျှင် အခက်အခဲများ ကျော်ဖြတ်နိုင်မည်။
○ လူသတ်ခြင်း၊ လူသတ်သမားကို မြင်မက်ပါက ကံမကောင်း ကြီးမားသော ဆုံးရှုံးမှု ဖြစ်ပေါ်မည်။
○ လူမှုကူညီရေးအသင်းကို မက်ပါက မိတ်ဆွေသစ်များ ရရှိပြီး ခရီးရှည် သွားရမည်။
○ လူပေါ်ကြော့ကို မြင်မက်ပါက မိမိထက်အဆင့်အတန်းနိမ့်သော သူနှင့် ဆုံစည်းမေတ္တာမျှမည်။
○ လူသေအလောင်းကို မြင်မက်ပါက မိမိအမှားကြောင့် သူငယ်ချင်းများ၏ ဆန့်ကျင်ခွဲခွာမှုကြုံမည်။ အချစ်ရေးညံ့သည်။

- လှေဒါနံနေသည်ဟု မက်ပါက ကံမညံ့သော်လည်း၊ ကုသိုလ်ကံ အကျိုးပေးနည်းလိမ့်မည်။
- လူသားစားသူ၊ လူသားစား ဟိရဏ္ဏာန်ကို မြင်မက်လျှင် အရာရာ စိတ်အလိုမကျစရာ ကိစ္စများသာ ပေါ်ပေါက်မည် ဖြစ်သော်လည်း ခိုးရိမ်ဖွယ်ရာမရှိပါ။
- လူဝံကို မြင်မက်ပါက အခက်အခဲများ တွေ့မည်။
- လူနာတင်ယာဉ်ကို မြင်မက်လျှင် မိမိလိုအင်ဆန္ဒများ လျင်မြန်စွာ အကောင်အထည်ပေါ်မည်။
- လွှဖြင့် သစ်သားကို ဖြတ်နေသည်ဟု မက်လျှင် ကံမကောင်းပါ။
- လှို့ဝှက်ချက်တစ်ခုခုကို ကြားရသည်ဟု မက်ပါက ဘွဲ့ထူး ဂုဏ်ထူး ချီးမြှင့်ခြင်း ခံရမည်။
- လုပ်ခလစာ ရရှိသည်ဟု မက်ပါက အမွေအနှစ်ရမည်။ ငွေဝင်မည်။ မိမိကပေးသည်ဟု မက်ပါက အန္တရာယ်ရှိသည်။ အနည်းငယ် ခိုးယူခံရမည်။
- လျှော်ပင်ကို မြင်မက်လျှင် ကံကောင်းမည်။
- လူကြီးလူကောင်းကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။
- လှိုဏ်ဂူကို မြင်မက်လျှင် စီးပွားရေးလုပ်ငန်းများ တိုးတက်မည်။ အန္တရာယ်များသော ခရီးသွားလာခြင်းဖြင့် ကူးသန်းရောင်းဝယ်မှု ပြုလိမ့်မည်။ လှိုဏ်ဂူထဲက ထွက်လာသည်ဟု မက်လျှင် အစပိုင်း ခက်ခဲသော်လည်း နောက်ပိုင်း အဆင်ပြေသွားမည်။ လိုဏ်ဂူထဲ ဝင်သွားသည်ဟု မက်လျှင် အခက်အခဲတွေ့ပြီး စီးပွားကျမည်။
- လျှပ်စီးလက်သည်ဟု မြင်မက်လျှင် အဆင်ပြေ ကံကောင်းမည့် နိမိတ်ဖြစ်သည်။

## ဝ

- ဝရမ်းပြေးကို မြင်မက်ပါက မိမိပတ်ဝန်းကျင်မှ တစ်စုံတစ်ဦး၏ သစ္စာဖောက်ခြင်း ခံရမည်။
- ဝဖြိုးလာသည်ဟု မက်လျှင် မိမိအတွက် ကံမကောင်းသော သင်္ကေတဖြစ်သည်။
- ဝင်္ကပါကို မြင်မက်လျှင် နားလည်ရခက်သော အကြောင်းအရာ တစ်ချို့ကိုဖြေရှင်းရလိမ့်မည်။
- ဝတ္ထုတို၊ ဝတ္ထုရှည်စသည်ကို မြင်မက်ပါက ကံမကောင်းသော နိမိတ်ဖြစ်သည်။
- ဝံပုလွေကို မြင်မက်ပါက ရန်ညိုးရှိမည်။ ဝံပုလွေကို သတ်လိုက်သည်ဟု မက်ပါက အောင်မြင်မှုရမည်။ လိုက်ဖမ်းသည်ဟု မက်ပါက အန္တရာယ်ကို ကျော်လွှားနိုင်မည်။
- ဝါသနာပါရာ အလုပ်တစ်ခုကို ပြုလုပ်နေသည်ဟု မြင်မက်ပါက လူနေမှုအဆင့်အတန်း မြင့်မားမည်။
- ဝါးစားနေသည်ဟု မက်ပါက အခြားသူတစ်ဦးဦး၏ အမှားကို သည်းခံ ခွင့်လွှတ်ရလိမ့်မည်။

○ ဝီစကီအရက်သောက်သည်ဟု မြင်မက်ပါက ဖျားနာမည်။
○ ဝိညာဉ်ကို မြင်မက်လျှင် စိတ်ညစ်စရာများကြုံမည်။ သူငယ်ချင်းများမည်။ ခရီးမသွားရ။ ငွေချေးက ဆုံးမည်။
○ ဝေလငါးကို မက်လျှင် နားမလည်နိုင်သော ကိစ္စရပ်များပြေလည်သွားမည်။ လက်ထပ်ပွဲပြုလုပ်မည်ဆိုလျှင် ရက်ရွှေ့ဆိုင်းရမည်။
○ ဝေဖာမုန့်ကို စားရသည်ဟု မက်လျှင် မိမိအတွက် အခွင့်အလမ်းကောင်းများ ရရှိမည်။
○ ဝပ်ရှော့ အလုပ်ရုံကို မြင်မက်လျှင် ကံကောင်းမည်။
○ ဝေဒနာ ခံစားရသည်ဟု မြင်မက်လျှင် ကံကောင်းမည်။ အောင်မြင်မှုများ ရရှိမည်။
○ ဝက်သစ်ချပင်ကို မြင်မက်လျှင် အောင်မြင်ချမ်းသာမည်။ သန်မာသော အပင်ငယ်လေးများကို တွေ့လျှင် ကောင်းသောနိမိတ်ဖြစ်သည်။ ခြောက်သွေ့ပြီး သစ်ရွက်များ ကြွေကျနေသည်ဟုမက်လျှင် စီးပွားရေးဆုံးရှုံးမည်။ အပင်မြေကြီးပေါ် လဲကျသည်ဟု မက်လျှင် ကံမကောင်းပါ။
○ ဝက်အူချောင်းကို မြင်မက်လျှင် မိသားစု ကျန်းမာရေးအတွက် စိတ်ညစ်ရမည်။
○ ဝက်ကို မြင်မက်လျှင် ကုသိုလ်ကံ အကောင်းအဆိုး ရောထွေးနေသည်။ ဆုံးရှုံးမှုရှိသလို အောင်မြင်မှုများလည်း ရှိမည်။
○ ဝတ်ရွတ်အဖွဲ့၊ ဝတ်ရွတ်သံကို ကြားရသည် စသဖြင့် မြင်မက်ပါက မိတ်ဆွေဟောင်းများထံမှ ကောင်းသတင်းစကား ကြားရမည်။
○ ဝယ်ယူသည်ဟု မက်ပါက မည်သည့်ပစ္စည်းကို ဝယ်သည်ဖြစ်စေ ငွေကြေးအကျပ်အတည်း ကြုံမည် ။ဝယ်ယူသည့်အခါ ပိုက်ဆံကို သေသေချာချာ ရေတွက်နေသည်ဟု မက်ပါက ကံကောင်းမည်။

- ဝက်သားခြောက်ကို မြင်မက်လျှင် ကံမကောင်း၊ မိမိကျန်းမာရေး ညံ့မည်။
- ဝက်သစ်ချသီးကို မြင်မက်လျှင် အခက်အခဲများမှ လွတ်မြောက်ပြီး ကောင်းသောက အနေထောက်အပံ့ပေးမှုများ ရရှိမည်။
- ဝတ်ရုံကို မြင်မက်လျှင် ယုံကြည်စိတ်ချထားသူက မိမိကို သစ္စာဖောက်လိမ့်မည်။
- ဝတ်ပေါက်စလေးကို မြင်မက်လျှင် မိသားစု ပျော်ရွှင်မည်။ အိမ်တွင်းရေး စိတ်ပူပန်ရမှုများ မကြာမီ ပြေလည်သွားမည်။
- ဝက်ဆီ၊ ဝက်ဆီခဲကို မြင်မက်လျှင် ရန်သူများကို အောင်နိုင်မည်။
- ဝက်ထီးများကို မြင်မက်ပါက ကျွေးမွေးပြီး ဝဖြိုးနေသည်ဟု မက်လျှင် ချမ်းသာမည်။ ပိန်ပြီး ကြုံလှီသော ဝက်ထီးများကို မက်လျှင် ကံဆိုးမည်။
- ဝတ်စုံကို လှပစွာ ဝတ်ဆင်ထားသည်ဟု မက်လျှင် ကံဆိုးမည်။
- ဝတ်လစ်စလစ် ဖြစ်နေသည်ဟု မက်လျှင် ကံကောင်းမည်။
- ဝမ်းဗိုက်နာကျင်သည်ဟုမက်လျှင် မိမိအတွက် ကျန်းမာရေးကောင်းမည်။ သို့သော် ဝမ်းဗိုက်ကို ဘာမှ ဖုံးအုပ်မထားဘဲ ရှိသည်ကို မက်လျှင် အချစ်ရေး၊ အိမ်ထောင်ရေး ကံမကောင်းပါ။
- ဝက်ဝံကို မြင်မက်လျှင် အဝေးသို့ မောင်းနှင်လွှတ်လိုက်သည်ဆိုပါက အောင်မြင် အဆင်ပြေမည်။ ဝက်ဝံနှင့် ရင်ဆိုင်ရသည်ဟု မက်လျှင် အခက်အခဲကြုံမည်။
- ဝန်ချီစက်သည် မိမိနှင့် မလှမ်းမကမ်းတွင်ရှိသည်ဟု မက်လျှင် ဆုံးရှုံးမှုတစ်ခုခု ကြုံတွေ့မည်။
- ဝမ်းနည်းပူဆွေးရသည်ဟုမက်လျှင် ကြီးမားသော ချမ်းသာကြွယ်ဝမှုရှိမည်။

- ဝမ်းဆွဲဆရာမကို မြင်မက်လျှင် ကလေးမွေးဖွားသော သတင်းစကားကြားရမည်။ လျှို့ဝှက်ဖုံးကွယ်ထားသည်များ ပေါက်ကြားမည်။
- ဝန်ကြီးတစ်ဦးဦးကို မြင်မက်လျှင် ကုသိုလ်ကံမကောင်း၊ စိတ်ညစ်ရမည်။
- ဝန်ထုပ်ဝန်ပိုးတစ်ခုခုကြောင့် အလွန်လေးလံလျက် ရှိသည်ဟု မက်လျှင် သဘာဝဘေးဒုက္ခ အန္တရာယ်ကြုံတွေ့မည်။ သို့သော် ပေါ့ပါးစွာ သယ်ယူသွားနိုင်သည်ဟု မက်လျှင် ထိုဘေးဒုက္ခကို ကျော်လွှားသွားနိုင်မည်။
- ဝင်ငွေခွန် ဆောင်ရသည်ဟုမက်လျှင် မိတ်ဆွေသူငယ်ချင်းများကြောင့် ငွေကြေးဆုံးရှုံးမည်။
- ဝင်ငွေရသည်ဟုမက်လျှင် ကံမကောင်းပါ။
- ဝင်းထရံကိုကို မြင်မက်လျှင် အခက်အခဲ အနှောင့်အယှက် ကြုံတွေ့မည်။
- ဝမ်းနည်းသည်ဟုမက်လျှင် မိမိအနာဂတ်အတွက် ကံကောင်းမည်။
- ဝိုင်အရက်သောက်ရသည်ဟု မက်လျှင် စိတ်ညစ်စရာ သတင်းကြားရမည်။
- ဝက်ဝံကို မြင်မက်လျှင် မိမိကို အန္တရာယ်မပြုပါက မိမိတွင် အောင်မြင်မှုရမည်။
- ဝမ်းကွဲ မောင်နှမတော်သူတစ်ဦးဦးကို မြင်မက်ပါက ကောင်းသော သတင်းစကား ကြားရမည်။

# သ

- သတင်းစာဖတ်နေသည်ဟုမက်လျှင် မိမိအသိုင်းအဝိုင်းတွင် ကုသိုလ်ကံ အပြောင်းအလဲ ဖြစ်ပေါ်မည်။
- သတင်းစကားကြားရသည်ဟု မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။
- သကြားလုံးကို မြင်မက်လျှင် ပျော်ရွှင်မည်။ မိမိသားသမီးအတွက် ဂုဏ်ယူဝမ်းမြောက်ရမည်။ ချိုသာသော လက်ဆောင်ပစ္စည်း သတင်းစကား ရရှိမည်။
- သကြားကို မြင်မက်လျှင် သာယာပျော်ရွှင်မှုများကြုံတွေ့မည်။
- သခင်ယေရှု ပြန်လည်ထမြောက်သော ပွဲတော်ကို မြင်မက်ပါက အလွန်ကံကောင်းသည်။ ပျော်ရွှင်မှုများခံစားရမည်။
- သံလွင်ပင်ကို မြင်မက်လျှင် အိမ်တွင်းရေး ပျော်ရွှင် အေးချမ်းမည်။
- သံစုံတီးဝိုင်းကို မြင်မက်လျှင် ယေဘုယျအားဖြင့် ကံကောင်း သည်ယူဆကြသည်။
- သဘောဆိပ်ခံတံတားကို မြင်မက်လျှင် အခြားသူများ ပျော်ရွှင် နေသည်ကို မြင်တွေ့ရမည်။

○ သလဲသီး၊ သလဲပင်ကို မြင်မက်လျှင် အဆင်ပြေ ပျော်ရွှင်မည်။
○ သပိတ်လွယ်ငှက်ကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
○ သရဖူကို မြင်မက်လျှင် မိမိ၏ ရည်မှန်းချက်အတိုင်း ဖြစ်မြောက် အောင်မြင်မည်။
○ သံကြိုးစာ ရရှိသည်ဟုမက်ပါက ထင်ထားသည်ထက်ပို၍ ကံကောင်းမည်။
○ သကာရည်ကို မြင်မက်လျှင် သာယာပျော်ရွှင်ဖွယ် သတင်းစကားကြားရမည်။
○ သာသနာပြုပုဂ္ဂိုလ်ကို မြင်မက်လျှင် ကောင်းသောသူငယ်ချင်းနှင့် တွေ့ပြီး အလုပ်အပြောင်းအလဲပေါ်မည်။
○ သံတမန်ကို မြင်မက်ပါက စိတ်ညစ်ရမည်။ ကုသိုလ်ကံမကောင်း။
○ သတ္တုတွင်းကို မြင်မက်လျှင် မိမိစီးပွားရေး လုပ်ငန်းများ တိုးတက်မည်။
○ သံလိုက်ကိုမြင်မက်လျှင် စီးပွားရေး၊ လုံခြုံစိတ်ချရမှုနှင့် ပုဂ္ဂိုလ်ရေး အောင်မြင်မှုများရမည်။ ကျိုးကြောင်းမစဉ်းစားဘဲ မယုံကြည်ပါနှင့်။
○ သံပုရာပင်ပုလေးများကို မြင်မက်လျှင် စိတ်ကူးယဉ်ပျော်ရွှင်မှုများ အမှန်တကယ် ရရှိခံစားရမည်။
○ သံပုရာသီးကို မြင်မက်လျှင် မိမိပိုင်ဆိုင်မှုများ လျော့နည်းသွားမည်။
○ သံကို မြင်မက်လျှင် အခက်အခဲကြုံမည်။
○ သံချေးအစွန်းကွက် ပေကျံသည်ဟု မက်လျှင် မိသားစုတွင် နာမကျန်းဖြစ်မည်။
○ သံခမောက်ကို မြင်မက်လျှင် မိမိရရှိစုဆောင်းထားသည်ထက် ပို၍ ငွေကြေးဖြန်းတီးမှု ပေါ်ပေါက်မည်။

- သမင်ကို မြင်မက်လျှင် ဆုံးရှုံးမှုများမည်။ ခိုက်ရန်ဖြစ်ပွားမည်။ စကားများမည်။
- သတို့သမီး၊ သတို့သားကို မြင်မက်လျှင် မိမိအခွင့်အရေးအတွက် တရားဥပဒေနှင့် ရင်ဆိုင်ရမည်။ စိတ်ညစ်၊ စိတ်ပျက်စရာ ကြုံတွေ့မည်။
- သံရေကြိုသည်ကို မြင်မက်ပါက ကြုံတွေ့မည့် အခက်အခဲများ ကျော်လွှားအောင်မြင်မည်။
- သဖန်းသီး၊ သဖန်းပင်ကို မြင်မက်ပါက မိမိအတွက် မျှော်လင့်ချက် ကင်းမဲ့စေမည်။
- သံခြေကျင်းကို မြင်မက်ပါက ကံမကောင်းပါ။ အကယ်၍ မိမိခြေထောက်တွင် ခတ်ထားသည်ဟု မက်ပါက စီးပွားရေးလုပ်ငန်းများတွင် ကြီးမားသော အခက်အခဲတွေ့မည်။
- သလင်းကျောက်ကို မြင်မက်လျှင် ကာလကြာရှည် စိုးရိမ်ပူပန်နေရသောကိစ္စများ ပြေလည်သွားမည်။ မကြာမီ ဘဝအချိုးအကွေ့ အပြောင်းအလဲ ပေါ်ပေါက်မည်။
- သခွားသီး၊ သခွားပင်ကို မြင်မက်ပါက မကြာခဏဖြစ်ပေါ်လာမည့် ရောဂါဘယကို ကာကွယ်နိုင်ပြီး ကျန်းမာမည်။
- သရဖူတစ်ခု မိမိခေါင်းပေါ်တွင် ဆောင်းထားသည်ဟု မြင်မက်ပါက ပို၍ ကောင်းမွန်သော အခြေအနေများ ပေါ်ပေါက်ပြီး အကျိုးအမြတ် ရရှိမည်။
- သတို့သားအရံ ပြုလုပ်သည်ဟု မက်လျှင် မကောင်းသောမိတ်ဆွေကြောင့် မိမိအလုပ်အကိုင်အစည်များ ပျက်ပြားမည်။
- သရုပ်ဆောင် မော်ဒယ်ပြုလုပ်ရသည်ဟု မြင်မက်ပါက သိက္ခာမဲ့သူ မိတ်ဆွေတချို့၏ သစ္စာဖောက်ခြင်း ခံရမည်။

- သဘောတူညီမှု တစ်ခုခု ပြုလုပ်ရသည်ဟု မြင်မက်ပါက မိမိ၏ အလုပ်ရာထူး တိုးတက်မည်။
- သရဲခြောက်ခံရသည်ဟု မက်ပါက ငွေကြေးကျပ်တည်း ခက်ခဲမည်။ ကျန်းမာရေး ညံ့မည်။
- သီချင်းသံကို သာယာနာပျော်ဖွယ် ကြားရသည်ဟု မြင်မက်လျှင် အလွန်ကံကောင်းမည်။ ဝေးကွာနေသော သူငယ်ချင်းထံမှ သတင်းကောင်းကြားရမည်။ နားထောင်မကောင်းသော သီချင်းသံကို ကြားရသည်ဟု မက်ပါက ကောက်ကျစ်စဉ်းလဲစွာ ကြံစည်ခံရ၍ ကြီးမားစွာ ဆုံးရှုံးမည်။
- သားရေပတ်ကို ခြေထောက်တွင် ပတ်ထားသည်ဟု မြင်မက်လျှင် အချစ်ရေး ကံကောင်းမည်။
- သားမွေး၊ သားမွေး အဝတ်အစားကို မြင်မက်ပါက အရာရာ ကူညီစောင်မပေးမည့်သူများ ပေါ်ပေါက်မည်။ အဆင့်မြင့် အဖွဲ့အစည်းတစ်ခုခုနှင့် ဆက်သွယ်လိမ့်မည်။ နာမကျန်းဖြစ်မည်။
- သားပိုက်ကောင်ကို မြင်မက်လျှင် တစ်စုံတစ်ဦး၏ အရှိန်အဝါဖြင့် ရန်ပြုမှုကြောင့် စိုးရိမ်ပူပန်ရမည်။
- သားရေကွင်းကို မြင်မက်လျှင် ဆွဲ၍ ဆန့်၍ ရပါက မိမိကုသိုလ်ကံအကျိုးပေးပို၍ တိုးတက်ကောင်းမွန်မည်။
- သားသတ်သမားကို မြင်မက်ပါက ရှေးနှစ်ပေါင်းများစွာ ကတည်းက ဝေးကွာခဲ့သော သူငယ်ချင်းနှင့် ပြန်ဆုံတွေ့မည်။ သတိကြီးစွာ ထားရမည့် မကောင်းသော အိပ်မက်ဖြစ်သည်။
- သာယာနာပျော်ဖွယ်ရှိသည်ဟု မြင်မက်လျှင် အမှန်တကယ်တွင် စိတ်ညစ်၊ စိတ်ပျက်ရမည်။
- သားမင်ဖိုကို မြင်မက်လျှင် ကောင်းသောနိမိတ် ဖြစ်သည်။

- သားရေ ပုရပိုက်ကို မြင်မက်လျှင် တရားဥပဒေနှင့် ပတ်သက်သော ကိစ္စများဖြင့် အခက်ကြုံမည်။
- သီလရှင်ကျောင်းကို မြင်မက်လျှင် ကံမကောင်းပါ။ မိမိပတ်ဝန်းကျင်လှုပ်ရှားမှုများကို အထူးသတိထားရမည်။
- သီချင်းသီဆိုနေသည်ဟု မက်လျှင် အခက်အခဲများ ပြေလည်သွားမည်။ အခြားသူများ သီဆိုနေသည်ကို ကြားရသည်ဟု မက်ပါက ထိုသူတို့နှင့် မိမိ၏ စပ်တူလုပ်ငန်းများ အခက်အခဲတွေ့မည်။
- သီးသည်၊ နင်သည် စသဖြင့် မက်လျှင်၊ ကံကောင်းမည်။
- သီကျွမ်းသော အသိုင်းအဝိုင်းကို မြင်မက်ပါက ကံကောင်းသည်။ သီကျွမ်းသူများနှင့် ခိုက်ရန်ဖြစ်ပွားသည်ဟုမက်ပါက ကံမကောင်းပါ။
- သီလရှင်အဖွဲ့ (ခရစ်ယာန်)ကို မြင်မက်ပါက ငွေကြေးချမ်းသာခြင်း မရှိသော်လည်း အေးချမ်းပျော်ရွှင်မည်။
- သားရေဖြင့် ပြုလုပ်ထားသော ပစ္စည်းတစ်ခုခုကို မြင်မက်လျှင် ကံမကောင်း။
- သူခိုးကို မြင်မက်လျှင် ကံဆိုးသည်။ ငွေကြေးဆုံးရှုံးမည်။
- သူငယ်တန်း ဖတ်စာအုပ်ကို မြင်မက်လျှင် ပျော်ရွှင်ကြည်နူးဖွယ် အားလပ်ရက်များ ရရှိမည်။
- သူနာပြုဆရာမကို မြင်မက်လျှင် စီးပွားရေး အောင်မြင်ပြီး ချမ်းသာကြွယ်ဝမည်။
- သူတောင်းစားကို မြင်မက်လျှင် မျှော်လင့်မထားသော အကူအညီများ ရရှိမည်။
- သူငယ်ချင်း မိတ်ဆွေကို မြင်မက်လျှင် မမျှော်လင့်ဘဲ သတင်းကောင်းကြားရမည်။

○ သူငယ်ချင်းဖြစ်သူ ကွယ်လွန်သည်ဟု အိပ်မက်လျှင် ထိုသူမကြာမီ အိမ်ထောင်ကျမည်။

○ သေပြီးသွားသူကို မြင်မက်ပါက၊ မင်္ဂလာသတင်းကြားရမည်။ ဖျားနာမည်။ သေဆုံးခြင်းကို မြင်မက်လျှင် ကျန်းမာအသက်ရှည်ခြင်းကို ရည်ညွှန်းသည်။

○ သေတမ်းစာ၊ ဆောင်ရွက်ပေးသူတို့ မြင်မက်လျှင် မိမိကြောင့်မဟုတ်ဘဲ၊ အခြားသူကြောင့် ငွေကြေးဆုံးရှုံးမည်။

○ သေနတ်ကို မြင်မက်ပါက ရန်များမည်။ ခိုက်ရန်ဖြစ်ပွားမည်။

○ သေနတ်သံ ကြားရသည်ဟု မက်လျှင် နေမကောင်းဖြစ်မည်။ သေနတ်သံ အများအပြား ကြားရသည်ဟု မက်လျှင် နာတာရှည်ရောဂါဖြစ်မည်။ ကိုယ်တိုင် သေနတ်ကိုင်၍ ပစ်သည်ဟုမက်လျှင် တရားမဝင်သောကိစ္စများတွင် ပါဝင်ပတ်သက်မှု ရှိမည်။

○ သေနတ်မောင်းရိုက်တံကို ကြားရသည်ဟု မက်ပါက အချစ်ရေး စီးပွားရေး အရာရာ အဆင်ပြေမည်။

○ သေမှုသေခင်း စစ်ဆေးမှုပြုသည်ဟု မြင်မက်လျှင် အောင်မြင်ကြီးပွားမည်။

○ သစ်သီးခြံကို မြင်မက်လျှင် အဆင်ပြေ ကံကောင်းမည်။

○ သစ်ခုတ်သမားကို မြင်မက်လျှင် မိမိကြိုးစားသမျှ အကျိုးမရှိ အရာမထင် ပင်ပန်းရုံသာ ဖြစ်မည်။

○ သေတမ်းစာ ပြုလုပ်နေသည်ဟု မက်ပါက ပျော်ရွှင်စွာဖြင့် အသက်ရှည်ရှည် နေရမည်။

○ သားပုပ်လေလွင့် စကားများ ပြောဆိုသံကြားရသည်ဟု မက်ပါက စီးပွားဥစ္စာ တိုးတက်မည်။ ကောလာဟာလ စကားများ မှန်ကန်လိမ့်မည်။

○ သစ်ကြားသီးကို မြင်မက်လျှင် အနည်းငယ်အခက်အခဲတွေ့မည်။

- ၀ သစ်ပင်တွင် အရွက်အလက်များ စေဆာနေသည်ဟု မက်ပါက အလွန်ကံကောင်းသည်။ သစ်ပင်ကို ခုတ်လှဲထားသည်ဟု မက်ပါက ဆုံးရှုံးမှုများ ရှိမည်။ သစ်ပင်တက်သည်ဟုမက်ပါက အလုပ်ကို ပြင်းပြင်းထန်ထန် လုပ်သော်လည်း အောင်မြင်မှု အနည်းငယ်သာ ရမည်။
- ၀ သွားကိုက်သည်ဟု မက်လျှင် အဝေးရောက်နေသော သူငယ်ချင်းက မိမိကို ပြန်လည် ကျေးဇူးပြုမည်။
- ၀ သစ်သီးကိတ်ကို မြင်မက်လျှင် ပျော်ရွှင်မှုနှင့် ကျေနပ်အားရဖွယ်များ တွေ့ကြုံမည်။
- ၀ သဘော်ကိုယ်ထည်အောင်ကို မြင်မက်လျှင် ရေမြေခြားသော ချစ်သူ၏ သတင်းစကား ကြားရမည်။
- ၀ သင်္ဘောကျောက်ချသည်ဟု မက်လျှင် ကံကောင်းသည်။
- ၀ သင်္ဘောနစ်မြုပ်သည်ဟု မက်လျှင် စီးပွားရေး ကျန်းမာရေး အခက်အခဲတွေ့မည်။
- ၀ သချိုင်းဂူများကြားတွင် လမ်းလျှောက်သည်ဟု မက်ပါက အိမ်ထောင်ကျမည်။ သချိုင်းဂူ ပြိုပျက်ကျသည်ဟု မက်ပါက မိသားစုတွင်း နာမကျန်းဖြစ်မည်။ မိမိသည် နာမည်ကျော်ကြားသူတစ်ဦး၏ သချိုင်းဂူကို သွားရောက် စစ်ဆေးရသည်ဟု မက်ပါက ဩဇာအာဏာရှိပြီး ချမ်းသာကြွယ်ဝမည်။
- ၀ သင်္ဘောဖြင့် ခရီးသွားနေသည်ဟု မက်လျှင် ကံကောင်းသည်။ သင်္ဘောပေါ်သို့ ရောက်ရှိသည်ဟုမက်လျှင် မိမိသွားမည့်ခရီး လုံခြုံအေးချမ်းသည်။ သင်္ဘောပျက်ကို မြင်မက်လျှင် သဘာဝဘေးအန္တရာယ် ကြုံတွေ့မည်။ သင်္ဘောအုပ်စုလိုက်ကို မြင်မက်ပါက မကောင်းသော နိမိတ်ဖြစ်သည်။
- ၀ သင်္ဘောဆိပ်ကို မြင်မက်လျှင် နိုင်ငံခြားခရီး သွားရမည်။

၁ သဘော်သား ဖြစ်သည်ဟု မိမိကိုယ်ကို မြင်မက်လျှင် အပြောင်းအလဲကြုံပြီး အလုပ်များပြား ပင်ပန်းမည်။ သဘော်သားအဖော်ဖြစ်သူကို မြင်မက်လျှင် အဝေးမှ သတင်းကြားရမည်။ သူငယ်ချင်းအချို့ အလည်အပတ် ရောက်ရှိမည်။

၀ သဘော်ရွက်တိုင် အလံတိုင်ကို မြင်မက်ပါက အရေးကြီးသော ခရီးထွက်ရမည်။

၀ သချိုင်းကို မြင်မက်လျှင် အဝေးမှ သတင်းစကား ကြားရမည်။ အကာယ်၍ သချိုင်းမြေကို ဖွင့်ထားသည်။ ပွင့်နေသည်ဟုမက်ပါက မကောင်းသော သတင်းစကား ကြားရမည်။

၀ သိန်းငှက်ကို မြင်မက်လျှင် ကံမကောင်းပါ။ မိမိ၏ စီးပွားရေးလုပ်ငန်း လည်ပတ်မှု အထူးဂရုစိုက်ပါ၊ ဆုံးရှုံးမည်။ မနာလိုသူများ ဝန်းရံနေသည်။

၀ သစ်အယ်သီးကို မြင်မက်ပါက အငြင်းအခုန် ပြုရာမှ ပြင်းထန်သောခိုက်ရန်ဖြစ်ပွားမှုထိ ဖြစ်တတ်သည်။ အိမ်တွင်းရေး အခြေအနေ ဆိုးဝါးမည်။

၀ သစ်ဥ၊ သစ်ဖု၊ သစ်ပင်ကို မြင်မက်လျှင် ကံကောင်းသည်။ သစ်ပင်တွင် အပွင့်များ ဝေဆာနေပါက ပို၍ကံကောင်းသည်။

၁ သစ်ရွက်များ အပင်တွင် အပြည့်ရှိသည်ဟု မြင်မက်လျှင် ပျော်ရွှင်ရမည်။ သဘာဝ တရား၏ကူညီမှုကြောင့် အောင်မြင်မှုရမည်။ သစ်ရွက်များ ခြောက်သွေ့နေသည် ကြွေကျနေသည်ဟု မက်လျှင် အစစအရာရာ အဆင်မပြေ ဆုံးရှုံးမည်။

၁ သချိုင်းကို မြင်မက်ပါက အရာရာကို အောင်နိုင်မည်။

၁ သင်ယူနေသည်ဟု မက်လျှင် ကံကောင်းသော်လည်း၊ မိမိတတ်နိုင်သည်ထက် ပို၍ လုပ်ငန်းတာဝန်များပြားလိမ့်မည်။

○ သနှ်း၊ သနှ်းပျူကို မြင်မက်လျှင် အလွန်ကံကောင်းသည်။
○ သင်ခန်းစာများကို မြင်မက်လျှင် အရာရာတိုင်း ကံကောင်းမည်။
○ သစ်သား၊ သစ်ခွဲကြမ်းများကို မြင်မက်လျှင်ကုသိုလ်ကံမကောင်း၊
○ သစ်သီးကို မြင်မက်လျှင် သစ်သီး၏ အမျိုးအစားပေါ်တွင် မူတည်၍ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားသည်။
○ ဗန်ဒါသီးကဲ့သို့ အစေ့အသီးကို မြင်မက်ပါက အခက်အခဲ ရင်ဆိုင်ရမည်။
○ ပန်းသီးကို မြင်မက်ပါက ကျန်းမာအောင်မြင်မည်။
○ မက်မုံသီးကို မြင်မက်ပါက အလွန်မျက်နှာပွင့်မည်။
○ ချယ်ရီသီးကို မြင်မက်ပါက အိမ်တွင်းရေး အဆင်မပြေ ရန်များမည်။
○ သဖန်းသီးကို မြင်မက်လျှင် မမျှော်လင့်သော သတင်းစကား ကြားရမည်။
○ ဇီးဖြူသီးကို မြင်မက်လျှင်အိမ်တွင်းရေး အဆင်မပြေ။
○ စပျစ်သီးကို မြင်မက်လျှင် အိမ်တွင်းရေး ပျော်ရွှင်မည်။ စီးပွားရေး အောင်မြင်မည်။
○ ရှောက်သီးကို မြင်မက်လျှင် စိတ်ညစ် စိတ်ပျက်စရာကြုံတွေ့မည်။
○ ဖရဲသီးကို မြင်မက်လျှင် အောင်မြင်မည်။
○ စတော်ဘယ်ရီသီးကို မြင်မက်လျှင် အိမ်တွင်းရေး အချစ်ရေး ပျော်ရွှင် အဆင်ပြေမည်။
○ သစ်တောကို မြင်မက်ပါက ပြောင်းလဲမှု အမျိုးမျိုးရှိသော အနှောင့် အယှက်များ ကြုံတွေ့မည်။
○ သက်သေခံ အမှတ်အသားကို တရားရုံးတွင် တွေ့ရှိသည်ဟု မြင်မက်ပါက ကောင်းသတင်းကျော်ဇောပြီး အေးချမ်းလုံခြုံမှု ရရှိမည်။

○ သက်တံကို မြင်မက်လျှင် ကံကောင်းမည်။
○ သင်တုန်းဓားကို မြင်မက်လျှင် ခိုက်ရန်ဖြစ်ပွားမည်။
○ သစ်ပင်၏ အမြစ်ကို မြင်မက်လျှင် ခက်ခဲပင်ပန်းစွာ လုပ်ဆောင်ရသောကိစ္စများအောင်မြင်စွာ ပြီးဆုံးမည်။
○ သဲ၊ သဲသောင်ကို မြင်မက်လျှင် စိတ်ဆိုးစေသည့် အကြောင်းအရာ စိတ်အနှောင့်အယှက်ဖြစ်စရာ ပေါ်ပေါက်မည်။
○ သက်ပြင်းချသည်ဟု မြင်မက်လျှင် အဖော်ပေါင်းများ၏ ချီးကျူးဂုဏ်ပြုခြင်း ခံရမည်။
○ သင်တန်းကျောင်းတစ်ခုကို မြင်မက်လျှင် ကံမကောင်း၊ လူနေမှုအဆင့်အတန်း နိမ့်ကျမည်။
○ သမ္မာကျမ်းစာပါလေ့ (ခရစ်ယာန်)ကို မြင်မက်ပါက အန္တရာယ်ကင်းရှင်းမည်။
○ သစ်ကိုင်းများ ဖြာထွက်နေသည်ကို မြင်မက်ပါက အလွန်ကံကောင်းသည်။
○ သစ်ပင်ကြီးမျိုးကို မြင်မက်ပါက အလွန်ကံကောင်းသည်။ ဘဝတစ်လျှောက်လုံး အလွယ်တကူ ငွေဝင်မည်။
○ သိုးမွေးအိပ်ကို မြင်မက်ပါက မိမိယုံကြည်ထားသူက သစ္စာဖောက်မည့် အန္တရာယ်ရှိသည်။
○ သိုးငယ်ကို မက်လျှင် ကံကောင်းမည်။ အိမ်တွင်းရေး သာယာမည်။
○ သုံးမြှောင့်ချွန်း အိမ်အမိုးကို မြင်မက်ပါက မိမိအနာဂတ်အတွက် အကြံဉာဏ်ကောင်းများ ရရှိမည်။
○ သုံးပွင့်ဆိုင် အရွက်ငယ်ကို မြင်မက်ပါက ကံကောင်းမည်။ ချစ်သူနှင့် ဆုံစည်းမည်။
○ သိုးငယ်လေးများကို မြင်မက်ပါက အောင်မြင်ပျော်ရွှင်မည်။

- ၀ သိုးမကို မြင်မက်ပါက မိသားစုဝင်များ တိုးပွားမည်။ ချမ်းသာပြည့်စုံမည်။
- ၀ သိုးကျောင်းသားကို မြင်မက်လျှင် အခက်အခဲများ တိုးပွားလာမည်ဖြစ်သော်လည်း နောက်ဆုံးတွင် မုချအောင်မြင်မည်။
- ၀ သိုးမွေး၊ သိုးမွေးချည်ကို မြင်မက်ပါက အလွန်ကံကောင်းသည်။
- ၀ သိုးထီးကို မြင်မက်လျှင် မကောင်း အညွှန်းရှိသည်။
- ၀ သော့ခလောက်ကို မြင်မက်လျှင် အနှောင့်အယှက်တစ်ခုခုကြုံမည်။
- ၀ သော့ပေါက်ကို မြင်မက်လျှင် မကောင်း၊ ဆုံးရှုံးမှုမှ ခိုက်ရန်ဖြစ်ပွားမှုအထိ ရောက်ရှိမည်။
- ၀ သော့ပျောက်နေသည်ဟုမက်လျှင် အညွှန်းရှိသည်။ သော့ကို တစ်စုံတစ်ဦးသို့ ပေးလိုက်သည်ဟုမက်လျှင် အိမ်တွင်းရေး သာယာမည်။
- ၀ သောက ရောက်နေသည်ဟု မက်ပါက ကံကောင်းသည်။
- ၀ သွားပွတ်တံကို မက်လျှင် အချိန်တိုအတွင်း ဆုတောင်းပြည့်မည်။
- ၀ သန္တာကျောက်ကို ဝတ်ဆင်ရမည်ဟု မက်လျှင် ကွဲကွာနေသော မိတ်ဆွေဟောင်း ချစ်သူဟောင်းနှင့် ပြန်ဆုံစည်းမည်။
- ၀ သေတ္တာကြီးကို မြင်မက်ပါက အထဲတွင် ဘာမှ မရှိလျှင် စိတ်ပျက်စရာများ ကြုံတွေ့မည်။ တစ်စုံတစ်ခု ရှိပါ ကံကောင်းမည်။
- ၀ သင်းထောက် ဘုန်းတော်ကြီး (ခရစ်ယာန်) ကို မြင်မက်ပါက အခက်အခဲများ ခိုက်ရန်ဖြစ်ပွားခြင်းများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်။
- ၀ သွားစိုက်ဆရာကို မြင်မက်လျှင် နေမကောင်းဖြစ်မည်။
- ၀ သဲကန္တာရကို မြင်မက်လျှင် မိမိကိုယ်တိုင် ပျိုးထောင်လာသော အလုပ်အကြံအစည်များ အခက်အခဲတွေ့မည်။

- သွေးကြော၊ သွေးလွှတ်ကြောကို မြင်မက်ပါက ကျန်းမာရေး ညံ့မည်။
- သွေးထွက်သည်ကို မြင်မက်ပါက အလွန်ကံဆိုးသည်။
- သွေးစုပ်ဖုတ်ကောင်ကို မြင်မက်လျှင် ကံဆိုးသည်။ မကောင်းသော နိမိတ်ဖြစ်သည်။

□

# ဟ

○ ဟင်းသီးဟင်းရွက်ကို မြင်မက်လျှင် ခက်ခဲပင်ပန်းစွာ လုပ်ဆောင်သော်လည်း အကျိုးခံစားရရှိမှု နည်းပါးမည်။

○ ဟိုတယ်ကို မက်လျှင် ကံမကောင်း၊ ဟိုတယ်တွင် တည်းခိုနေသည်ဟုမက်လျှင် ကံဆိုးမည်။

○ ဟောပြောနေသည်ကို မြင်မက်လျှင် မိမိအကြံအစည်များ မအောင်မြင်နိုင်သော်လည်း လူနေမှုအဆင့်အတန်း မြင့်မားမည်။

○ ဟင်္သာငှက်ကို မြင်မက်လျှင် အကြံအစည် အောင်မြင်မည်။

□

## အ

- အကြံဉာဏ်ပေးသည်ဟု မက်လျှင် မိမိကပေးသည်ဖြစ်စေ၊ မိမိကို ပေးသည်ဖြစ်စေ၊ ထိုသူသည် မိမိအတွက် မိတ်ဆွေစစ် မိတ်ဆွေမှန် ဖြစ်လိမ့်မည်။
- အက္ခရာစဉ် စာလုံးများကို မြင်မက်ပါက ဝေးကွာနေသော မိတ်ဆွေနှင့် ပြန်ဆုံမည်။
- အကြီးအကဲရာထူးကြီးသူကို မြင်မက်ပါက မင်္ဂလာကိစ္စများ ပေါ်ပေါက်မည်။ အိမ်ထောင်ကျမည်။
- အစေခံကို မြင်မက်ပါက လူနေမှုအဆင့်အတန်း အလျင်အမြန် မြင့်မားမည်။
- အချက်ပြမီးကို မြင်မက်ပါက မိမိအပေါ်ကျရောက်မည့် အန္တရာယ်ကို လွယ်ကူစွာ ရှောင်ရှားနိုင်မည်။
- အစွန်း၊ အကွက် ပေကျံသည်ကို မြင်မက်ပါက မကောင်းသော စိတ်ညစ်ရသော ခရီးတစ်ခု ထွက်ရမည်။
- အဆောက်အဦး ဆောက်လုပ်နေသည်ကို မြင်မက်လျှင် ဘဝ အပြောင်းအလဲကြုံပြီး အောင်မြင်မည်။ သေးငယ်သော အဆောက်အဦးဖြစ်လျှင် အောင်မြင်မှု အနည်းငယ်သာရရှိမည်။

- အင်္ကျီကော်လာကို မြင်မက်ပါက အချစ်ရေး ကံကောင်းမည်။
- အကြွေစေ့ကို မြင်မက်ပါက အားလုံး ပြည့်စုံမည်။ ငွေရောင် အကြွေကို မက်သည်ထက် ကြေးနီရောင် အကြွေကို မက်ပါက ပို၍ကံကောင်းသည်။ ရွှေရောင်အကြွေကို မက်လျှင် ငွေစက္ကူကဲ့သို့ပင် ကုသိုလ်ကံ ညံ့သည်။
- အခွံမာရေသတ္တဝါကို မြင်မက်ပါက အဝေးမှ မင်္ဂလာမရှိသော သတင်းစကား ကြားရမည်။
- အစွန်းထွက်နေသော ထောင့်ချိုးအစွန်းကို မြင်မက်ပါက မကောင်းသော အတားအဆီး အနှောင့်အယှက်များ ရှိမည်။
- အခွေ၊ အလိပ် စသည် တစ်ခုခုကို မြင်မက်ပါက မိမိပတ်ဝန်းကျင် ဘဝ၊ အခြေအနေ လုံးဝအပြောင်းအလဲ ဖြစ်ပေါ်မည်။
- အကြွေးများပေးရန် ရှိနေသည်ဟု မြင်မက်ပါ အဆင်ပြေ ကံကောင်းမည်။ အကယ်၍ အခြားသူက မိမိကို အကြွေးပြန်ပေးသည်ဟု မက်ပါက ဆုံးရှုံးမှု ကြုံတွေ့မည်။
- အချိုပွဲ၊ မုန့်အချိုစားသည်ဟု မက်ပါက အလွန်ကံကောင်းမည်။
- အနာပြည်တည်နေသည်ဟု မက်ပါက ကျန်းမာရေး ကောင်းမွန်မည်။
- အသက်ကြီးသူများကို မြင်မက်ပါက ကံကောင်းသည်။ သက်ကြီးဘိုးဘွားများကို မြင်မက်ပါက ပို၍ကံကောင်းသည်။
- အဝတ်အစား ဘက်ပြောင်းစွာ မြင်မက်ပါက ကံမကောင်း အခက်အခဲတွေ့ကြုံမည်။
- အမြင့်သို့ရောက်ရှိသည်ဟု မြင်မက်ပါက ကြီးမားသောအောင်မြင်မှု ရမည်။

○ အရူးဆောင်ကို မြင်မက်ပါက မိမိသည် အဆောက်အဦးထဲတွင် ရှိနေသည်ဆိုလျှင် ကံမကောင်း၊ အပြင်ဘက်တွင် ရှိနေသည် ဆိုသည် ကံကောင်းသည်။

○ အဒေါ်ဖြစ်သူကို မြင်မက်ပါက ငွေကြေးကိစ္စများ ပြေလည်မည်။

○ အရက်သေစာသောက်စားသည်ဟု မြင်မက်ပါက အလုပ်တာဝန်များ ပင်ပန်းကြီးစွာ လုပ်ဆောင်ရမည်။ ငွေကြေးဆုံးရှုံးမည်။

○ အရက်ကောင်တာကို မြင်မက်ပါက အများ၏ ကြည်ညိုလေးစားမှု ရရှိမည်။

○ အမဲသား စားရသည်ဟု မက်ပါက အကြီးအကဲချယ် မဟုတ်သော်လည်း ချမ်းသာမည်။

○ အလောင်းစင်ပေါ်တွင် မိမိလဲလျောင်းနေရသည်ကို မက်ပါက အောင်မြင်မှုများ ရရှိမည်။

○ အမွေပေးသည်ဟု မြင်မက်လျှင် မမျှော်လင့်ထားသော အကြောင်းအရာများမှ ငွေဝင်မည်။

○ အလွန်ချောမောလှပသော မိန်းကလေးကို မြင်မက်လျှင် အမျိုးသမီး အနှောင့်အယှက်ရှိသည်။ မိသားစု အိမ်တွင်းရေး အဆင်မပြေဖြစ်မည်။

○ အနက်ရောင်ကို မြင်မက်လျှင် ကံမကောင်း၊ အမဲရောင်နက်ကို မြင်မက်လျှင် အလွန်ညံ့သည်။

○ အလွဲလွဲအချော်ချော်ဖြစ်သည်ဟု မြင်မက်ပါက မိမိအာမခံထားသောကိစ္စများ မထင်မှတ်ဘဲ အဆင်ပြေမည်။

○ အပြာရောင်ကို မြင်မက်လျှင် အောင်မြင်မှုများရမည်။ စီးပွားရေး အချစ်ရေး အဆင်ပြေမည်။

○ အထိုးခံရသည်ဟုမက်လျှင် မိတ်ဆွေ သူငယ်ချင်းများအလယ်တွင် မျက်နှာပွင့်လန်းမည်။
○ အပင်၏အပွင့်များကို မြင်မက်ပါက ပျော်ရွှင် အဆင်ပြေမည်။
○ အသား၊ အရိုး စသည်ကို မက်လျှင် ဆင်းရဲမည်။ လူ၏အရိုးကို မြင်မက်လျှင် မိမိပိုင်ဆိုင်မှုတိုးပွားမည်။
○ အာဒမ်နှင့် ဧဝ မှ မိမိကို စကားပြောမည်ဟု မြင်မက်လျှင် အတိုင်းထက်အလွန် ကံကောင်းသည်။
○ အာဖရိကကို မြင်မက်ပါက မမျှော်လင့်ဘဲ တိုးတက်မှုများ ရှိမည်။
○ အသက်ရှူ ရပ်သွားသည်ဟု မက်ပါက အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။
○ အမွေးအမျှင်များကို မြင်မက်ပါက အုပ်စုလိုက်အောင်မြင်မည်။
○ အသားပြုတ်ရည်၊ စွပ်ပြုတ်ရည်ကို မြင်မက်ပါက ကံကောင်းမည်။ အောင်မြင်မည်။
○ အတွင်းကြေအဏ်ရာကို မြင်မက်ပါက ကျန်းမာရေး ချို့ယွင်းမည်။ ဝေဒနာ ပြင်းထန်မည်။
○ အညိုရောင်ကို မြင်မက်လျှင် မိမိယုံကြည်စိတ်ချထားသူက သစ္စာဖောက်လိမ့်မည်။ အထုပ်အပိုးများ သယ်ဆောင်လာသည်ဟု မြင်မက်လျှင် အခြားသူများအပေါ် မှီခိုအားထားမှု ပြုရတတ်သည်။
○ အမြောက်သံ ကြားရသည်ဟု မက်လျှင် စိတ်ညစ်စရာ ဒေါသ ဖြစ်စရာကြုံမည်။
○ အလိမ်ညာခံရသည်ဟု မက်ပါက ကံကောင်းမည်။
○ အဝတ်အစား ပေါများသည်ဟု မက်ပါက မကြာမီ အခက်အခဲ တွေ့မည်။ အဝတ်အစား မပြည့်စုံဘဲ၊ ဝတ်လစ်စလစ် ဖြစ်နေသည် ကို မြင်မက်ပါက မကြာမီ အောင်မြင်မှု ရတော့မည်။

၁ အလောင်းထည့်သည့် အခေါင်းကို မြင်မက်လျှင် အချစ်ဆုံး သူငယ်ချင်း နာမကျန်းဖြစ်ပြီး သေကံရှိသည်။

၁ အရောင်အသွေး စုံလင်စွာရှိသည်ဟု မြင်မက်လျှင် မိမိ အလုပ် တာဝန်များအောင်မြင်မည်။ အဖြူရောင်သည် အစဉ်အမြဲ အောင် မြင်မှုကို ဆောင်သည်။ အနက်ရောင်သည် နိမိတ်မကောင်း၊ ကြိုးစားရုန်းကန်ရလိမ့်မည်။ အပြာရောင်နှင့် ခရမ်းရောင်သည် အချစ်ရေးတွင် အောင်မြင်ကံကောင်းမည်ဟု ဆိုသည်။ အနီရောင် နှင့် ကြက်သွေးရောင်သည် ခိုက်ရန်ဖြစ်ပွားမည်။ သူငယ်ချင်း ဆုံးရှုံးမည်ဟု ရည်ညွှန်းသည်။ အဝါရောင်နှင့် လိမ္မော်ရောင်သည် စိတ်နေစိတ်ထားနှင့် ပတ်သက်သည်။ အစိမ်းရောင်သည် ခရီးကို ရည်ညွှန်းသည်။ ဝေးကွာသော အရပ်မှ သူများနှင့် အတူတွဲ၍ အလုပ်လုပ်ရမည်။

၁ အမိန့်ပေးသည်ကို မြင်မက်လျှင် မိမိကပေးသည်ဖြစ်စေ၊ မိမိကို ပေးသည်ဖြစ်စေ ပြဿနာအခက်အခဲများကြုံတွေ့မည်။

၁ အလံကိုင် ဗိုလ် (မြင်းတပ်)ကို မြင်မက်လျှင် မိသားစုတွင်း ခိုက်ရန်ဖြစ်မည်။

၁ အသားမာတက်နေသည်ကို မြင်မက်ပါက အလုပ်စီးပွားကံကောင်း မည်။

၁ အတုပြုလုပ်ထားသည့် တစ်စုံတစ်ခုကို မြင်မက်ပါက အရင်းနှီးဆုံး သူငယ်ချင်းက မိမိထံမှ အကူအညီတောင်းခံလိမ့်မည်။

၁ အထင်အမြင် လွဲမှားသည်ဟု မြင်မက်ပါက ပျော်ရွှင်မှု၊ အဆင် ပြေမှု၊ အောင်မြင်မှုများ ရရှိမည်။

၁ အမှောင်မည်းမည်းထဲတွင် ရောက်နေသည်ဟု မြင်မက်ပါက ရှေ့တွင် ပြဿနာများ ကြုံတွေ့ရတော့မည်။ အမှောင်ထဲတွင်ထိခိုက်

မိသည်။ လဲပြိုကျသည်ဟုမက်လျှင် အဆိုးများကို ပြောင်းလဲပစ်နိုင်မည်။ အမှောင်ထဲမှ အလင်းသို့ ရောက်သွားသည်ဟုမက်လျှင် အကျပ်အတည်းများကို အောင်မြင်စွာ ရင်ဆိုင်နိုင်မည်။

○ အပြင်းဖျား ကယောင်ကတမ်း ဖြစ်နေသည်ဟု မက်ပါက အတွင်းရေး လျှို့ဝှက်ချက်များမှ ပြဿနာပေါ်မည်။ အကယ်၍ အခြားတစ်စုံတစ်ဦး အပြင်းဖျားနေသည်ကို တွေ့မြင်ရသည်ဟု မက်ပါက မိမိအား တိတ်တဆိတ် ကူညီမည့်သူ ပေါ်မည်။

○ အဘိဓာန်ကို မြင်မက်ပါက ခိုက်ရန်ဖြစ်ပွားမည်။ မိတ်ဆွေဆုံးရှုံးမည်။

○ အပျက်အစီးများကို မြင်မက်ပါက လုပ်ငန်းစီးပွား အစစအရာရာ အဆင်ပြေမည်။

○ အလုပ်ဖြုတ် ခံရသည်ဟု မက်ပါက အလုပ်ရာထူး တိုးတက်မည်။

○ အငြင်းအခုန် ဖြစ်ရသည်ဟု မက်ပါက အစပိုင်းတွင် အနှောင့်အယှက် အနည်းငယ် တွေ့ကြုံရသော်လည်း နောက်ဆုံး၌ အောင်မြင်မည်။

○ အရက်မူးပြီး မထိန်းသိမ်းနိုင်အောင် ဖြစ်နေသည်ဟု မြင်မက်ပါက ငွေကြေးပြဿနာပေါ်ပေါက်မည်။ အရက်မူးနေသူကို တွေ့ရှိရသည်ဟု မက်ပါက ငွေကြေးဆုံးရှုံးလိမ့်မည်။

○ အထည်သည်ကို မြင်မက်ပါက မိမိအခက်အခဲများသည် အချိန်တိုအတွင်း ပြေလည်သွားမည်။

○ အရှေ့အရပ်၊ အရှေ့တိုင်းကို မက်ပါက ဆွေမျိုးသားချင်းများနှင့် ခရီးရှည်သွားရမည်။

○ အစာစားနေသည်ကိုမြင်မက်ပါက ကံမကောင်းပါ။ မိသားစုခိုက်ရန် ဖြစ်ပွားမည်။ အခြားသူများ စားသောက်နေသည်ကို မြင်မက်ပါက မိမိကို ကောင်းကျိုးပြုမည့် မိတ်ဆွေစစ်နှင့် တွေ့မည်။

- အခွန်မှူး၊ အခွန်အရာရှိ စသူကို မြင်မက်ပါက မြင့်မားသော ရာထူးကြီးကြီးမားမား ရရှိမည်။ မိန်းကလေးဖြစ်ပါက မိသားစု၏ ဦးဆောင်သူ ဖြစ်မည်။
- အလွန်အကျွံ သုံးစွဲသည်ဟု မက်ပါက မိမိပတ်ဝန်းကျင်နှင့် အိမ်တွင်းရေး ပျော်ရွှင်မည်။
- အငတ်ဘေး ကြုံသည်ဟု မြင်မက်ပါက မိမိဘဝ အဆင်ပြေ ကောင်းမွန်မည်။
- အလံကို မြင်မက်ပါက အရောင်အသွေးကို လိုက်၍ အဓိပ္ပာယ် အမျိုးမျိုး ဖွင့်ဆိုကြသော်လည်း များသောအားဖြင့် ချမ်းသာကြွယ်ဝ မှုနှင့် ပြီးပြည့်စုံမှုကို ရည်ညွှန်းသည်။
- အသုဘအခမ်းအနားကို မြင်မက်ပါက ထိခိုက်နစ်နာခြင်းကင်းဝေး မည်။ အရာရာ အောင်မြင်မည်။
- အနုပညာပြခန်းကို မြင်မက်လျှင် စိုးရိမ်ပူပန်ရမှုများကို ကျော်ဖြတ် နိုင်မည်။
- အကျဉ်းထောင်မှ လွတ်သည်ဟု မက်လျှင် အလွန်ကြီးမားစွာ ကံကောင်းသည်။
- အစားကြီးသူကို မက်လျှင် ဆင်းရဲဒုက္ခရောက်မည့် အန္တရာယ် ရှိသည်။
- အသံချဲ့စက်ကို မြင်မက်လျှင် ဝေးကွာသောအရပ်မှ ပျော်ရွှင်ဖွယ် သတင်းစကား ကြားရမည်။
- အမှုန့်ကြိတ်သည်ကို မြင်မက်ပါက အိမ်တွင်းရေး အခက်အခဲ ရှိမည်။ စိတ်ညစ်ရမည်။ နေမကောင်းဖြစ်မည်။
- အဝတ်ပုခက်ကို မြင်မက်ပါက ဆုံးရှုံးမှုများ ကြုံတွေ့မည်။

○ အသုဘကားကို မြင်မက်ပါက မီးဘေးအန္တရာယ်ရှိသည်။ အရေးကြီးသော အပြောင်းအလဲများ အချိန်တိုအတွင်း ပေါ်ပေါက်မည်။

○ အသံကွဲအက်နေသည်ဟု မက်လျှင် ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိမည်။

○ အလျှင်စလိုဖြစ်နေသည်ဟု မက်လျှင် မီးဘေးအန္တရာယ်၊ မတော်တဆထိခိုက်မှု အန္တရာယ်ရှိသည်။

○ အရူးကဲ့သို့ဖြစ်သည်ဟု မက်လျှင် အခြားသူများက မိမိအပေါ် လွှမ်းမိုးချုပ်ကိုင် လိမ့်မည်။

○ အမွှေးတိုင်ကို မြင်မက်လျှင် ကံကောင်းသည်။ ဘုရားရှိခိုးကျောင်းတွင် အမွှေးတိုင်ကို နီးနီးကပ်ကပ် မြင်မက်လျှင် မည်မျှခက်ခဲနေပစေ အဆုံးတွင် အောင်မြင်မှုရမည်။

○ အကျဉ်းထောင်ကို မြင်မက်လျှင် ကံဆိုးသည်။

○ အသည်းရောင်၊ အသားဝါဖြစ်သည်ဟု မြင်မက်လျှင် ကျန်းမာရေးညံ့သည်။

○ အသားတစ်၊ အသားတုံးကို မြင်မက်လျှင် ကံကောင်းသည်။ ကိုယ်တိုင်ချက်ပြုတ် စားသောက်နေသည်ဟု မက်လျှင် လူနေမှုအဆင့်အတန်း နိမ့်ကျနိုင်သည်။

○ အမှတ်တရပစ္စည်းတစ်ခုခုကို မြင်မက်လျှင် ကံကောင်းသည်။ သူငယ်ချင်းက မိမိထံမှ အမှတ်တရပစ္စည်း တစ်ခုခုတောင်းသည်ဟုမက်လျှင် မိမိ ကံနိမ့်သည်။

○ အကန်ခံရသည်ဟု မက်ပါက မကောင်းပါ။ ရန်များမည်။ သို့သော် မိမိက အခြားသူကို ကန်သည်ဟု မက်လျှင် ကောင်းသောသင်္ကေတဖြစ်သည်။

○ အသေးအဖွဲ၊ အသုံးအဆောင်လေးများကို မြင်မက်လျှင် အိမ်တွင်းရေး အဆင်မပြေ ခိုက်ရန်ဖြစ်ပွားမည်။

- ၁　အသုဘာ ခေါင်းလောင်း ထိုးသည်ကို မြင်မက်လျှင် မိမိအတွက် တောက်ပပျော်ရွှင်ချိန်သို့ရောက်ပြီဖြစ်သည်။
- ၁　အမွေအနှစ် ရရှိသည်ဟု မက်လျှင် ကံကောင်းသည်။
- ၁　အသက်ကယ်လှေကို ကမ်းခြေတွင်ရှိသည်ဟု မြင်မက်လျှင် အခက်အခဲ တွေ့မည်။ ပင်လယ်ထဲတွင်ရှိသည်ဟု မက်လျှင် ငြိမ်းချမ်းပြီး ဘဝလုံခြုံမည်။
- ၁　အလင်းရောင်ကို မြင်မက်လျှင် ကံကောင်းသည်။ အလင်းရောင် မှိန်သွားသည်။ သို့မဟုတ် ပိတ်သွားသည်ဟု မက်လျှင် ကံဆိုးသည်။
- ၁　အနာကပ် ပွမ်းစကို မြင်မက်လျှင် ယူကြုံးမရ နှောင်တရမှုများ ကြုံတွေ့မည်။
- ၁　အသည်းကို စားရသည်ဟု မက်လျှင် ကျန်းမာမည်။
- ၁　အစုလိုက် အပြုံလိုက် သတ်သည်ကို မြင်မက်လျှင် မိသားစုတွင် စိတ်ညစ်စရာ အခက်အခဲများ ကြုံမည်။
- ၁　အဆောင်လက်ဖွဲ့ စသည်ကို မက်လျှင် မိမိကို မနာလိုသော အမျိုးသမီးတစ်ဦးက ရန်လုပ်မည်။ မဖျော်လင့်သော သတင်းစကားများက မိမိ၏အနာဂတ် အလားအလာကို ပြောင်းလဲစေမည်။
- ၁　အလုပ်ရှင်၊ အထက်လူကြီးကို မြင်မက်လျှင် မိမိအောင်မြင်မှု ရရှိတော့မည့် နိမိတ်ဖြစ်သည်။
- ၁　အစားသွတ်မုန့်ကို မြင်မက်လျှင် သာမန်တခြားအချိန်များတွင် မြင်မက်လျှင် သိပ်မထူးခြားသော်လည်း၊ ခရစ်စမတ်ပွဲတော်နီးချိန်တွင် မြင်မက်လျှင် အလွန်ကံကောင်းသည်။

○ အရော်ခွဲလဲသည်။ အတောင်လဲသည်ကို မြင်မက်လျှင် အခွင့်အလမ်းသစ်၊ ဆက်သွယ်မှုသစ်များ ရရှိမည်။

○ အတီးအမှုတ် ပြုလုပ်နေသည်ဟုမက်လျှင် မိမိဘဝ ရုတ်တရက်ပြောင်းလဲမည်။ မိမိသည် ကြေးစား (သို့) အပျော်တမ်း အတီးအမှုတ်သမားစစ်စစ် ဖြစ်သည်ဟု မက်လျှင် အခြားနေရပ်သို့ ပြောင်းလဲမည်။

○ အချုပ်အလုပ် လုပ်နေသည်ဟု မက်လျှင် ယုံကြည်ထားသူက သစ္စာဖောက်မည်။

○ အခွံမာသော အသီးများကို မြင်မက်လျှင် အချိုပွဲတွင်ဖြစ်စေ၊ အပင်ပေါ်တွင်ဖြစ်စေ မြင်ရသည်ဟုမက်လျှင် ကံကောင်းသည်၊ မိမိ၏ အရေးကြီးသော လိုလားတောင့်တချက်များ ပြည့်စုံမည်။

○ အခွံမာသီး၏အခွံကို မက်လျှင် ဩဇာအရှိန်အဝါ တိုးတက်ကောင်းမွန်မည်။

○ အပေါ်ဝတ်အင်္ကျီရှည်ကို မြင်မက်လျှင် ကြီးမားသော အခက်အခဲကြုံတွေ့မည်။

○ အလှအပ အဆင်တန်ဆာများကို မြင်မက်လျှင် အခက်အခဲ အကျပ်အတည်း ကြုံမည်။

○ အခမ်းအနား လှည့်လည်သည်ကို မြင်မက်လျှင် တရားရုံးနှင့် ပတ်သက်သော ကိစ္စများ ရင်ဆိုင်ရမည်။

○ အမိုးဆင်ဝင်ကို မြင်မက်လျှင် စိုးရိမ်ပူပန်ရမည်။ အန္တရာယ်ကျရောက်မည်။

○ အပေါင်ခံသည်ဟုမက်လျှင် ဆုံးရှုံးမှုကြီးမားမည်။ သစ္စာဖောက်ခြင်း ခံရမည်။

○ အငြိမ်းစား ယူသည်ဟု မက်လျှင် မိမိလိုအင်ဆန္ဒများ ဆုံးဖြတ်ချက်များ အထူးသတိထားရမည်။

○ အမျိုးသမီးဝတ်အတွင်းခံကို မြင်မက်လျှင် ဘဝင်မြင့် မာနကြီးခြင်း၊ အပျော်ကြူးခြင်း စသည် အနှောင့်အယှက်ရှိသည်။

○ အဆိပ်ကို မိမိယူဆောင်လာသည်ဟု မက်လျှင် မိမိယုံကြည်ရသူ၏ မရိုးသားမှုကြောင့် ငွေကြေးဆုံးရှုံးမည်။ မိမိက အဆိပ်ကိုကာကွယ်လိုက်သည်ဟု မက်ပါက အခက်အခဲများ ကျော်လွှားနိုင်မည်။

○ အသနားခံသည်ဟု မက်လျှင် မိမိ၏ယုံကြည်မှုခွန်အားများဖြင့် အခြားသူများကို ဦးဆောင်နိုင်မည်။

○ အဝတ်ထည့်ဗီရိုကို မြင်မက်လျှင် အိမ်တွင်းရေး သာယာပျော်ရွှင်မည်။

○ အဝတ်စုတ်ကို မြင်မက်လျှင် ကံဆိုးသည်။

○ အပြေးပြိုင်ပွဲကို မြင်မက်လျှင် အနှောင့်အယှက်များ ထပ်ခါတလဲလဲ ကြုံတွေ့မည်။

○ အပြစ်ပေးခံရသည်ဟု မက်လျှင် မမျှော်လင့်ဘဲ ပျော်ရွှင်မှုရမည်။

○ အပျော်ကြူးသည်ဟု မြင်မက်လျှင် ကူသိုလ်ကံမကောင်းခြင်း၏ ရှေ့ပြေးဖြစ်သည်။

○ အခြစ်ရာ၊ အစင်းရာများ ခန္ဓာကိုယ်ပေါ်တွင် ထိခိုက်မိပြီးကျန်ရှိသည်ဟု မြင်မက်လျှင် ကံကောင်းသောနိမိတ် ဖြစ်သည်။ ယုံကြည်သူများက သစ္စာဖောက်သည်။

○ အသားမီးကင်သည်ဟု မက်လျှင် ချစ်ခင်ကြင်နာမှုရှိသော ပြောဆိုဆက်ဆံမှုများ ခံစားရမည်။

○ အမိကရုဏ်း ဖြစ်ပွားသည်ဟု မက်ပါက ငွေကြေးဆုံးရှုံးမည်။

○ အမှိုက်သရိုက်များကို မြင်မက်လျှင် အလွန်တန်ဖိုးကြီးသော အရာများ ရှာဖွေတွေ့ရှိမည်။

○ အလောင်းကို အဝတ်ဖြင့် ဖုံးထားသည်ကိုမြင်မက်လျှင် မင်္ဂလာရှိသော သတင်းကြားရမည်။

- အရိုးစုကို မြင်မက်လျှင် အိမ်တွင်းရေး အဆင်မပြေ ဖြစ်မည်။
- အရိုပ်ကို တွေ့ရသည်ဟု မြင်မက်ပါက ငွေကြေးစီးပွား အကျိုးအမြတ် ရရှိမည်။
- အဆေးကြည့်မှန်ပြောင်းကို မြင်မက်လျှင် မိမိ၏အနည်းငယ်သော အခက်အခဲကို ချဲ့ကားထင်မြင်နေမည်။
- အမဲအူကို မြင်မက်လျှင် လုပ်ငန်းတွင်းမှ ယှဉ်ပြိုင်ဘက်များက မိမိနေရာကို လုယူရန် ကြိုးစားလိမ့်မည်။
- အရိုးပြာအိုးကို မြင်မက်ပါက မိသားစု ဂုဏ်ယူဝမ်းမြောက်ဖွယ်ရာ ကြီးမားသော အွဲ့ထူး ဂုဏ်ထူးရရှိမည်။
- အကြမ်းဖက်မှုတစ်ခုခုကို ကြုံတွေ့ရသည်ဟု မြင်မက်ပါက မိမိအဆင့်အတန်း အခြေအနေ မြင့်မားမည်။
- အလည်အပတ်သွားသည်ဟု မက်လျှင် မိမိအကြံအစည်များ အနှောင့်အယှက်တွေ့မည်။ မိမိထံလာရောက်လည်ပတ်သည်ဟု မက်လျှင် သာယာပျော်ရွှင်မှုရမည်။
- အလေးချိန် ချိန်တွယ်သည်ကို မက်ပါက အခြေအနေသစ် အလုပ်သစ်များ ပေါ်မည်။
- အနှောက်အခက်ကျသော အရပ်ဒေသကို မြင်မက်လျှင် ခရီးဝေးသွားရမည်။
- အာမခံတံဆိပ် အမှတ်အသားကို မြင်မက်လျှင် မိမိအသိထဲမှ မလိုတစ်မျိုး လိုတစ်မျိုး ပြောတတ်သူများက မိမိသိက္ခာကျရန် စော်ကားပြောဆိုလိမ့်မည်။
- အားကစား လှုပ်ရှားမှုတစ်ခုခုကို မြင်မက်လျှင် လုံလောက်သော ကြိုးစားအားထုတ်မှု မရှိခြင်းကြောင့် မိမိလုပ်ငန်းများ ဆုံးရှုံးမည်။

- အရုဏ်ဦးကို မြင်မက်ပါက ဒေါသဖြစ်ရခြင်း ဖိအားပေးခံရခြင်း၊ လှိမ့်ညာခံရခြင်းများ ကြုံတွေ့မည်။
- အာရပ်စော်ဘွားကို မြင်မက်ပါက အခက်အခဲကြုံတွေ့မည်။
- အာလူးကို မြင်မက်လျှင် မိမိအတွက် မကောင်းသောဖြစ်ရပ်များက ကောင်းသော ဖြစ်ရပ်များထက် ပိုများပြားနေမည်။
- အောင်ပွဲတစ်ခုခုကို မြင်မက်လျှင် ဆုံးရှုံးမှုများ ကြုံတွေ့မည်။ အခြားသူများ၏ ရန်ပွဲတွင် ဝင်မပါပါနှင့်။
- အန်သည်။ အန်ထုတ်သည်ဟု မက်ပါက ဆင်းရဲသူက မက်လျှင် ချမ်းသာမည်။ ချမ်းသာသူက မက်လျှင်ထိခိုက်နာကျင်မှုဖြစ်မည်။
- အုတ်အော်သောင်းနင်း ဖြစ်သည်ဟု မက်လျှင်အချိန်ကြာကြာ စောင့်ဆိုင်းခဲ့ရသော မိမိလိုအင်ဆန္ဒများ မကြာမီ ပြည့်ဝမည်။
- အိမ်ခေါင်မိုး၊ အမိုးကို မြင်မက်လျှင် ချမ်းသာကြွယ်ဝမည်။
- အပ်ချည်လုံးကို မြင်မက်လျှင် အောင်မြင်မှုရရန် နှေးကွေးမည်၊
- အန္တရာယ်မှ ကယ်တင်သည်ဟုမက်လျှင် မကောင်းသော နိမိတ်ဖြစ်သည်။ ရေကြောင်းခရီးသွားလာမှု ရှောင်ပါ။
- အပ်စူးမိသည်ဟုမက်လျှင် ချစ်ခင်သူထံမှ လက်ဆောင်ပစ္စည်း ရမည်။
- အုန်းပင်ကို မြင်မက်လျှင် စီးပွားရေးလုပ်ငန်းများ အောင်မြင်မည်။
- အော်ပရာပြဇာတ် ကြည့်ရသည်ဟု မက်လျှင် အောင်မြင်မှုရရန် အလှမ်းဝေးမည်။
- အော်ဂင်တီးရသည် ကြားရသည်ဟု မက်ပါက ကံကောင်းမည်။
- အင်္ဂတေကို မြင်မက်လျှင်၊ စွပ်စွဲခံရမည်။ အင်္ဂတေများ အိမ်နံရံမှ ကွာကျနေသည်ကို မက်လျှင်မိသားစုတွင် ပြဿနာ အခက်အခဲများ ကြုံတွေ့မည်။

○ အိပ်မက်ဆိုးမက်ခြင်းဖြစ်လျှင် ယုံကြည်ရသူတစ်ဦး၏ သစ္စာဖောက်ခြင်း ခံရမည်။
○ အိုအေစစ်ကို မြင်မက်လျှင် အမြဲတမ်း မှီခိုအားထားနိုင်သော သူငယ်ချင်းကောင်းနှင့် တွေ့မည်။
○ အက်စတာပန်းပင်ကို မြင်မက်ပါက ပျော်ရွှင်မှုများ မကြာမီ ခံစားရမည်။
○ အန်စာတုံးကို မြင်မက်ပါက အခက်အခဲများကို ကျော်လွှန်နိုင်ပြီး အောင်မြင်မှု အနည်းငယ် ရမည်။
○ အန်စာတုံး ကစားနေသည်ဟု မြင်မက်ပါက မိမိအတွက် ကုသိုလ်ကံ အလှည့်အပြောင်းပေါ်မည်။
○ အိပ်ရာခင်း၊ အိပ်ရာဖုံးကို မြင်မက်ပါက မတော်တဆ ထိခိုက်မှု ဖြစ်မည်။
○ အစ်ကိုဖြစ်သူကို မြင်မက်လျှင် အိမ်တွင်းရေး ပျော်ရွှင်မည်။
○ အိပ်ရာကို မြင်မက်လျှင် မမျှော်လင့်ဘဲ လုပ်ငန်းများ အဆင်ပြေမည်။
○ အိပ်ခန်းကို မြင်မက်ပါက မိမိပတ်ဝန်းကျင်တွင် မျက်နှာပွင့်လန်းမည်။
○ အိတ်၊ လွယ်အိတ်ကို မြင်မက်ပါက အစစအရာရာ အဆင်ပြေမည်။
○ အိမ်ထောင်ကျသည်ဟု မက်လျှင် နာမကျန်းဖြစ်မည်။ ကံဆိုးမည်။ မင်္ဂလာပွဲတွင် ကူညီလုပ်ကိုင်ပေးနေသည်ဟု မက်လျှင် အရေးမကြီးသော သတင်းစကားကြားရမည်။
○ အိမ်မြှောင်ကို မက်လျှင် သစ္စာဖောက်ခြင်း ခံရမည်။ သစ္စာမဲ့မှု ကြုံမည်။

○ အိမ်ဖော်အဝတ်အစားကို မြင်မက်လျှင် စိတ်အနှောင့်အယှက် အနည်းငယ်ရှိသော်လည်း အောင်မြင်မည်။
○ အိန္ဒိယလူမျိုး၊ အိန္ဒိယနိုင်ငံကိုမြင်မက်လျှင် ထူးဆန်းစွာ ပျော်ရွှင်မှုများခံစားရမည်။
○ အင်း၊ တည်းခိုခန်းကို မြင်မက်လျှင် ကောင်းသော သင်္ကေတ ဖြစ်သည်။ ပွဲလမ်းသဘင် တစ်ခုမှ လက်ဆောင် ရရှိမည်။
○ အိမ်နီးနားချင်းများကို မြင်မက်လျှင် ကုသိုလ်ကံ လွဲချော်ပြီး စီးပွားရေး ဆုံးရှုံးမည်။
○ အပ်၊ ချုပ်အပ်ကို မြင်မက်လျှင် စိတ်ပျက်အားငယ်စရာများ ကြုံမည်။ မိမိကိုယ်ကိုအပ်ဖြင့် ထိုးမိသည်ဟု မက်လျှင် အကြီးအကျယ် စိတ်ညစ်ရမည်။
○ အောင်သပြေကို မြင်မက်လျှင် ကံကောင်းသည်။ ဆွေမျိုးများထံမှ ငွေဝင်မည်။ သူငယ်ချင်းထံမှ မမျှော်လင့်ဘဲ လက်ဆောင်ရမည်။
○ အိုးကို မြင်မက်လျှင် စိတ်ညစ်ရမည်။ အကြံအစည်ပျက်မည်။
○ အိုးစည်ကို မြင်မက်လျှင် စိုးရိမ်ပူပန်ရမည်။ အကျပ်အတည်းနှင့် ရင်ဆိုင်ရမည်။
○ အူသိမ်၊ အူမကို မြင်မက်ပါက စိုးရိမ်ဖွယ်ရာ နာမကျန်းဖြစ်မည်။
○ အိမ်ဖော်အမျိုးသမီးကို မြင်မက်လျှင် စိတ်ပင်ပန်း စိတ်အနှောင့် အယှက်ဖြစ်မည်။
○ ဩဇာအာဏာရှိသော ပုဂ္ဂိုလ်တစ်ဦးဦးနှင့် စကားပြောဆိုရသည်ဟု မြင်မက်လျှင် အုပ်စုလိုက် အောင်မြင်မှုရမည်။ ငွေကြေးနှင့် မပတ်သက်သော ပုဂ္ဂိုလ်ရေးအောင်မြင်မှု ဖြစ်သည်။
ဦ ဦးချိုပါရှိသော အရာတစ်ခုခုကို မြင်မက်လျှင် ဂုဏ်သိက္ခာ၊ အခွင့်အာဏာ ခမ်းနားကြီးကျယ်မှုများ ရရှိပိုင်ဆိုင်နိုင်မည်။

၁ ဦးဆောင်လမ်းညွှန်မှု ပြုနေသည်ဟု မြင်မက်လျှင် မိမိအခက်အခဲများကို မိတ်ဆွေကောင်းများက ကူညီဖြေရှင်းပေးလိမ့်မည်။

၀ ဧည့်သည်လာသည်ဟု မက်လျှင် ကံမကောင်း၊ ဧည့်သည်များလေလေ ပို၍ ကံဆိုးလေ ဖြစ်မည်။

၀ ဥယျာဉ်သည်လှပဝေဆာနေသည်ဟု မြင်မက်လျှင် အလွန်ကံကောင်းသော နိမိတ်ဖြစ်သည်။

၀ ဥပုသ်စောင့်သည်ဟု မြင်မက်လျှင် ဝမ်းမြောက်အားတက်ဖွယ် အချိန်ရောက်ရှိလိမ့်မည်။

၀ ဥများကို မြင်မက်လျှင် ငွေဝင်မည်။ ကွဲနေသော ဥများကို မြင်မက်လျှင် ငွေကြေးဆုံးရှုံးမည်။

၀ ဥသြငှက်ကို မြင်မက်ပါက အချစ်ရေး၊ အိမ်ထောင်ရေး ကံကောင်းပါ၏။

၀ ဧည့်သည်များ မိမိဘေးနားတွင် ဝန်းရံလျက် ရှိသည်ဟု မြင်မက်လျှင် မကောင်းသော နိမိတ်ဖြစ်သည်။ စီးပွားရေး အခက်တွေ့မည်။

၀ ဦးခေါင်းခွံကိုမြင်မက်လျှင် အရေးကြီးသော ညှိနှိုင်းမှုများ ပြုလုပ်ရမည်။

၀ ဥစ္စာဓနများပြားစွာ ရှိသည်ဟု မြင်မက်လျှင် အမှန်တကယ်တွင် ကုသိုလ်ကံဆိုးမည်။

၀ ဥဒေါင်းငှက်ကို မြင်မက်လျှင် အကြံအစည်ပျက်မည်။ ကျရှုံးမည်။ သို့သော် လယ်သမားများအတွက် ကောက်ပဲသီးနှံ အထွက်တိုးမည့် နိမိတ်ဖြစ်သည်။

□